# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**


၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၅ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၁၉ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၂၂၉)




အကြိမ် (၇၀) ပြည့်တိပိဋကဓရ၊ တိပိဋက ကောဝိဒရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်သူမြတ် ၈၈ ပါးတို့အား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ် ဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပစဉ်။ သတင်းစဉ်

# အကြိမ် (၇၀)ပြည့် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် ၈၈ ပါးတို့အား ချီးကျူးပူဇော်

**ရန်ကုန် မေ ၁၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပခဲ့သော အကြိမ်(၇၀)ပြည့် တိပိဋကဓရ၊ တိပိဋက ကောဝိဒရွေးချယ်ရေး စာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်သူမြတ် ၈၈ ပါးတို့အား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ် ဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ တိပိဋကဓရ၊ တိပိဋက ကောဝိဒ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ဆရာတော်များ၊ စာထောက်စာမဆရာတော်များ၊ ပုစ္ဆာထုတ်ဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ ပင့်သံဃာတော်များ၊

*စာမျက်နှာ ၄ ကော်လံ ၁* ❒

## ကျောက်မျက်ရတနာပြပွဲ ဇွန်လတွင် နေပြည်တော်၌ ကျင်းပမည်

**နေပြည်တော် မေ ၁၈**

နိုင်ငံအတွင်းထွက်ရှိသော ကျောက်မျက်ရတနာ သယံဇာတများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ တူးဖော်ထုတ်လုပ်ရေး၊ ဈေးကွက်ရရှိရေးနှင့် သတ်မှတ်အခွန်အခများ ပေးသွင်းရေးတို့ကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်လျက်ရှိရာ ကျောက်မျက်ရတနာလုပ်ငန်းရှင်များကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်

*စာမျက်နှာ ၁၁ ကော်လံ ၅* ●



## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကနေဒါနိုင်ငံ ဗန်ကူးဗားမြို့ အခြေစိုက် မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန်နှင့် USAID, UNFPA တို့မှ ကိုယ်စားလှယ်အဖွဲ့တို့အား သီးခြားစီ တွေ့ဆုံ



စာမျက်နှာ - ၃

## ကမ်းဝေးငါးဖမ်းခွင့် ၂၀ ရာခိုင်နှုန်း ခွင့်ပြုပြီးနောက် ဟိုင်းကြီးကျွန်းတွင် ငါးဖမ်းရေယာဉ် ၁၇ စင်း ဖမ်းယူခွင့် ရရှိမည်

စာမျက်နှာ - ၉

## ဆီးရီးယား၌ အနိုင်ရရှိခဲ့မှုများကို ပူတင်နှင့် အာဆတ်တို့ အောင်ပွဲခံ

စာမျက်နှာ - ၁၄


SHWE PYI NANN

ရန့်သင်းကြိုင် နေပူဒဏ်ကာကွယ် ဝင်းပဖြူစင် ပူတင်းခရင်(မ်)

ရှင်မတောင်သနပ်ခါးအခေါက်နှင့် ဗီတာမင် E ကိုပေါင်းစပ်ထုတ်လုပ်ထား၍ အသားအရေတင်းရင်းနုပျိုချောမွတ်စေနိုင်ခြင်း၊ ဝက်ခြံနှင့် အရေပြားပြဿနာများကို ကာကွယ်သက်သာစေခြင်းတို့အပြင် SPF 20 ပါဝင်သောကြောင့် နေရောင်ခြည်မှာ ပါဝင်သည့် ခရမ်းလွန်ရောင်ခြည် အန္တရာယ်မှ ကာကွယ်ပေးနိုင်ပြီး နေလောင်ခြင်း၊ ညိုမည်းခြင်း၊ အသားအရေ ပျက်စီးခြင်းများ မဖြစ်စေဘဲ မျက်နှာနှင့် အရေပြားကို ပူတင်းသားလေးလို နူညက်ဖြူစင်ဝင်းပစေမည့် ရွှေပြည်နန်း အသားဖြူသနပ်ခါး ပူတင်းခရင်(မ်)။



# ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံ

ကုလသမဂ္ဂကို ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၅ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ ထိုအချိန်က စစ်နိုင်အင်အားကြီးနိုင်ငံများဖြစ်ကြသော အမေရိကန်နိုင်ငံ၊ ဆိုဗီယက်ပြည်ထောင်စု(ရုရှား)၊ဗြိတိန်၊ ပြင်သစ်နှင့် တရုတ်နိုင်ငံတို့အား ကမ္ဘာ့ရေးရာတို့၌ မပါမဖြစ်အရေးပါသော နိုင်ငံများအဖြစ်သတ်မှတ်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများအဖြစ် သတ်မှတ်ခဲ့ပါသည်။ ပစ္စုပ္ပန်ကမ္ဘာကြီး၏အခြေအနေသည် ၁၉၄၅ ခုနှစ် ကမ္ဘာ့အခြေအနေနှင့် နှိုင်းယှဉ်ပါက အပြောင်းလဲကြီး ပြောင်းလဲခဲ့ပြီ ဖြစ်ပါသည်။

ဒုတိယကမ္ဘာစစ်အပြီး စစ်ရှုံးနိုင်ငံဖြစ်ခဲ့သော ဂျပန်နိုင်ငံသည် ယခုအခါ စီးပွားရေးအရ ကမ္ဘာ့တတိယမြောက် အင်အားအကြီးဆုံးနိုင်ငံဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်၌ ဂျပန်နိုင်ငံနှင့်အတူ စစ်ရှုံးခဲ့သော ဂျာမနီနိုင်ငံသည်လည်း ယခုအခါ စီးပွားရေးအရ ကမ္ဘာ့စတုတ္ထမြောက်အင်အားအကြီးဆုံးနိုင်ငံဖြစ်၍ ဥရောပသမဂ္ဂ၏စီးပွားရေးကို အဓိကဦးဆောင်တွန်းအားပေးနေသည့် နိုင်ငံလည်း ဖြစ်ပါသည်။ ပစ္စုပ္ပန်ကာလ၌ ကမ္ဘာ့ဒုတိယမြောက် စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်နေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည်လည်း ဒုတိယကမ္ဘာစစ်အပြီးကာလ၌ လွတ်လပ်သောနိုင်ငံတစ်နိုင်ငံအဖြစ် စုစုစည်းစည်း ရပ်တည်နိုင်ရန် ရုန်းကန်ကြိုးပမ်းနေရဆဲ၊ ဖွံ့ဖြိုးမှုဆုပ်ကိုင်နိုင်ရန် ကြိုးပမ်းနေရဆဲ နိုင်ငံတစ်နိုင်ငံမျှသာ ရှိပါသေးသည်။ ဒုတိယကမ္ဘာစစ်အပြီး အရှေ့တောင်အာရှနိုင်ငံများ၏အနေအထားသည်လည်း မိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်ရန် ခက်ခက်ခဲခဲ ရုန်းကန်ကြိုးပမ်းနေရဆဲအခြေအနေ၌သာ ရှိပါသေးသည်။ ၂၀၁၄ ခုနှစ်၌ အာဆီယံဒေသတစ်ခုလုံး၏ စီးပွားရေးသည် အာရှဒေသတစ်ခုလုံး၏ တတိယမြောက် အကြီးမားဆုံး စီးပွားရေးအဆင့်ရှိပြီး ကမ္ဘာကြီး၏ သတ္တမမြောက် အကြီးမားဆုံး စီးပွားရေးအဆင့်ရှိပါသည်။ ကုလသမဂ္ဂကို စတင်ဖွဲ့စည်းစဉ်က ဆုပ်ကိုင်ခဲ့သော အတွေးအခေါ်အပေါ် အခြေခံစဉ်းစားပါက ကုလသမဂ္ဂလုံခြုံရေးကောင်စီကို မဖြစ်မနေ ပြုပြင်ပြောင်းလဲဖွဲ့စည်းရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံငယ် တစ်နိုင်ငံမျှသာဖြစ်ပြီး မိမိနိုင်ငံ၏နိုင်ငံတကာဆက်ဆံရေးမူဝါဒ၌ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရေးကို အရေးကြီးသော အခြေခံမူတစ်ရပ်အဖြစ် အစိုးရအစဉ်အဆက် ဆုပ်ကိုင်ခဲ့ပါသည်။ ပစ္စုပ္ပန်ကာလ၌လည်း ဤအခြေခံမူကို နိုင်ငံတော်၏မူဝါဒအဖြစ် ဆုပ်ကိုင် အကောင်အထည်ဖော်လျက်ရှိပါသည်။ တင်ပြလိုသည်မှာ ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံ၏အရေးကို ကိုင်တွယ်ရာ၌ ကမ္ဘာကြီး၏ပြောင်းလဲလာသော နိုင်ငံရေးအခြေအနေပေါ် မူတည်လျက် လက်တွေ့ကျကျ အပြုသဘောကိုင်တွယ်ဆောင်ရွက်ရန် ဖြစ်ပါသည်။ ကမ္ဘာ့ခေါင်းဆောင်များ အကျယ်ပြန့်ဆုံး တက်ရောက်ခဲ့သည်ဆိုသော ၂၀၀၅ ခုနှစ် ကမ္ဘာ့ထိပ်သီးညီလာခံသည် ကုလသမဂ္ဂ၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာ၌ အရေးပါသည့် ညီလာခံဖြစ်ပါသည်။ ကမ္ဘာ့သတင်းမီဒီယာတို့၌ အပြောများသည့် အပြစ်မဲ့ပြည်သူတို့၏ အသက်ဘေးအန္တရာယ်အပေါ် ကာကွယ်ပိုင်ခွင့် **(The Responsibility to Protect -R2P)** သည် အဆိုပါ ၂၀၀၅ ခုနှစ်ကမ္ဘာ့ထိပ်သီးညီလာခံမှ ပေါ်ထွက်လာခြင်း ဖြစ်ပါသည်။ စစ်ရေးအရ စွက်ဖက်ပိုင်ခွင့်ဟု နားလည်ကြသည့် ဤအပြစ်မဲ့ပြည်သူတို့၏ အသက်ဘေးအန္တရာယ်အပေါ် ကာကွယ်ပိုင်ခွင့် **(R2P)**၌ပင် အပြစ်မဲ့ပြည်သူတို့၏ အသက်ဘေးအန္တရာယ်ကာကွယ်ရေး၏ ပင်မတာဝန်သည် သက်ဆိုင်ရာအစိုးရအပေါ်၌ရှိကြောင်း အသိအမှတ်ပြုထားပြီး အဆိုပါနိုင်ငံ ယန္တရားများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတကာက ဝိုင်းဝန်းကူညီမှုပေးရန် လိုအပ်ပုံကိုအသိအမှတ်ပြုထားပါသည်။ ၂၀၀၂ ခုနှစ်၌ စတင်အသက်ဝင်လှုပ်ရှားခဲ့သော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး **(ICC)** သည် အပြစ်မဲ့ပြည်သူတို့၏ အသက်ဘေးအန္တရာယ်ကာကွယ်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်သော်လည်း ကမ္ဘာ့ပြည်သူတို့အပေါ် ကိုယ်စားပြုပိုင်ခွင့်၌ များစွာအားနည်းလျက်ရှိပါသည်။

အမှန်တကယ်မှာမူ ကုလသမဂ္ဂနှင့်အတူ ကမ္ဘာကြီးအား ပြုပြင်ပြောင်းလဲရာ၌ အခြေပြုဆုပ်ကိုင်သင့်သည်မှာ အပြစ်မဲ့ပြည်သူတို့၏ အသက်ဘေးအန္တရာယ်အပေါ် ကာကွယ်ပိုင်ခွင့် **(R2P)** မဟုတ်သကဲ့သို့ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး**(ICC)** လည်း မဟုတ်ပါ။ ၂၀၀၅ ခုနှစ် ကမ္ဘာ့ထိပ်သီးညီလာခံက ချမှတ်ခဲ့သော အခြေခံမူကိုသာ ဆုပ်ကိုင်ရမည်ဖြစ်ပါသည်။ ဤအခြေခံမူမှာ ငြိမ်းချမ်းမှုနှင့် လုံခြုံရေးအပါအဝင် လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့သည် အပြန်အလှန် အားဖြည့်ဆက်စပ်နေသည်ဖြစ်၍ ပဋိပက္ခအလွန်ကာလ၌ ငြိမ်းချမ်းမှုနှင့် ပြန်လည်သင့်မြတ်ရေးတို့အား ပုံဖော်ဖန်တီးရာတွင် ဤဆက်စပ်မှုအားလုံးကို ခြုံငုံသုံးသပ်လျက် တစ်ခုတည်းသော ချဉ်းကပ်ပုံရရှိစေရန် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကုလသမဂ္ဂအနေဖြင့် ရခိုင်ပြည်နယ်အရေးချဉ်းကပ်ကိုင်တွယ်ရာ၌ အဆိုပါအခြေခံမူဖြင့်သာ အခြေပြု ဆောင်ရွက်သင့်ပါကြောင်း လေးနက်စွာတင်ပြအပ်ပါသည်။ ။

## သီပေါကင်းထောက်မောင်မယ်များ ခြေလျင်ခရီးထွက်ကင်းစိတ်အလိုက် ယှဉ်ပြိုင်မှု ထူးချွန်သူများအား ဂုဏ်ပြု

**သီပေါ မေ ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကင်းထောက်မောင်မယ်များ၏လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော ခြေလျင်ခရီးတောစခန်းထွက်ခြင်းနှင့် ဖွဲ့လုံ့လ၊ စူးစမ်းလေ့လာမှုများအပြင် ကင်းစိတ်အလိုက် ယှဉ်ပြိုင်မှုအကောင်းဆုံး ထူးချွန်ဆုရကင်းထောက်များ ဂုဏ်ပြုပွဲကို မေ ၁၇ ရက်က အမှတ် ၂ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

**ဂုဏ်ပြုတပ်ဆင်ပေး**

အခမ်းအနားတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဆန်းမင်းထွဋ်က အမှာစကားပြောကြားပြီး ပြည်နယ်ကင်းထောက်နည်းပြဆရာ (လားရှိုး) ဦးလုမ်သန်းစံ၊ သင်တန်းမှူးကင်းထောက်ဆရာ ဦးသန်းလွင်တို့က ဂုဏ်ပြုစကားပြောကြားကာ ထူးချွန်ဆုရရှိသည့် ကင်းစိတ်သုံးစိတ်မှ ကင်းထောက်မောင်မယ်များအား တာဝန်ရှိသူများက ဆုများနှင့်အတူ ကင်းထောက်လည်စည်းကို ဂုဏ်ပြုတပ်ဆင်ပေးကြောင်း သိရသည်။

**စိုင်း (သီပေါ)**

## နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂၂/ ၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၄ ရက်**
**(၂၀၁၈ ခုနှစ်၊ မေလ ၁၈ ရက်)**
**နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်**
**ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၇ နှင့် ပုဒ်မ ၃၃၂ တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးတင်မောင်မြင့် ကို လစ်လပ်လျက်ရှိသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ

**ရန်ကုန် မေ ၁၈**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ H.E . Mr. Wang Zhengwei ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ် ယနေ့ ညနေ ၅ နာရီခွဲက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိသည်။ **(ယာပုံ)**

**ကြိုဆိုနှုတ်ဆက်**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဦးမောင်မောင်လတ်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းကာတွန်းနှင့် ပိုစတာပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် မေ ၁၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်တွင် ကျင်းပသွားမည်ဖြစ်ပြီး ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ် (Theme) မှာ ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့ "Beat Plastic Pollution" ဖြစ်ပြီး အဆိုပါခေါင်းစဉ်ဖြင့် အလွတ်တန်းကာတွန်းနှင့် ပိုစတာပြိုင်ပွဲအား ကျင်းပသွားမည် ဖြစ်သည်။

ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်၏ ရည်ရွယ်ချက်မှာ ပင်လယ်သမုဒ္ဒရာများအား ညစ်ညမ်းစေသော၊ အဏ္ဏဝါသက်ရှိများအား ပျက်စီးစေသော၊ လူသားတို့၏ ကျန်းမာရေးကို ခြိမ်းခြောက်နေသော တစ်ခါသုံးပလတ်စတစ်ပစ္စည်းများ၏ အန္တရာယ်ကို အများပြည်သူသိရှိနိုင်စေရန်နှင့် ပလတ်စတစ်ထုတ်လုပ်သုံးစွဲမှုကို လျှော့ချခြင်း (Reduce)၊ ပြန်လည်အသုံးပြုခြင်း (Reuse)၊ ပြန်လည်ထုတ်လုပ်ခြင်း (Recycle) တို့အပါအဝင် ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်နိုင်မည့် နည်းလမ်းများအား ရှာဖွေဖော်ထုတ်နိုင်ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

အဆိုပါဆောင်ပုဒ်၏ ရည်ရွယ်ချက်နှင့် အသိပေးနှိုးဆော်ချက်များကို အများပြည်သူ သိရှိဆောင်ရွက်နိုင်ကြစေရန် ဆောင်ပုဒ်နှင့်ကိုက်ညီသော မိမိတို့ရေးသားသရုပ်ဖော်တင်ပြလိုသည့် အကြောင်းအရာများအား အလွတ်တန်းကာတွန်းနှင့် ပိုစတာများရေးဆွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန Facebook Page ဖြစ်သည့် https://www.facebook.com/ECDMyanmar/တွင် Post တင်၍ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

Online စနစ်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ကာတွန်းနှင့် ပိုစတာအရွယ်အစားမှာ အလျား နှစ်ပေ၊ အနံ နှစ်ပေခွဲ ဖြစ်ရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲအား ၂၉-၅-၂၀၁၈ (အင်္ဂါနေ့) ညနေ ၄ နာရီတိတိတွင် ရပ်နားမည်ဖြစ်ပြီး Like နှင့် Share အများဆုံးရရှိသော ပြိုင်ပွဲဝင်အား ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ အသေးစိတ် အချက်အလက်များအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး ဖုန်း ၀၆၇-၄၃၁၃၂၉ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ သိရသည်။

**မြန်မာ့အလင်း**

## မိတ္ထီလာကန်အလှအား မြန်မာသာမက ကမ္ဘာကသိရန် ဆောင်ရွက်သွားမည်

မိတ္ထီလာ မေ ၁၈

**ရှေးမြန်မာမင်း ၁၇ ဆက်တို့ ဆည်ဖို့ပြုပြင်ခဲ့သော နိုင်ငံကျော် မိတ္ထီလာကန်သာယာလှပရေး၊ သန့်ရှင်းရေးနှင့် မိတ္ထီလာကန်အတွင်း လှေများဖြင့် ပြည်တွင်း ပြည်ပခရီးသွားများ ကန်အလှကိုကြည့်ရှုခံစားစေနိုင်ရန် မိတ္ထီလာဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းအသင်းနှင့် ငြိမ်းအေးဝေစည်မြန်မာပြည် ပရဟိတအသင်းမှ ဒေါက်တာခင်မောင်မြင့်က ၎င်း၏ မဂ္ဂင်လမ်း နန်းတော်ဟိုတယ်တွင် ကန်ချစ်သူများ၊ ရပ်မိရပ်ဖများနှင့် မိတ္ထီ လာကန် ဖွံ့ဖြိုးတိုးတက်လိုသူများအား ဖိတ်ကြား၍ မေ ၁၄ ရက်က ရှင်းလင်းဟောပြောခဲ့သည်။**

ဒေါက်တာခင်မောင်မြင့်က မိတ္ထီလာကန်အလှဖြင့် ပြည်တွင်း ပြည်ပ ခရီးသွားများအား ဆွဲဆောင်နိုင်ခြင်းဖြင့် မိတ္ထီလာမြို့သူမြို့သားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ခြင်း၊ ပြည်တွင်းပြည်ပဧည့်သည်များအား မိတ္ထီလာမြို့နှင့် မြို့ပတ်ဝန်းကျင်ရှိ စိတ်ဝင်စားဖွယ်ရာနေရာများသို့ လိုက်လံပို့ဆောင်ပေးခြင်းများဖြင့် အလုပ်အကိုင်အခွင့်အလမ်းသစ်များဖန်တီး၍ မိတ္ထီလာပုံရိပ်အား ကမ္ဘာ့အလယ်ပြသခြင်းဖြင့် မိတ္ထီလာရွှေခေတ်ရောက်ရှိမှာ ဖြစ်ကြောင်း၊ ထို့အပြင် မိတ္ထီလာ၊ ဝမ်းတွင်း၊ သဲတော၊ လှော်ပင်မှ ထုတ်လုပ်သော အဝတ်အထည်များအား နိုင်ငံခြားသားများအတွက် ရည်ရွယ်၍ ဒီဇိုင်းများအားနိုင်ငံတကာနှင့်ယှဉ်၍ ဈေးကွက်ရရှိရန် တန်ဖိုးအသင့်အတင့်ဖြင့် အာရှအကြိုက်၊ အာဖရိကအကြိုက်၊ အမေရိကန်အကြိုက်၊ ဥရောပအကြိုက်၊ ဩစတြေးလျအကြိုက်စသည်ဖြင့် ဒီဇိုင်းအမျိုးအစား အစုံအလင်ဖန်တီးကာ ဖက်ရှင်ရှိုးများ ပြုလုပ်ပြသ၍ မြန်မာ့ဝတ်စုံအား ကမ္ဘာကလက်ခံလာအောင် တီထွင်ဆန်းသစ်ခြင်းဖြင့် ပြည်တွင်းဖြစ်အထည်များ ကမ္ဘာ့ဈေးကွက် ဝင်နိုင်ကြောင်းနှင့် မိတ္ထီလာတောင်ကန်နှင့် မြောက်ကန်အတွင်း လှေလှော်သွား၍ရသော ကရဝိက်ဖောင်တော်တစ်ခုထားရှိပြီး ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ ရှေးမြန်မာမင်းတို့၏ အဆောင်အယောင်ပြယာဉ်များဖြင့် မိတ္ထီလာကန်အလှအပအား လှည့်လည်ကြည့်ရှုခံစားနိုင်ရန် စီစဉ်ပေးမည်ဖြစ်သည်။

ပုံမှန်အားဖြင့် ကန်အတွင်းတွင် ကရဝိက်ပုံသဏ္ဌာန် ဆေးခြယ်ထားသော စက်လှေ၊ တက်ဖြင့် လှော်ခတ်သော လှေ၊ ငှက်လှေတို့ဖြင့် ခရီးသွားများ ကန်တော်ကြီးအလှအပအား ကြည့်ရှုခံစားနိုင်ရန် စီစဉ်ပေးရန်နှင့် ကန်တော်ကြီး အရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ကန်အတွင်း အမှိုက်ကောက်ယူရေးတို့ကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသူ များ၊ မြို့မိ မြို့ဖများ၊ အသင်းအဖွဲ့များက သက်ဆိုင်ရာ အုပ်ချုပ်ရေး၊ စည်ပင်သာယာရေး၊ ဆည်မြောင်းဌာနတို့နှင့်ပူးပေါင်းဆောင်ရွက်ရန် အကြံပေးတင်ပြကြသည်။ **တင်လှိုင် (မိတ္ထီလာ)**

## စာရိတ္တမဏ္ဍိုင် ခိုင်မာအောင်

ကျွန်တော်တို့ ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ ကြိုးနီစနစ်တွေ၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်း လိုက်စားနေတဲ့ အဂတိလိုက်စားမှုတွေကို စနစ်တကျ တိုက်ဖျက်သွားပြီး ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ကျွန်တော်တို့ တွေ့ကြုံခဲ့ရတဲ့ အတိတ်က အဖြစ်အပျက်တွေ၊ ကျော်လွှားဖြတ်သန်းခဲ့ရတဲ့ အကျပ်အတည်းတွေ၊ ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲတွေကို သင်ခန်းစာယူပြီး ပစ္စုပ္ပန်နဲ့ အနာဂတ်အတွက် မိဘပြည်သူများ လိုလားတောင့်တနေကြတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို မျက်ခြည်ပြတ်မခံဘဲ အဂတိတရား ကင်းရှင်းစွာဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်

ကျွန်မတို့ အစိုးရရဲ့နိုင်ငံ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်စေဖို့ ပူးပေါင်းပြီး ကူညီပေးခဲ့၊ ပေးနေဆဲဖြစ်တဲ့၊ ပြည်တွင်း၊ ပြည်ပမိတ်ဆွေများ၊ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ အားလုံးနဲ့၊ အထူးသဖြင့် နားလည်မှု၊ စာနာမှုနဲ့ ထောက်ခံအားပေးကြတဲ့ ပြည်သူ ပြည်သားများအားလုံးကို ကျေးဇူးတင်ကြောင်း အလေးအနက် ပြောပါရစေ။ တစ်ခါပြုဖူး၊ သူ့ကျေးဇူး။ အခေါက်ခေါက် အခါခါ ကျေးဇူးပြုသူများဟာ ဘဝကို ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်တွေဖြစ်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကနေဒါနိုင်ငံ ဗန်ကူးဗားမြို့အခြေစိုက် မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန်နှင့် USAID, UNFPA တို့မှ ကိုယ်စားလှယ်အဖွဲ့တို့အား သီးခြားစီ တွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (United States Agency for International Development– USAID)၏ အုပ်ချုပ်ရေးမှူး **Mr. Mark Andrew Green** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၁၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကနေဒါနိုင်ငံ ဗြိတိသျှ ကိုလံဘီယာ ပြည်နယ် ဗန်ကူးဗားမြို့အခြေစိုက် မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန် Mr. Peter Chung အား ယနေ့နံနက် ၁၀ နာရီတွင် လည်းကောင်း၊ အမေရိကန်နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (United States Agency for International Development– USAID)၏ အုပ်ချုပ်ရေးမှူး Mr. Mark Andrew Green ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နံနက် ၁၁ နာရီတွင် လည်းကောင်း၊ ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂလူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအဖွဲ့ (United Nations Population Fund-UNFPA)၏ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Ms. Laura Londen ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မွန်းလွဲ ၂ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

**လာရောက်ရင်းနှီးမြှုပ်နှံ**

မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန်နှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ပညာရေးကဏ္ဍရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံတကာအဆင့်မီစာသင်ကျောင်းများ လာရောက်ဖွင့်လှစ်မှု၊ ကနေဒါစီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံ၌ ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံရေးနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ အုပ်ချုပ်ရေးမှူး ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံစဉ် USAID မှ မြန်မာနိုင်ငံအတွင်း လက်ရှိဆောင်ရွက်နေသော စားနပ်ရိက္ခာလုံခြုံရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ လူသားချင်းစာနာမှု အကူအညီပေးရေး ကိစ္စရပ်များ အပါအဝင် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အထောက်အကူပြုရေး အစီအစဉ်များနှင့် အနာဂတ်ဦးစားပေးလုပ်ငန်းများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

**USAID မှ ပူးပေါင်းကူညီ**

ထို့အပြင် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးနှင့် ပတ်သက်၍ မြန်မာအစိုးရ၏ အသင့်ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေများ၊ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ ရခိုင်ပြည်နယ်ရှိ လူမှုအသိုက်အဝန်းနှစ်ရပ်လုံး သဟဇာတဖြစ်ရေး၊ လုံခြုံစိတ်ချစွာနေထိုင်နိုင်ရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးတို့အတွက် USAID မှ ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်မည့် အစီအမံများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် **United Nations Population Fund-UNFPA** ၏ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး **Ms. Laura Londen** ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

**ပူးပေါင်းဆောင်ရွက်**

ကုလသမဂ္ဂလက်ထောက် အတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂလူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအဖွဲ့ (United Nations Population Fund-UNFPA)၏ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူးနှင့် တွေ့ဆုံစဉ် ၂၀၁၄ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ အချက်အလက်များ ဆန်းစစ်ခြင်း၊ မိသားစုစီမံကိန်း၊ ဘဝအရည်အသွေးရှိစေရေးနှင့် မိခင်သေဆုံးမှုနှုန်းလျော့ကျရေးတို့အပါအဝင် UNFPA နှင့် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။ **သတင်းစဉ်**



ဒုတိယသမ္မတ ဦးမြင့်ဆွေ ပိဋကသုံးပုံအာဂုံအောင် တိပိဋကဓရဘွဲ့တံဆိပ်တော်ရ အရှင်သေဋ္ဌဉာဏာလင်္ကာရထံ တိပိဋကဓရ ဘွဲ့တံဆိပ်တော်၊ တိပိဋကဓရ အောင်လက်မှတ်တော် ဆက်ကပ်စဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ပိဋက နှစ်ပုံခွဲ အာဂုံအောင် မူလအာဘိဓမ္မိက ဆရာတော်ထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ပိဋက နှစ်ပုံခွဲ အာဂုံအောင် မူလအာဘိဓမ္မိက ဆရာတော်ထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်။ သတင်းစဉ်



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ပိဋက နှစ်ပုံရေးဖြေအောင် ဒီဃနိကာယ ကောဝိဒဆရာတော်ထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်။ သတင်းစဉ်

❒ *ရွှေဖုံးမှ*

အကြိမ် (၇၀) ပြည့် တိပိဋကဓရ၊ တိပိဋက ကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့ အာဇာနည် အရှင်မြတ်များ၊ ပင့်သံဃာ တော်များ ကြွရောက် ချီးမြှင့်တော်မူကြပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီးဒေါ်ခင် သက်ဌေး၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ တိပိဋကဓရ၊ တိပိဋက ကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ လှိုင်သာယာမြို့နယ် သာသနာ့ဂုဏ်ရည်ကျောင်းတိုက် ပဓာန နာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ပညိဿရာဘိဝံသထံမှ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ အမှူးပြုသော ညှိ့ပရိသတ်တို့က ငါးပါး သီလခံယူ ဆောက်တည်ကြသည်။

**ဖတ်ကြားချီးမြှင့်**

ထို့နောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့၏ သာရဏီယဩဝါဒကထာ ကို နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိ ဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မန္တလေးမြို့ ဇမ်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ က ဖတ်ကြားချီးမြှင့်တော်မူသည်။

**(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်၏ ဩဝါဒကထာကို စာမျက်နှာ ၅ တွင် ဖော်ပြထားပါသည်။)**

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး သူရဦးအောင်ကိုက သာသနာ ရေးဆိုင်ရာများကို လျှောက်ထားရာတွင် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ် ရေးစာမေးပွဲကြီးမှာ တိပိဋကလောင်းလျာ အရှင်မြတ်များသည် ဗုဒ္ဓဘုရားရှင်ဟော ကြားတော်မူခဲ့သော ပါဠိပိဋကတ်တော် ကျမ်းစာများအားလုံးကို အစအဆုံး ကျက်မှတ်ပြီး အာဂုံအလွတ်ပြန်ဆိုနိုင် ရန်မှာ သာမန်ဉာဏ်၊ လုံ့လ၊ ဝီရိယတို့ဖြင့် ဖြစ်နိုင်သည့်ကိစ္စ မဟုတ်ပါကြောင်း၊ စာကျက်အား၊ မှတ်ဉာဏ်အားနှင့် သတိဝီရိယသမာဓိ အားကောင်းပြီး ကျန်းမာရေးနှင့် ပြည့်စုံမှသာ ပိဋကသုံးပုံ အလုံးစုံကို အာဂုံပြန်ဆို ရေးဖြေနိုင်ကြ မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပထမ အကြိမ် စတင်ကျင်းပသည်မှ ယခုအချိန် ထိ နှစ်ပေါင်း ၇၀ အတွင်းတွင် တိပိဋကဓရ တိပိဋက ကောဝိဒ သာသနာ့အာဇာနည် အရှင်မြတ် ၁၄ ပါးမျှသာ ပေါ်ထွက်နိုင်ခဲ့ ပါကြောင်း။

အကြိမ် (၇၀)ပြည့်မြောက် တိပိဋက ဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေး ပွဲကြီးတွင် အာဂုံနှင့် သဘောရေးဖြေ နှစ်ရပ်လုံး၌ စာဖြေသံဃာ ၃၀၇ ပါး အနက်-

- ပိဋကသုံးပုံအာဂုံ အောင် တိပိဋက ဓရဘွဲ့ရ သာသနာ့အာဇာနည် အရှင်မြတ် ၁ပါး
- ပိဋကနှစ်ပုံခွဲအာဂုံ အောင် မူလအာဘိ ဓမ္မိကဘွဲ့ရ သာသနာ့အာဇာနည် အရှင်မြတ် ၂ ပါး
- ပိဋကနှစ်ပုံအောင် ဒီဃနိကာယကောဝိဒ ဘွဲ့ရ သာသနာ့အာဇာနည် အရှင်မြတ် ၁ ပါး
- ပိဋကနှစ်ပုံအာဂုံ အောင် ဒီဃ ဘာဏက ဘွဲ့ရ သာသနာ့အာဇာနည် အရှင်မြတ် ၆ပါး
- ပိဋကတစ်ပုံအောင် ဝိနိယကောဝိဒဘွဲ့ရ သာသနာ့အာဇာနည် အရှင်မြတ် ၄ ပါး
- ပိဋကတစ်ပုံအာဂုံ အောင် ဝိနယဓရ ဘွဲ့ရ သာသနာ့အာဇာနည် အရှင်မြတ် ၁၃ ပါး
- ဝိနယပိဋက (ပထမပိုင်း) ရေးဖြေအောင် ဥဘတောဝိဘင်္ဂ ကောဝိဒဘွဲ့ရ သာသနာ့ အာဇာနည် အရှင်မြတ် ၁၀ ပါး
- ဝိနယပိဋက (ပထမပိုင်း) အာဂုံအောင် ဥဘတောဝိဘင်္ဂ ဓရဘွဲ့ရ သာသနာ့ အာဇာနည် အရှင်မြတ် ၅၁ ပါး

စုစုပေါင်း သာသနာ့အာဇာနည် အရှင်မြတ် ၈၈ ပါးတို့ အသီးသီး အောင်မြင်တော်မူခဲ့ကြကြောင်း။

ယခုနှစ် အကြိမ် (၇၀)ပြည့် တိပိဋက ဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးတွင် ပိဋကသုံးပုံ အာဂုံ အောင် တိပိဋကဓရ သာသနာ့အာဇာ နည် အရှင်မြတ်သည် ရန်ကုန်တိုင်း ဒေသကြီး ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်း တိုက်မှ **အရှင်သေဋ္ဌဉာဏာလင်္ကာရ** အရှင်မြတ်ဖြစ်ပါကြောင်း။

**ကြည်ညိုသဒ္ဓါတိုးပွား**

ယခုနှစ်ပေါ်ထွန်းလာသည့် အရှင် မြတ်တစ်ပါးအပါအဝင် ပိဋကသုံးပုံအာဂုံ ဆောင် တိပိဋကဓရ သာသနာ့အာဇာနည် အရှင်မြတ် ရှစ်ပါး ပေါ်ထွန်းထားပြီးဖြစ်ရာ ရှေ့လာမည့် တိပိဋကဓရ တိပိဋက ကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးများ တွင် အဘိဓမ္မပိဋကနောက်ပိုင်းရေးဖြေ အောင်မြင်ပါက တိပိဋကကောဝိဒ ဘွဲ့ရရှိပြီး ပြီးပြည့်စုံသော တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် အရှင်မြတ်များ ပေါ်ထွန်းလာကြမည်ကို ကြိုတင်မှန်းဆ၍ ကြည်ညိုသဒ္ဓါတိုးပွား ရပါကြောင်း။

ထိုကဲ့သို့ သာသနာ့အာဇာနည် အရှင်မြတ်များ ပေါ်ထွန်းလာခဲ့သဖြင့် တပည့်တော်တို့၏ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် နိုင်ငံတော် အစိုးရ နှင့် နိုင်ငံသူ နိုင်ငံသား ဒါယကာ ဒါယိ ကာမများမှာ သာသနာတော်၌ အခြေခံ ကျလှသည့် ဂန္ထဓုရသာသနာ့တာဝန်ကို စွမ်းစွမ်းတမံ အားထုတ်ထမ်းဆောင် နေကြသော သာသနာ့ အာဇာနည်ပုဂ္ဂိုလ် ထူး အရှင်မြတ်များအား စဉ်ဆက်မပြတ် လှူဒါန်းခွင့် ချီးမြှောက် ပူဇော်ခွင့်ရရှိနေ ခြင်း ဖြစ်ပါကြောင်း။

**ကြားနာမှတ်သားကျင့်ပွားနေရ**

သာသနာ့အာဇာနည် အရှင်မြတ် များအား အစဉ်သဖြင့် လေးမြတ်ကော် ရော် ဖူးမြော်နေရခြင်း၊ ချီးမြှောက်ရည်မှန်း လှူဒါန်းနေရခြင်း၊ အရှင်သူမြတ်တို့ ဟောကြား ညွှန်ပြမြတ်ဓမ္မကို ကြားနာ မှတ်သား ကျင့်ပွားနေရခြင်းတို့ကြောင့် တပည့်တော်တို့ နိုင်ငံသူ နိုင်ငံသား ဒါယကာ ဒါယိကာမများမှာ ကုလိုလ် မျိုးစေ့ကောင်းကို စေတနာသဒ္ဓါထပ် လောင်းလျက် သံဃာရတနာတည်းဟူ သော လယ်ယာမြေကောင်းတွင် စိုက်ပျိုးရင်းနှီးခွင့်ရကြသည်ဟု ယုံကြည် ပါကြောင်း။

မြတ်စွာဘုရားရှင်၏ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် တရားတော် များကို အဓွန့်ရှည်ကြာ ထွန်းလင်းစည်ပင် စေရန် ရည်သန်လျက် ပရိယတ် ပဋိပတ် သာသနာ့ဝန်ဆောင် အရှင်မြတ်တို့က ဓုရနှစ်ဖြာကို ကျေပွန်စွာ ကြိုးစား အားထုတ်တော်မူကြသကဲ့သို့ နိုင်ငံတော် အစိုးရနှင့် နိုင်ငံသူ နိုင်ငံသား ကုသိုလ်ရှင် စေတနာရှင်များက ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှင့်ပူဇော်လျက်ရှိကြပါကြောင်း။

**အကျိုးများရရှိနိုင်**

ဤသို့အားဖြင့် ထေရဝါဒ ဗုဒ္ဓ သာသနာတော်ကြီးကို ဆရာဒကာ ညီညာစွာဖြင့် ချီးမြှောက်စောင့်ရှောက် လှူဒါန်းသည့် ကုသိုလ်ကံစေတနာ အဟုန်တို့ကြောင့် ထေရဝါဒ ဗုဒ္ဓသာသနာ တော်ကြီး အနှစ် ၅၀၀၀ မက တည်တံ့ ထွန်းလင်းပါစေကြောင်း၊ တပည့်တော်တို့ အားလုံးသည်လည်း နိဗ္ဗာန်တိုင်သည် အထိ သမ္ပတ္တိအကျိုးများ ရရှိနိုင်ကြပါ စေကြောင်းနှင့် မြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက် ပါစေဟု ဆုမွန်ကောင်းများ တောင်းပါ ကြောင်း လျှောက်ထားသည်။

ထို့နောက် အကြိမ်(၇၀)ပြည့် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ် ရေး စာမေးပွဲတွင် အောင်မြင်တော်မူကြ သည့် သာသနာ့အာဇာနည် အရှင်သူမြတ် များအား ဘွဲ့တံဆိပ်တော်နှင့် အောင် လက်မှတ်များကို ဆက်ကပ်ကြရာ ဒုတိယ သမ္မတ ဦးမြင့်ဆွေက ပိဋကသုံးပုံအာဂုံ အောင် တိပိဋကဓရဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ ပိုင်း)မြို့နယ် တိပိဋကမဟာဂန္ထဝင် နိကာယ်ကျောင်းတိုက်မှ အရှင်သေဋ္ဌ ဉာဏာလင်္ကာရအား တိပိဋကဓရဘွဲ့ တံဆိပ်တော်၊ တိပိဋကဓရ အောင် လက်မှတ်တော်နှင့် အဆောင်အယောင် တို့ကို ဆက်ကပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ၊ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့် တိုင်း ဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပိဋက နှစ်ပုံခွဲ အာဂုံ အောင် မူလအာဘိဓမ္မိက နှစ်ပါး၊ ပိဋက နှစ်ပုံရေးဖြေအောင် ဒီဃနိကာယ ကောဝိဒ တစ်ပါး၊ ပိဋက နှစ်ပုံအာဂုံအောင် ဒီဃဘာဏက ခြောက်ပါး၊ ပိဋကတစ်ပုံ ရေးဖြေအောင် ဝိနယကောဝိဒ လေးပါး၊ ပိဋက တစ်ပုံအာဂုံအောင် ဝိနယဓရ ၁၃ ပါး၊ ဝိနည်းပထမပိုင်း ရေးဖြေအောင် ဥဘတော ဝိဘင်္ဂကောဝိဒ ၁၀ ပါး၊ ဝိနည်း ပထမပိုင်းအာဂုံအောင် ဥဘတောဝိဘင်္ဂ ဓရ ၅၁ ပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်း ကြသည်။

**အနုမောဒနာ တရားနာယူ**

ယင်းနောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂ မဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီးဒေါ်ခင် သက်ဌေးနှင့် ညှိ့ပရိသတ်များက အနု မောဒနာတရား နာယူတော်မူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် အကြိမ် (၇၀) ပြည့်တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင် တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်များအား ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ အမှူးပြုသော အဖွဲ့ဝင်များနှင့် ညှိ့ ပရိသတ်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူကြသည်။

**၃၃ ရက်ကြာ ကျင်းပပေးလျက်ရှိ**

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိတော့ မည့် အကြိုကာလကတည်းက နိုင်ငံတော် အနေဖြင့် လွတ်လပ်ရေးရပြီးပါက ဆဋ္ဌ သင်္ဂါယနာတင်ရန် အာသီသပြင်းထန် လျက်ရှိရာ ကျန်ထေရဝါဒနိုင်ငံများက သင်္ဂါယနာတင်ရန်မှာ ပိဋကသုံးပုံအာဂုံ ဆောင်ပုဂ္ဂိုလ်များရှိမှသာ သင်္ဂါယနာ တင်နိုင်ခွင့်ရှိကြောင်း ဝေဖန်ပြောဆိုချက် ကြောင့် ပိဋကအာဂုံဆောင်ပုဂ္ဂိုလ်များ ပေါ်ထွန်းစေရန် ရည်ရွယ်၍ နိုင်ငံတော် အစိုးရကတိပိဋကဓရ၊ တိပိဋက ကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို နှစ်စဉ် ဒီဇင်ဘာလစတုတ္ထပတ်တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူတော်ကြီး အတွင်း ၌ ၃၃ ရက်ကြာ ကျင်းပပေးလျက်ရှိရာ ယခုဆိုလျှင် နှစ်(၇၀)ပြည့်ပြီဖြစ်သည်။

ယမန်နှစ် (၆၉)ကြိမ်မြောက် စာမေးပွဲတွင် အာဂုံနှင့် သဘောရေးဖြေ နှစ်ရပ်လုံး၌ စာဖြေသံဃာ ၂၉၁ ပါး ရှိခဲ့ ပြီး ယခုနှစ် အကြိမ်(၇၀)ပြည့် စာမေးပွဲ တွင် စာဖြေသံဃာ ၃၀၇ ပါးရှိသဖြင့် စာဖြေသံဃာလျော့သွားခြင်းမရှိဘဲ ပို၍ တိုးလာကြောင်း သာသနာရေးဦးစီးဌာန မှ သိရသည်။

ပထမအကြိမ် စတင်ကျင်းပသည်မှ ယခုအချိန်အထိ နှစ်ပေါင်း(၇၀)အတွင်း တိပိဋကဓရ၊ တိပိဋကကောဝိဒသာသနာ့ အာဇာနည်အရှင်မြတ် ၁၄ ပါး ပေါ်ထွက် ခဲ့ပြီး လက်ရှိသက်ရှိထင်ရှား တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ဆရာ တော် ၁၀ ပါးရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဆရာဒကာအချင်းချင်း ညီညာဝမ်းမြောက် အပြန်အလှန်ချီးမြှောက်မှုပြုကြ၍ သာသနာတော်ကြီး ရှည်ကြာစွာ တည်တံ့ခိုင်မြဲနေမည်ဖြစ်

**အကြိမ် (၇၀) မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မိန့်ကြားတော်မူအပ်သော သမ္မောဒနီယ ဩဝါဒကထာ**

**[၁၃၈၀-ပြည့်နှစ်၊ နယုန်လဆန်း ၄ ရက်၊ (၂၀၁၈ ခုနှစ်၊ မေလ ၁၈ ရက်) သောကြာနေ့]**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက တိပိဋကဓရ၊ တိပိဋက ကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးကို ကြီးမှူးကျင်းပ၍ အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်မြတ် ၈ ပါးတို့အား သဒ္ဓမ္မပူဇာ သာသနာတော်တည်တံ့ပြန့်ပွားရေးကို အားပေးချီးမြှောက်လိုသော ကုသိုလ်စေတနာ ကြီးစွာထားလျက် နိုင်ငံတော်အစိုးရနှင့် ပြည်သူပြည်သား ဒါယကာ ဒါယိကာမအပေါင်းတို့က လက်တွဲ၍ ပူဇော်ပွဲကြီးကျင်းပခဲ့သည်မှာ အကြိမ် (၇၀) သို့တိုင်ရောက်ရှိလာခဲ့ပြီး သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့အား ချီးကျူးပူဇော်သည့် ပူဇော်ပွဲသဘင်ကြီး ဖြစ်ပါသည်ဘုရား။



အကြိမ်(၇၀)မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်တို့နှင့်တကွ နိုင်ငံတော်အစိုးရ အမှူးပြုသော ပြည်သူပြည်သား ဒါယကာ၊ ဒါယိကာမ အပေါင်း သူတော်ကောင်းတို့အား ဩဝါဒကထာ မြွက်ကြားလိုသည်မှာ-

ယာဝ တိဋ္ဌန္တိ သုတ္တန္တာ၊ ဝိနယော ယာဝ ဒိပ္ပတိ။
တာဝ ဒက္ခန္တိ အာလောကံ၊ သူရိယေ အဗ္ဘုဋ္ဌိတေ
ယထာ။
သုတ္တန္တေသု အသန္တေသု၊ ပမုဋ္ဌေ ဝိနယမှိ စ။
တမော ဘဝိဿတိ လောကေ၊ သူရိယေ အတ္ထင်္ဂ
တေ ယထာ။[အံ၊ ဋ္ဌ၊ ၁၊ ၇၂]

နေမင်းတည်ရှိနေသည့်အခါ အရောင်အလင်းကို တွေ့မြင်ရသကဲ့သို့ ဗုဒ္ဓဘုရားဟောမြွက်ကြားသည့် တရားဓမ္မက္ခန်သုတ္တန်၊ အဘိဓမ္မာဒေသနာတော်များ ထင်ရှားရှိနေသမျှ ဝိနည်းတရားတော်များ ထွန်းကားနေသမျှ ကာလပတ်လုံး သူတော်ကောင်းတရား ဘုရားသာသနာတော်တည်းဟူသော အရောင်အလင်းကို တွေ့မြင်နေကြရလိမ့်မည်။

နေမင်းဝင်သွားသည်ရှိသော် လောကကြီး၌ အမိုက်မှောင်ဖြစ်သကဲ့သို့ ဗုဒ္ဓဘုရား ဟောမြွက်ကြားသည့် တရားဓမ္မက္ခန် သုတ္တန်၊ အဘိဓမ္မာဒေသနာတော်များ ထင်ရှားမရှိခဲ့သော် ဝိနည်းတရားတော်များလည်း ပျောက်ပျက်ခဲ့သည်ရှိသော် လောကကြီး၌ (မသူတော်တရားတည်းဟူသော) အမိုက်မှောင်ကြီးသာ ဖြစ်ပေါ်လိမ့်မည်ဟူသော အင်္ဂုတ္တိုရ် အဋ္ဌကထာဒေသနာအရ သုတ်၊ အဘိဓမ္မာ၊ ဝိနည်းဟူသော ပိဋကသုံးသွယ် နိကာယ်ငါးရပ်တို့ကို သင်ယူခြင်းသည် သာသနာတော်သုံးရပ်တွင် အရင်းမူလပဓာနဖြစ်ကြောင်း အရှင်မြတ်များ သိရှိကြပြီးဖြစ်ပါသည်ဘုရား။

သိရှိပြီးသည့်အားလျော်စွာ အရှင်မြတ်တို့သန္တာန်၌ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဟူသော ဗိုလ်ငါးပါး ဦးစီးလျက် သင်၊ အံ၊ ကျက်မှတ်၍ ဝင်ရောက်ပြန်ဆို ဖြေဆိုခဲ့ကြသဖြင့် အကြိမ်(၇၀)ပြည့်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် တိပိဋကဓရ၊ မူလအာဘိဓမ္မိက၊ ဒီဃနိကာယကောဝိဒ၊ ဒီဃဘာဏက၊ ဝိနယကောဝိဒ အစရှိသော အောင်ပန်းကို ရရှိခဲ့ကြခြင်းဖြစ်ပါသည်။ အရှင်မြတ်များ၏ လေ့လာသင်ကြား ကြိုးစားအားထုတ်မှု၊ အောင်မြင်မှုတို့သည် တပည့်တော်တို့၏ ထေရဝါဒဗုဒ္ဓ သာသနာတော်ကြီးတွင် အထက်တန်းကျသည့် အောင်မြင်မှုများဖြစ်သည့်အတွက် သာသနာတော်တိုးတက်မှုအရေးတွေးကာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေနှင့် ဝမ်းသာဂုဏ်ယူလျက်ရှိကြပါသည်ဘုရား။

နိုင်ငံတော်အစိုးရအမှူးပြုသော ပြည်သူပြည်သား ဒါယကာ၊ ဒါယိကာမများတို့သည်လည်း အရှင်မြတ်တို့၏ ကြိုးစားအားထုတ်မှု အောင်မြင်မှုများကို အားရကြည်ညိုမှုရှိကြသည့်အားလျော်စွာ ယခုအကြိမ်(၇၀)ပြည့်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲကြီးတွင် လှူဖွယ်ဝတ္ထုတို့ဖြင့် လှူဒါန်းပူဇော်ကြသည်မှာ ပြည့်စုံသလောက် ဖြစ်ပါသည်ဘုရား။

စာအောင်သာသနာ့အာဇာနည်အရှင်မြတ်တို့ဘုရား-

“ဒွေမာနိ ဘိက္ခဝေ ပဓာနာနိ ဒုရဘိသမ္ဘဝါနိ” အစရှိသော အင်္ဂုတ္တိုရ်၊ ပဓာနသုတ် ဒေသနာတော်အရ လောက၌ ဖြစ်စေနိုင်ခဲသည့် အားထုတ်မှုနှစ်မျိုးတို့တွင် အိမ်နေသူလူဒါယကာ၊ ဒါယိကာမတို့သည် အရှင်မြတ်တို့အား အကြောင်းပြုကာ ပစ္စည်းလေးပါးတို့ကို ထောက်ပံ့ခြင်းဖြင့် ဖြစ်စေနိုင်ခဲသည့် အားထုတ်မှုမျိုးကို အားထုတ်လျက်ရှိကြပါသည်။ အရှင်မြတ်တို့ကလည်း ဒါယကာ ဒါယိကာမများ၏ လှူဒါန်းချီးမြှောက်မှုကိုခံယူကာ ယခုကဲ့သို့ အောင်မြင်သည်အထိ ပရိယတ္တိစာပေကို ကြိုးစားအားထုတ်တော်မူကြ၍ ပဋိပတ်ကို ဆက်လက်အားထုတ်ကာ ပြည်သူပြည်သား ဒါယကာ ဒါယိကာမတို့အား ဓမ္မာနုဂ္ဂဟ ဖြင့် ချီးမြှောက်တော်မူနိုင်ကြမည် ဖြစ်ပါသည် ဘုရား။ “ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ” ဆိုသကဲ့သို့ ဆရာဒကာအချင်းချင်း ညီညာဝမ်းမြောက် အပြန်အလှန် ချီးမြှောက်မှုပြုကြ၍ သာသနာတော်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ကြပါက အနှစ်များမြောင် ငါးထောင်မက ရှည်ကြာစွာ တည်တံ့ခိုင်မြဲနေမည်ဖြစ်ပါသည် ဘုရား။

သို့ဖြစ်ပါ၍ ပရိယတ္တိဝန်ဆောင် စာအောင်အရှင်မြတ်တို့သည်လည်း မိမိတို့ဆိုင်ရာ ခုရနှစ်ဖြာကို ကျန်းမာချမ်းသာစွာ အားထုတ်တော်မူနိုင်ကြ၍ လည်းကောင်း၊ နိုင်ငံတော်အစိုးရ အမှူးပြုသော ဒါယကာ၊ ဒါယိကာမတို့သည်လည်း မိမိတို့ဆိုင်ရာ သာသနာနုဂ္ဂဟ အဝဝကို အားထုတ်နိုင်ကြ၍ လည်းကောင်း သာသနာတော်၏ အနှစ်ဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေဟု ပတ္ထနာပြုလျက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သမ္မောဒနီယ ဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသည် အရှင်မြတ်တို့ဘုရား။

## ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဂျပန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၁၈**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ အီချီရို မာရုယာမာအား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ဥပဒေဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**



**ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မိုးရာသီ သီးနှံထုတ်လုပ်မှုစရိတ်ချေးငွေများကို မေ ၁၇ ရက်က ပေါက်ခေါင်းမြို့ အမှတ် ၁ ရပ်ကွက်ရှိ ကျေးရွာအုပ်စုများမှ တောင်သူ ၇၂ ဦးတို့၏ ၁၈၆ ဧကကို ချေးငွေကျပ် ၂၇၉၀၀၀၀၀ ကို စတင်ထုတ်ချေးပေးစဉ်။**

ခရိုင် (ပြန်/ဆက်)

## သန်လျင်၌ တောင်သူ ၆၀၀၀ အတွက် စိုက်ပျိုးချေးငွေကျပ်သိန်း ၆၂၂၅၀ ထုတ်ချေးမည်

**ရန်ကုန် မေ ၁၈**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် သန်လျင်မြို့နယ်ဘဏ်ခွဲမှ မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၁၇ ရက်မှစတင်ကာ ဗိုလ်ချုပ်ကျေးရွာအုပ်စုမှ တောင်သူ ၁၀ ဦး၏ မိုးစပါးစိုက်ဧက ၉၀ အတွက် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၃၅ သိန်းအား စတင်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲမှ ၂၀၁၈ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများအား ကျေးရွာအုပ်စု ၂၈ အုပ်စုမှ တောင်သူ ၆၀၀၀တို့၏ မိုးစပါးစိုက်ဧက ၄၁၅၀၀ အတွက် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေကျပ် သိန်း ၆၂၂၅၀ အား လျာထားထုတ်ချေးပေးသွားမည် ဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးစရိတ်ချေးငွေ မိုးစပါး တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်း၊ အခြားသီးနှံ တစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းတို့ဖြင့် ထုတ်ချေးပေးမည်ဖြစ်ပြီး ငွေကျပ် ၁၀၀ လျှင် ၈ ရာခိုင်နှုန်းအတိုးနှုန်းဖြင့် ပေးသွင်းရမည်ဖြစ်ကြောင်း၊ တောင်သူတစ်ဦးချင်းက ၎င်းတို့ပိုင်ဆိုင်သော လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) မူရင်းကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ အပေါင်အဖြစ် ပေးအပ်၍ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ဇွန်လကုန်တွင် အပြီးထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**

## မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအဆင့်မှ လွတ်မြောက်ရေးဆိုင်ရာ စံနှုန်းသုံးခုလုံးနှင့် ပထမအကြိမ် ပြည့်မီကြောင်း CDP ထုတ်ပြန်

**နေပြည်တော် မေ ၁၈**

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ(LDC)အဆင့်မှ လွတ်မြောက်ရန် သတ်မှတ်ထားသည့် စံနှုန်းသုံးခုလုံးနှင့် ပထမဆုံးအကြိမ် ပြည့်မီလာပြီဖြစ်ကြောင်း ကုလသမဂ္ဂ၊ ဖွံ့ဖြိုးတိုးတက်မှု မူဝါဒဆိုင်ရာကော်မတီ(CDP) ၏ အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

အဆိုပါကိစ္စအား နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ဧပြီ ၁၉ ရက်တွင် ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီ (UN ECOSOC)၊ ဖွံ့ဖြိုးတိုးတက်မှု မူဝါဒဆိုင်ရာ ကော်မတီ (CDP) ၏ ၂၀၁၈ ခုနှစ် မတ်လ အစည်းအဝေး အစီရင်ခံစာတွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။

အဆိုပါ အစီရင်ခံစာအရ ၂၀၁၈ ခုနှစ်၊ သုံးနှစ်တစ်ကြိမ် လေ့လာသုံးသပ်မှု (Triennial Review) တွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ (LDC) အဆင့်မှ လွတ်မြောက်ရေးစံနှုန်းများအဖြစ် တစ်ဦးချင်းဝင်ငွေ (Gross National Income -GNI) အမေရိကန်ဒေါ်လာ ၁၂၃၀ ထက် ကျော်လွန်ရန်၊ လူသားအရင်းအနှီးညွှန်းကိန်း ( Human Access Index - HAI) ၆၆ နှင့် အထက်ရှိရန်နှင့် စီးပွားရေးထိခိုက်နစ်နာလွယ်မှုဆိုင်ရာ ညွှန်းကိန်း (Economic Vulnerability Index -EVI) ၃၂ နှင့်အောက်ရှိရန် လိုအပ်ကြောင်း သတ်မှတ်ထားသည်။

၂၀၁၈ ခုနှစ်အတွက် ပြုလုပ်ခဲ့သည့် သုံးနှစ်တစ်ကြိမ် လေ့လာသုံးသပ်မှုတွင် မြန်မာနိုင်ငံသည် GNI အမေရိကန်ဒေါ်လာ ၁၂၅၅၊ HAI ၆၈ ဒသမ ၅ နှင့် EVI ၃၁ ဒသမ ၇ ရရှိခဲ့သဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအဆင့်မှ လွတ်မြောက်ရေးဆိုင်ရာ သတ်မှတ်စံနှုန်း သုံးခုလုံးနှင့် ပြည့်မီသွားပြီဖြစ်ကြောင်း ထောက်ခံတင်ပြခဲ့သည်။ မြန်မာနိုင်ငံသည် ၁၉၈၇ ခုနှစ်တွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ စာရင်းဝင်ဖြစ်သွားခဲ့ပြီး နောက်ပိုင်း လွတ်မြောက်ရေးဆိုင်ရာစံနှုန်း သုံးခုလုံးနှင့် ပထမဆုံးအကြိမ် ပြည့်မီခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် လက်ရှိတိုးတက်မှုအရှိန်ကို ဆက်လက်ထိန်းသိမ်း၍ လာမည့် ၂၀၂၁ ခုနှစ် Triennial Review တွင် စံနှုန်း သုံးခုအနက် အနည်းဆုံး နှစ်ခုနှင့် ဆက်လက်ပြည့်မီပါက ယင်းနှစ်များနောက်ပိုင်းတွင် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများစာရင်းမှ လွတ်မြောက်မည့်လမ်းစ ပွင့်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ငြိမ်းချမ်းရေး နိုင်ငံဆီသို့

ခင်မောင်အေး (ခင်မွန်)

ငြိမ်းချမ်းရေးရရှိရန် ပါဝင်ဆွေးနွေးကြမည့် ပုဂ္ဂိုလ်ကြီးများ၏ စိတ်ထား၊ ကိုယ်ကျင့်တရား၊ သတိ၊ သမာဓိ၊ ဓလေ့စရိုက်၊ ဉာဏ်စရိုက်များ လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန်၊ အထောက်အကူပြုနိုင်ရန်၊ ဆရာကြီး ဦးရွှေအောင်၏ "ဓမ္မပဒ" ယမကဝဂ်လာ တိဿမထေရ်ဝတ္ထုမှ ကောက်နုတ်တင်ပြပါသည်။

ပထမဦးစွာ ဤဆောင်းပါးကို အထောက်အကူပြုနေသည့် အာရုံ၊ သိစိတ်၊ မသိစိတ်၊ ဉပါဒါန်၊ သညာ၊ ပညာ စသည့် စကားလုံးတို့၏ အဓိပ္ပာယ်များကို တင်ပြပါမည်။

**အာရုံ၊ သိစိတ်၊ မသိစိတ်၊ ဉပါဒါန်၊ သညာ၊ ပညာ**

ပုထုဇဉ်တို့၏ သိစိတ်သည် အာရုံကို ယထာဘူတကျကျ သိရန် ခဲယဉ်း၏။ သိစိတ်သည် မူလပင်ကိုအားဖြင့် ဖြူစင်သော်လည်း ယင်း၏နောက်ကွယ်၌ မသိစိတ်များသည် အင်နှင့်အားနှင့် ဖိအားပေးလျက်ရှိကြ၏။ "မသိစိတ်" ဟူသည် ပတ်ဝန်းကျင်၏ သဘာဝ၊ ယင်း၏အမြင်၊ ယင်း၏ဓလေ့စရိုက်၊ ဉာဏ်စရိုက်၊ ယင်း၏အယူဝါဒတို့ကို တွေ့ကြုံရာမှ စွဲထင်ကျန်ရစ်ခဲ့သော ကိလေသာများ၏ သတ္တိပင်ဖြစ်၏။ ယင်းတို့ကို ဉပါဒါန်များဟူ၍ ခေါ်၏။ ဉပါဒါန်များသည် နုရင့်အစဉ်အားဖြင့် နှလုံးသွင်း စရိုက်၊ ဉာဉ်၊ ဝါသနာ၊ အနုသယ ဟူ၍ အဆင့်ဆင့်ဖြစ်ထွန်းသွား၏။ ထိုမသိစိတ်များသည် "ဉပဒါ ပစ္စယာ ဘဝေါ" အရ ကမ္မဘဝအပေါ် အင်နှင့်အားနှင့် ဖိအားပေးကြ၏။ လွှမ်းမိုးကြ၏။ "ကမ္မဘဝ" ဟူသည် ကုသိုလ်သိစိတ်နှင့် အကုသိုလ်သိစိတ်များဖြစ်ကြ၏။ ထို့ကြောင့် သိစိတ်များသည် ကုသိုလ်ဖြစ်စေ၊ အကုသိုလ်ဖြစ်စေ မသိစိတ်များ၏ လွှမ်းမိုးမှုကြောင့် အာရုံကို ယထာဘူတကျကျ မသိနိုင်ဘဲ ဘက်လိုက်၍ သိခြင်းဖြစ်၏။

**အဆုံးအဖြတ်များ မှန်ကန်ပေလိမ့်**

တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုးဟူသော စကားပုံသည်လည်း ပဋိစ္စသမုပ္ပာဒ်၏ အနက်အဓိပ္ပာယ်ကို မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် ဖွင့်ဆိုခဲ့ခြင်းဖြစ်၏။ တံငါပတ်ဝန်းကျင်တွင် ကျင်လည်ရသူသည် ပြဿနာတစ်ရပ်နှင့် ကြုံတိုင်း တံငါသဘာဝ၊ တံငါအမြင်၊ တံငါဓလေ့စရိုက်၊ တံငါအယူဝါဒအတိုင်းသာ ဆုံးဖြတ်တတ်၏။ အခြားပတ်ဝန်းကျင်၌ ကျင်လည်ရသူများသည်လည်း မိမိတို့ကျင်လည်ရာ ပတ်ဝန်းကျင်၏ သဘာဝ၊ အမြင်၊ ဓလေ့စရိုက်နှင့် အယူဝါဒအတိုင်းသာ ပြဿနာကို ကိုင်တွယ်၍ ဖြေရှင်းကြလေ၏။ ဤသဘောကို ဆင်ခြင်နိုင်မှသာ ပုထုဇဉ်တို့သည် မသိစိတ်ကိလေသာများ၏ လွှမ်းမိုးမှုကို မိမိတို့၏ ကိုယ်ကျင့်သိက္ခာဖြင့် တွန်းလှန်ဖယ်ရှားပြီး အာရုံကို ယထာဘူတကျကျ သိနိုင်ပေလိမ့်မည်။ အာရုံကို ယထာဘူတကျကျ သိမြင်နိုင်မှလည်း အဆုံးအဖြတ်များ မှန်ကန်ပေလိမ့်မည်။

ကိလေသာများကို မပယ်သတ်နိုင်သရွေ့မည်မျှလောက် ပညာရှိပင်ဖြစ်စေ၊ မှားမြဲမှားလျက်ပင် ရှိကြမည်။ ယုတ်မာမြဲယုတ်မာလျက်ပင် ရှိကြမည်။ ဒေသနာတော်အရ ကိလေသာများကိုမပယ်သတ်နိုင်သရွေ့ပညာသည် ပညာအမည်ခံစေကာမူ ပညာမဟုတ် "သညာသာ" ဖြစ်ပါ၏။ ထို့ကြောင့် ပညာရှိဆိုသူတို့၏ ယုတ်မာမှုနှင့် ပညာမဲ့တို့၏ ယုတ်မာမှုသည် သကြားဖုံးထားသော အဆိပ်နှင့် ဖုံးမထားသော အဆိပ်သဖွယ်သာဖြစ်ပါ၏။ သကြားဖုံးထားသော အဆိပ်သည် အဆိပ်မှန်းသိရန် ခက်၏။ သကြားမဖုံးသောအဆိပ်ကား အဆိပ်မှန်းသိရန် လွယ်ကူ၏။ ဤမျှသာ ထူးသည်၊ အခြားထူးခြားချက် မရှိ။ ထို့ကြောင့် လောဘ၊ ဒေါသ၊ မောဟ ကိလေသာများ ပါးလျားသွားရန်၊ သတိ၊ သမာဓိဖြင့် ပြုပြင်ကြရပေလိမ့်မည်။

**ငြိမ်းချမ်းရေးနိုင်ငံဆီသို့**

- ဤသူသည် ငါ့ကိုဆဲရေး၏။ ညှဉ်းဆဲ၏။ အနိုင်အထက်ပြု၏။ ငါ့ပစ္စည်းကို မတရားယူ၏။
- ဤသို့ရန်ငြိုးဖွဲ့သူအား ရန်သည်မငြိမ်း။
- ဤသူသည် ငါ့ကိုဆဲရေး၏။ ညှဉ်းဆဲ၏။ အနိုင်အထက်ပြု၏။ ငါ့ပစ္စည်းကို မတရားယူ၏။
- ဤသို့ ရန်ငြိုးမဖွဲ့သူအား ရန်သည်ငြိမ်း၏။

သံယောဇဉ်ကြိုးများသည် ခိုင်မြဲကြ၏။ သံယောဇဉ်ကြိုးများတွင် ရန်ငြိုးဖွဲ့ခြင်းသည်လည်း ကြိုးတစ်ချောင်းအဖြစ် ပါဝင်၏။ ယင်းကြိုးကို "ပဋိဃ" သံယောဇဉ်ကြိုးဟု ခေါ်၏။ "ပဋိဃ" ဟူသည် အနက်အဓိပ္ပာယ်အားဖြင့် ဆန့်ကျင်ခြင်းဖြစ်၍ "ဒေါသ" သဘောရှိရာ ယင်းကြိုးကို ဖြတ်တောက်နိုင်မှ ရန်သည် ငြိမ်းပေလိမ့်မည်။

**ငြိမ်းနိုင်တော့မည်မဟုတ်**

"ပဋိဃ" သံယောဇဉ်ကြိုးကို ဖြတ်တောက်ရာတွင် မူရင်းဒေါသကို နောက်ဒေါသဖြင့် ဖြတ်တောက်၍ မရ။ ပထမပုဂ္ဂိုလ်၏ ဒေါသသည် အမှားတစ်ခုဖြစ်၏။ ယင်းအမှားကို အကြောင်းပြု၍ ဒုတိယပုဂ္ဂိုလ်က ဒေါသထပ်မံဖြစ်မည်ဆိုပါက ဒုတိယပုဂ္ဂိုလ်၏ ဒေါသသည်လည်း အမှားတစ်ခုပင်ဖြစ်၏။ သို့ဖြစ်၍ အမှားနှစ်ခု ပေါင်းလိုက်သောအခါ ညီမျှခြင်းအနေဖြင့် အမှန်တစ်ခု ရမလာဘဲ အမှားနှစ်ခုသာ ရလာပေလိမ့်မည်။ ဤနည်းဖြင့် အမှားများ ဆက်ကာဆက်ကာပွားပြီး ရန်သည် မည်သည့်အခါမျှ ငြိမ်းနိုင်တော့မည် မဟုတ်ချေ။

ပဋိဃ သံယောဇဉ်ကြိုးကို ဖြတ်တောက်သောအခါ ဒေါသကို အဒေါသဖြင့် ဖြတ်တောက်ရ၏။ အဒေါသဟူသည် မေတ္တာပင်တည်း။ လောကကို မေတ္တာစိတ်ဖြင့် ကြည့်နိုင်ပါက အရာရာတိုင်းသည် ငြိမ်းချမ်းပေလိမ့်မည်။ အကယ်၍ ဒေါသကို အဒေါသ မေတ္တာဖြင့် မချေဖျက်ပါက ယင်းဒေါသသည် သံသရာတစ်လျှောက်လုံး တစ်ဘဝပြီးတစ်ဘဝ "ပဋိဃ" သံယောဇဉ်ကြိုးအနေဖြင့် ရစ်ပတ်နှောင်ဖွဲ့ နေပေလိမ့်မည်။ မသိစိတ်အနေဖြင့် သိစိတ်ကို လွှမ်းမိုး၍ ကြိုးကိုင်ပေလိမ့်မည်။ အရာရာတိုင်းကို ဒေါသဖြစ်စရာ မကျေနပ်စရာအဖြစ် မြင်ပေလိမ့်မည်။ ထိုအခါ ဘဝသည် မငြိမ်းချမ်းနိုင်တော့ပေ။ ထို့ကြောင့် ဘဝငြိမ်းချမ်းရေးအတွက် သံယောဇဉ်ကြိုးအနေဖြင့် ရစ်ပတ်နှောင်ဖွဲ့လာသော ဒေါသကို အဒေါသတည်းဟူသော "မေတ္တာ" ဖြင့် ဖျက်မိအောင် ဖျက်အပ်ပါ၏။

**မြင်လာပေလိမ့်မည်**

"အတ္တ သမံ ပေမံနတ္ထိ" ဟူသည် မိမိလောက် ချစ်စရာကောင်းသော အရာဝတ္ထုမည်သည် မရှိဟုဆို၏။ အရာရာတိုင်းမှာ ချစ်စရာသဘောရှိ၏။ အရာရာတိုင်းမှာ အလှရှိပါ၏။ မီးမှာလည်း မီးအလှနှင့်မီး၊ ရေမှာလည်း ရေအလှနှင့်ရေ၊ အဆိပ်မှာလည်း အဆိပ်အလှနှင့်အဆိပ်၊ သို့ရာတွင် ထိုချစ်စရာ ထိုအလှကို ဘေးလူသူတစိမ်းအနေဖြင့် ကြည့်၍မမြင်။ မိမိကိုယ်တိုင်မီး၊ မိမိကိုယ်တိုင် ရေ၊ မိမိကိုယ်တိုင် အဆိပ်ဖြစ်ပြီး မိမိကိုယ်ကို မိမိပြန်ကြည့်မှ မိမိ၏ချစ်စရာ မိမိ၏အလှကို မြင်ရ၏။ ထို့ကြောင့် မိမိနှင့်တူသော ချစ်စရာဟူသည် မရှိဟူ၍ မြတ်စွာဘုရားက ဟောကြားတော်မူခြင်းဖြစ်၏။ ဝေဒန္တဒဿနကလည်း "အရာရာတိုင်းမှာ လေးစားစရာသဘော၊ ချစ်စရာသဘော၊ သွန်သင်တတ်သည့် သဘောရှိ၏။ ထိုသဘောကို ဘေးလူတစိမ်းများက မြင်သည်ဖြစ်စေ၊ မမြင်သည်ဖြစ်စေ၊ ရှိသည်ကားအမှန်" ဟူ၍ ဆိုလေသည်။

အရာရာတိုင်း၌ ချစ်စရာသဘောရှိ၏။ ချစ်စရာသဘောရှိသော်လည်း ထိုချစ်စရာသဘောကို မြင်အောင် မကြည့်တတ်။ အရာရာတိုင်း၌ အလှရှိ၏။ အလှရှိသော်လည်း ထိုအလှကို မြင်အောင်မကြည့်တတ်။ ထိုသို့ မြင်အောင်မကြည့်တတ်ခြင်းသည် မကြည့်တတ်သူ၏အပြစ်၊ မကြည့်တတ်သူ၏ အဝိဇ္ဇာအသိမှားဖြစ်၏။ သို့ဖြစ်၍ ထိုအပြစ်၊ ထိုအဝိဇ္ဇာကို ဖယ်ရှားရန် လိုအပ်ပါ၏။ အဝိဇ္ဇာကို ဖယ်ရှားသောအခါ သူ၏ဆန့်ကျင်ဘက် ဝိဇ္ဇာအသိမှန်ဖြင့် ဖယ်ရှားရ၏။ အဝိဇ္ဇာအသိမှား ပျောက်လေသောအခါ အရာရာတိုင်း၌ ချစ်စရာသဘော(မေတ္တာ)၊ အရာရာတိုင်း၌ ကြင်နာစရာသဘော (ကရုဏာ)၊ အရာရာတိုင်း၌ ဝမ်းမြောက်စရာသဘော (မုဒိတာ)၊ အရာရာတိုင်း၌ ခွင့်လွှတ်စရာသဘော (ဥပေက္ခာ) တို့ကို မြင်လာပေလိမ့်မည်။

ဤလောက၌ အမြင်သုံးမျိုးရှိ၏။ ပထမအမြင်မှာ မိမိ၏ မျက်စိရှေ့၌ ရှိသလောက်သာ မြင်စွမ်းနိုင်သော အမြင်ဖြစ်၏။ ယင်းအမြင်မျိုးကို ပစ္စက္ခဒိဋ္ဌိဟူ၍ ခေါ်၏။ ယင်းအမြင်ဖြင့် လောက၏ ချစ်စရာ၊ ကြင်နာစရာ၊ ကျေနပ်စရာနှင့် ခွင့်လွှတ်စရာသဘောကို မမြင်နိုင်၊ လောက၏ လေးစားစရာသဘောကို မမြင်နိုင်၊ လောက၏ သွန်သင်ချက်ကို သဘောမပေါက်။ ထိုအခါ ဒေါသပွားတတ်၏။ "ပဋိဃ" သံယောဇဉ်ဖြင့် ရစ်ပတ်ဖွဲ့နှောင်ခြင်း ခံရ၏။ သို့ရာတွင် မိမိကိုယ်ကိုယ်မှ တိဿမထေရ်ကဲ့သို့ပင် အမှန်ဘက်မှ ရပ်တည်သူဟူ၍ မြင်၏။ ဤသဘောမှာ အဝိဇ္ဇာအသိမှားသဘောသာဖြစ်၏။ ဒုတိယအမြင်မှာ မိမိ၏ ရှေ့မှောက်ရှိ ရှိသလောက်ကိုသာမက ယင်းနှင့်ဆက်စပ်ပြီး ယင်း၏ နောက်ကွယ်ရှိ အရာများကိုပါ မြင်၏။ ယင်းအမြင်မျိုးကို "အနုမိတဒိဋ္ဌိ" ဟူ၍ ခေါ်၏။ ယင်းအမြင်သည် ပစ္စက္ခဒိဋ္ဌိထက်သာသည်မှန်သော်လည်း လောက၏ အလှကို မြင်အောင် မကြည့်တတ်သေးသဖြင့် အားကိုးလောက်သောအမြင် မဟုတ်သေးပေ။

ပစ္စက္ခဒိဋ္ဌိနှင့် အနုမိတဒိဋ္ဌိတို့သည် မိမိက သူတစ်ပါးကို ကြည့်သည့် အကြည့်မျိုး၊ မိမိက သူတစ်ပါးကို မြင်သည့် အမြင်မျိုးသာဖြစ်၏။ မိမိက မိမိကိုယ်ကိုယ်ကြည့်သည့် အကြည့်မျိုး၊ မိမိက မိမိကိုယ်ကိုယ်မြင်သည့် အမြင်မျိုးမဟုတ်။ ထို့ကြောင့် လောက၏ အလှကို မမြင်နိုင်ခြင်း ဖြစ်၏။ အရာရာတိုင်း၏ ချစ်စရာသဘောကို မြင်နိုင်ခြင်းဖြစ်၏။ အမှန်အားဖြင့် မိမိက မိမိကိုယ်ကို ပြန်ကြည့်မှသာ မိမိအလှ၊ မိမိ၏ ချစ်စရာသဘောကို မမြင်နိုင်ခြင်းဖြစ်လေရာ လောကကို ထိုအကြည့်မျိုးဖြင့် ကြည့်ဖို့လို၏။ ထိုအမြင်မျိုးဖြင့် မြင်ဖို့လို၏။

**အာဃာတသံသရာ တိုပေလိမ့်**

မီးကိုကြည့်လျှင်လည်း မိမိကိုယ်တိုင်က မီးဖြစ်ထားဖို့လို၏။ ရေကိုကြည့်လျှင်လည်း မိမိကိုယ်တိုင်က ရေဖြစ်ထားဖို့လို၏။ အဆိပ်ကိုကြည့်လျှင်လည်း မိမိကိုယ်တိုင်က အဆိပ်ဖြစ်ထားဖို့လို၏။ ထိုအခါမှသာ မီး၏အလှ၊ ရေ၏အလှ၊ အဆိပ်၏အလှကို မြင်နိုင်၏။ ကြည့်သူနှင့် အကြည့်ခံပုဂ္ဂိုလ်တို့ နှစ်မျိုးမကွဲပြား။ တစ်သားတည်းဖြစ်မှသာ အကြည့်ခံပုဂ္ဂိုလ်တို့၏ အလှ၊ အကြည့်ခံပုဂ္ဂိုလ်တို့၏ ချစ်စရာ၊ ကြင်နာစရာ၊ ကျေနပ်စရာ၊ လေးစားစရာ၊ ခွင့်လွှတ်စရာတို့ကို မြင်နိုင်ပါ၏။ ထိုသို့မြင်မှသာ ကြည့်သူ၏ သန္တာန်၌ အဒေါသတရား "မေတ္တာ" ဖြစ်မည်။ ပြဟ္မစိုရ်တရား ပွားမည်။ ဒေါသအာဃာတ ပြေပျောက်၍ ဘဝသည် ငြိမ်းချမ်းပေလိမ့်မည်။ အာဃာတသံသရာသည် တိုပေလိမ့်မည်။

လောက၏အလှ၊ အရာရာတိုင်း၏အလှကို မြင်နိုင်သော အမြင်မျိုးကို "သစ္စိကတဒိဋ္ဌိ" ဟူ၍ ခေါ်၏။ တတိယအမြင်မျိုးဖြစ်သည်။ ယင်းအမြင်မျိုးသည်သာ ဘဝငြိမ်းချမ်းရေးအတွက် အားကိုးလောက်သော အမြင်မျိုးဖြစ်၏။ ယင်းအမြင်မျိုးဖြင့် လောကကိုမြင်တတ်ရန် လွယ်ကူသည်မဟုတ်။ မလွယ်ကူသော်လည်း မဖြစ်နိုင်ကောင်းသော အရာလည်းမဟုတ်။ လူမျိုးစုခေါင်းဆောင်များ၊ နိုင်ငံ့ခေါင်းဆောင်များ၊ တပ်မတော်ခေါင်းဆောင်များအနေဖြင့် နိုင်ငံငြိမ်းချမ်းရေးအတွက်၊ တိုင်းပြည်အကျိုးအတွက် ပါရမီမြောက်ကုသိုလ်အနေဖြင့် အားထုတ်လျှင် ဖြစ်နိုင်သည်။

ထို့ကြောင့် ထိုအမြင်မျိုးဖြင့် လောကကို မြင်နိုင်စေရန် မိမိ၏သန္တာန်၌ ကိုယ်ကျင့်သီလကို စောင့်ထိန်းရ၏။ တည်ကြည်မှု သမာဓိကို ခိုင်မာအောင် ပွားရ၏။ အမြင်နှင့် အတွေးကို ကြည်လင်သန့်ရှင်းအောင် ကြိုးစားရ၏။ ထိုအခါ သိက္ခာသုံးပါး ပြည့်စုံ၏။ သိက္ခာသုံးပါး ပြည့်စုံပါက လိုအပ်သော "သစ္စိကတဒိဋ္ဌိ" အမြင်ဖြင့် လောက၏ အလှကို မလွဲမသွေ မြင်နိုင်ပေလိမ့်မည်။ ဒေါသအာဃာတတို့ကို ပယ်ဖျောက်၍ ရန်ငြိမ်းပြီး ဘဝသည် အေးချမ်းသာယာပေလိမ့်မည်။ အသိမှန်ဝိဇ္ဇာဖြင့် အသိမှားအဝိဇ္ဇာကို ပယ်နိုင်ပေလိမ့်မည်။ သို့ဖြစ်၍ ဤကျင့်စဉ်အတိုင်း လိုက်နာကျင့်သုံးရန် မြတ်စွာဘုရားက ဤဂါထာနှစ်ဂါထာကို ဟောကြားတော်မူခဲ့ခြင်းဖြစ်သည်။ ဤဒေသနာတော်အဆုံး၌ တိဿမထေရ်သည် ခေါင်းမာသူ မဟုတ်တော့ဘဲ ဆိုဆုံးမရ လွယ်သူဖြစ်သွား၏။

> **""ပဋိဃ" သံယောဇဉ်ကြိုးကို ဖြတ်တောက်ရာတွင် မူရင်းဒေါသကို နောက်ဒေါသဖြင့် ဖြတ်တောက်၍ မရ။ ပထမပုဂ္ဂိုလ်၏ ဒေါသသည် အမှားတစ်ခုဖြစ်၏။ ယင်းအမှားကို အကြောင်းပြု၍ ဒုတိယပုဂ္ဂိုလ်က ဒေါသထပ်မံဖြစ်မည်ဆိုပါက ဒုတိယပုဂ္ဂိုလ်၏ ဒေါသသည်လည်း အမှားတစ်ခုပင်ဖြစ်၏။ သို့ဖြစ်၍ အမှားနှစ်ခု ပေါင်းလိုက်သောအခါ ညီမျှခြင်းအနေဖြင့် အမှန်တစ်ခုရမလာဘဲ အမှားနှစ်ခုသာ ရလာပေလိမ့်မည်။ ဤနည်းဖြင့် အမှားများ ဆက်ကာဆက်ကာပွားပြီး ရန်သည် မည်သည့်အခါမျှ ငြိမ်းနိုင်တော့မည် မဟုတ်ချေ"**

ကျွန်ုပ်တို့သည်လည်း နိုင်ငံငြိမ်းချမ်းရေးအတွက် ခေါင်းမာသူ၊ ဆိုဆုံးမရခက်သူ မဖြစ်စေရန် တိဿမထေရ်၏ ထုံးကို နှလုံးမူပြီး မိမိကိုယ်ကိုယ် ပြုပြင်အပ်ပါသည်။ ။

**မှတ်ချက်။ ။ ပစ္စက္ခဒိဋ္ဌိ၊ အနုမိတဒိဋ္ဌိ၊ သစ္စိကတဒိဋ္ဌိ ဟူသော ဝေါဟာရတို့သည် မူရင်းပါဠိဝေါဟာရများ မဟုတ်ကြ။ ရှုတ်ဆိုရလွယ်ကူစေရန် မူရင်းသက္ကတဝေါဟာရများကို ဆရာကြီး ဦးရွှေအောင်က အနီးကပ်ဆုံး ပါဠိပြန်ထားသည့် ဝေါဟာရများသာ ဖြစ်ကြပါသည်။**

## ရမည်းသင်း၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပ

**ရမည်းသင်း မေ ၁၈**

ကျေးရွာများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ကျေးလက်နေပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးဆောင်ကျင်းပသော 'ကျေးလက်ဒေသဖွံ့ဖြိုးဖို့ ဝိုင်းဝန်းဆောင်ရွက်စို့' ခေါင်းစဉ်ဖြင့် ရမည်းသင်းမြို့နယ် သိမ်ကုန်းကျေးရွာအုပ်စု ဥယျာဉ်ကျောင်းတိုက်ဓမ္မာရုံ၌ မေ ၁၇ ရက်က ကျေးလက်ပြည်သူ့စကားဝိုင်း ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းဟန်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သိမ့်သိမ့်မျိုးက ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆွေးနွေးမည့်သူများဖြစ်သော အမှတ် (၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ အမှတ် (၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးဦး၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းဟန်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးသက်နိုင်အေး၊ မြို့နယ်ပညာရေးမှူး ဒေါ်ယဉ်ယဉ်နု၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မြင့်မြင့်မော်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုနှင့်စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးမြတ်မိုး၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချရေးစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးအန်ခါထောင်(ပ်)၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်နိုင်မိုးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးပေါ်လွင်တို့ ပါဝင်ဆွေးနွေးကြပြီး ကျေးရွာပြည်သူများကိုယ်စား ထောက်ကြံ့ချင်းဘုန်းတော်ကြီးကျောင်းဆရာတော် ဦးကော်လိနိယက ကျေးလက်ကျန်းမာရေးကဏ္ဍကို ဆွေးနွေးပြီး တက်ရောက်လာသည့် ဒေသခံများကို ကဏ္ဍတစ်ခုချင်း ဆွေးနွေးတင်ပြကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစားပေးဆောင်ရွက်နေသည့် လုပ်ငန်းလျာထားဆောင်ရွက်မှုကို ပြန်လည်ဆွေးနွေး ဖြေကြားခဲ့ကြောင်း သိရသည်။




ဇော်ဝင်းအောင် (ပြန်/ဆက်)

# နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်းတို့ကို လွှတ်တော်ကအတည်ပြု

**နေပြည်တော် မေ ၁၈**
ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ပြည်ထောင်စု လွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ ဆိုင်ရာဥပဒေကြမ်းတို့ကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံးတွင် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးရန် တင်ပြထားသော ဦးတင်မောင်မြင့်အား လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီတွင် ဒုတိယဥက္ကဋ္ဌ (၂) ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏သဘောထားရယူရာ လွှတ်တော်က သဘောတူကြောင်းဆုံးဖြတ်သည်။

**လွှတ်တော်ကိုယ်စားလှယ်များဆွေးနွေး**

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ငြိမ်းချမ်းရေးနှင့် အလိုက်သင့် တွန်းလှန် လွန်မြောက်နိုင်စွမ်းရှိမှုတို့အတွက် အလုပ်အကိုင်နှင့် သင့်လျော်ကောင်းမွန်သော အလုပ်ဆိုင်ရာ တိုက်တွန်းချက် အမှတ်(၂၀၅)ကို မှတ်တမ်းတင်နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**အထူးသတိပြုဆင်ခြင်**

တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီး မြင့်ဟန်က Recommendation 205 တွင် လူ့အခွင့်အရေး၊ Social Justice ၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ပဋိပက္ခနှင့် သဘာဝဘေးမှ ပေါ်ပေါက်လာသည့် အကျပ်အတည်းများ၊ ကြိုတင်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့ကို ခြုံငုံကာ ခံနိုင်ရည်ရှိပြီး သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်အရေးကြီးမှုတို့ကို ခေတ်ကာလနှင့်အညီ ရည်ရွယ်၍ ပြုစုဆောင်ရွက်ထားသည်ကို တွေ့ရှိရပါကြောင်း၊ လက်ရှိ နိုင်ငံတော်တွင် ဆောင်ရွက်နေသည့် ထာဝရငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မထိခိုက်ရန် Social Justice ဆိုသည့် wording အောက်တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကို မထိခိုက်စေရန် အထူးသတိပြုဆင်ခြင်ဆောင်ရွက်နိုင်ရန် ဆွေးနွေးလိုပါကြောင်း။

မိမိတို့ မြန်မာနိုင်ငံ၏ Social Justice ဖြစ်သည့် လောကပါလတရားနှင့်အညီ လက်ရှိနိုင်ငံတော်၏ မျက်မှောက်ပြုထားရသည့် လုံခြုံရေးအခြေအနေကို မှန်ကန်စွာ တွက်ဆမြော်မြင်ပြီး နိုင်ငံတကာစံနှုန်းများကို မိမိတို့၏ အမျိုးသားရေးစံနှုန်းများနှင့် အပ်စပ်စွာ ပုံဖော်၍ ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြမှသာ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ယှဉ်တွဲဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း ၊ ထို့ကြောင့် ILO ညီလာခံ၏ Recommendation 205 ပါ အချက်များကို မိမိတို့၏ အမျိုးသားစံနှုန်းနှင့် လုံလောက်သည့်



❐ **ငြိမ်းချမ်းရေးနှင့် အလိုက်သင့် တွန်းလှန် လွန်မြောက်နိုင်စွမ်းရှိမှုတို့အတွက် အလုပ်အကိုင်နှင့် သင့်လျော်ကောင်းမွန်သော အလုပ်ဆိုင်ရာ တိုက်တွန်းချက် အမှတ်(၂၀၅)သည် မြန်မာနိုင်ငံ ILO အဖွဲ့ဝင်အဖြစ် မဝင်ရောက်မီ ၁၉၄၄ ခုနှစ် တိုက်တွန်းချက်အမှတ် (၇၁)ကို ကျယ်ပြန့်လာစေရေးနှင့် ပဋိပက္ခနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်လာသော အကျပ်အတည်းအခြေအနေများ ပြန်လည်တည်ဆောက်ခြင်းနှင့် အလိုက်သင့် တွန်းလှန်လွန်မြောက်နိုင်စွမ်းရှိမှုတို့အတွက် လူမှုကာကွယ်ရေးဆိုင်ရာ အစီအမံများ ပေါ်ပေါက်အားကောင်းလာစေရန်၊ ဖွံ့ဖြိုးတိုးတက်ရန်တို့ကို အလေးထားပြီး ပြင်ဆင်ရန် လိုအပ်ချက်အရ ခေတ်နှင့်အညီဖြစ်သော လမ်းညွှန်ချက်ဖြင့် အသုံးပြုရန် ၂၀၁၇ ခုနှစ် ဇွန်လတွင် အတည်ပြုခဲ့ခြင်းဖြစ်**

အမြင်ဖြင့် ရှုကြည့်ဆင်ခြင်မှသာ လောကပါလတရားနှင့်ညီသည့် ပြည်သူလူထု၏ ကျေနပ်သော လူမှုဘဝကို ဖော်ဆောင်နိုင်ရေးကို ဦးတည်နိုင်မည်ဖြစ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ဒေါ်ပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင် (ခေါ်) ဦးပြုံးချိုက ငြိမ်းချမ်းရေးနှင့် အလိုက်သင့် တွန်းလှန် လွန်မြောက်နိုင်စွမ်းရှိမှုတို့အတွက် အလုပ်အကိုင်နှင့် သင့်လျော်ကောင်းမွန်သော အလုပ်ဆိုင်ရာ တိုက်တွန်းချက် အမှတ်(၂၀၅)သည် မြန်မာနိုင်ငံ ILO အဖွဲ့ဝင်အဖြစ် မဝင်ရောက်မီ ၁၉၄၄ ခုနှစ် တိုက်တွန်းချက်အမှတ် (၇၁) ကို ကျယ်ပြန့်လာစေရေးနှင့် ပဋိပက္ခနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်လာသော အကျပ်အတည်း အခြေအနေများ ပြန်လည်တည်ဆောက်ခြင်းနှင့် အလိုက်သင့် တွန်းလှန်လွန်မြောက်နိုင်စွမ်းရှိမှုတို့ အတွက် လူမှုကာကွယ်ရေးဆိုင်ရာ အစီအမံများ ပေါ်ပေါက်အားကောင်းလာစေရန်၊ ဖွံ့ဖြိုးတိုးတက်ရန်တို့ကို အလေးထားပြီး ပြင်ဆင်ရန် လိုအပ်ချက် အရ ခေတ်နှင့်အညီဖြစ်သော လမ်းညွှန်ချက်ဖြင့် အသုံးပြုရန် ၂၀၁၇ ခုနှစ် ဇွန်လတွင် အတည်ပြုခဲ့ခြင်းဖြစ်ပါကြောင်း။

**အလေးထားဂရုပြုသင့်**

ယခု တိုက်တွန်းချက် အမှတ် (၂၀၅)သည် ငြိမ်းချမ်းရေးဖော်ဆောင်မှုအတွက် အထောက်အကူပြုမည့် တိုက်တွန်းချက်ဖြစ်လာနိုင်သည့်အတွက် ယခုတိုက်တွန်းချက်ကို မှတ်တမ်းတင်ပြီး အလေးထားဂရုပြုသင့်ပါကြောင်း ဆွေးနွေးသည်။

အလားတူ နမ္မတူ မဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး ခင်မောင်ထွန်းနှင့် ဒုတိယဗိုလ်မှူးကြီး လှနိုင်တို့က ဆွေးနွေးကြသည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ အရေးပေါ်ရန်ပုံငွေမှ နိုင်ငံခြားရေးဝန်ကြီးဌာနအတွက် ငွေကျပ် ၃၁၉ ဒသမ ၆၆၇၆၆ သန်း ခွဲဝေသုံးစွဲခဲ့သည့် ကိစ္စရပ်နှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က အဆိုပါ ငွေကျပ် ၃၁၉ ဒသမ ၆၆၇၆၆ သန်းမှာ မြန်မာသံရုံး၊ အစ္စလာမ္မာဘတ် မြို့တွင် လုံခြုံရေးဆိုင်ရာလုပ်ငန်းများ မဖြစ်မနေ အကောင်အထည်ဖော်နိုင်ရေးအတွက် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခွင့်လျှောက်ထားခဲ့ရာ ၂၀၁၈ ခုနှစ် မတ် ၂၆ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့မှ ကြိုတင်ခွင့်ပြုခဲ့ပြီး ၂၀၁၈ ခုနှစ် ဧပြီ ၆ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် ၆/၂၀၁၈ တွင်လည်း ခွင့်ပြုပြီးဖြစ်ပါကြောင်း၊ အဆိုပါ ခွင့်ပြုချက်မှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ကုန်ခါနီးတွင် ရရှိသဖြင့် ၂၀၁၈ ခုနှစ် ၆ လစီမံကိန်းတွင် ၎င်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုတင်ပြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ငွေလုံးငွေရင်း အသုံးစရိတ်ဖြစ်သည့် ငွေကျပ် ၃၁၉ ဒသမ ၆၆၇၆၆ သန်းအား အစ္စလာမ္မာဘတ်မြို့ မြန်မာသံရုံး၏ လုံခြုံရေးအရ အရေးတကြီးလိုအပ်လျက်ရှိသည့် လုပ်ငန်းများအတွက် အရေးပေါ် ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရေး ပြည်ထောင်စု လွှတ်တော်ကခွင့်ပြုနိုင်ရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါ ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့ထားသော အမျိုးသားပညာရေးမူဝါဒ ကော်မရှင်ကို ပြင်ဆင်ဖွဲ့စည်းရေးကိစ္စနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရှင်းလင်းတင်ပြသည်။

အဆိုပါ ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က အတည်ပြုသည်။

**ပူးပေါင်းဆောင်ရွက်မှုလိုအပ်**

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ ၂၀၁၇ ခုနှစ်၊ နှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်သည် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများကို တစ်နှစ်ထက်တစ်နှစ် တိုးတက်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှု အထူးလိုအပ်ပါကြောင်း။

**အချိန်မီဖြေရှင်းမှုများပြုလုပ်နိုင်**

အချို့တိုင်ကြားချက်များကို စိစစ်ဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားခဲ့ရာတွင် စနစ်တကျ စိစစ်ခြင်း၊ ဖြေရှင်းဆောင်ရွက်ပေးခြင်းနှင့် ကော်မရှင်ထံသို့ အလေးထားပြန်ကြားခြင်းများ ပြုလုပ်ခဲ့ကြသည်ကို တွေ့ရပါကြောင်း၊ ထို့အတူ နိုင်ငံပိုင်နှင့် ပုဂ္ဂလိက မီဒီယာများအနေဖြင့်လည်း လူ့အခွင့်အရေး ချိုးဖောက်မှု ဖြစ်စဉ်များကို ကြိုးပမ်းလေ့လာဖော်ပြခဲ့ခြင်းကြောင့် ကော်မရှင်အနေဖြင့် လွယ်ကူလျင်မြန်စွာသိရှိပြီး အချိန်မီဖြေရှင်းမှုများ ပြုလုပ်နိုင်ခဲ့သည့်အပြင် ကော်မရှင်၏ လုပ်ဆောင်မှုများကို အချိန်နှင့်တစ်ပြေးညီ မီဒီယာများက ထုတ်ပြန်ပေးခြင်းများကြောင့် ပိုမိုထိရောက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၁၈ ခုနှစ်တွင်လည်း မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေး အသိပညာ ပိုမိုမြင့်မားပြီး လူ့အခွင့်အရေးဖောက်ဖျက်မှုများ လျော့ပါးစေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခေါ်) ဦးမောင်စိုးက ဆွေးနွေးပြီး တစ်ပိုဒ်ချင်းစီအလိုက် ဥပဒေကြမ်းကော်မတီက အဆိုတင်သွင်းပြီး လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် တတိယ အခြေပြုစာချုပ်ကို မြန်မာနိုင်ငံမှ အတည်ပြုရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ ကန့်ကွက်သူမရှိသည့်အတွက် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို မေ ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးမြင့်၊ မျိုးသူဟိန်း(သတင်းစဉ်)**

---

❖ *ကျော်ဖုံးမှ*

ရန်ကုန် နှစ်ပွဲ၊ မန္တလေး နှစ်ပွဲ၊ တောင်ကြီး တစ်ပွဲနဲ့ မော်လမြိုင် တစ်ပွဲ ကျင်းပသွားမှာပါ၊ ခုသွေးသစ်အောင်နဲ့ ထိုးမယ့် ထိုင်းကစားသမားက မြန်မာ့ရိုးရာလက်ဝှေ့ကို တစ်ကြိမ်တစ်ခါမှ မထိုးဖူးသေးပါဘူး၊ အခု မော်လမြိုင်မှာ ကျင်းပဖို့ စဉ်းစားတာက မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဟာ ရိုးရာလက်ဝှေ့ကစားသမားတွေ ထွက်တာများတဲ့အတွက် အခုလို မော်လမြိုင်ကို ရွေးဖြစ်တာပါသလို၊ အဲဒီမှာ ရိုးရာလက်ဝှေ့မကျင်းပတာလည်း ကြာပြီမို့ အခုလို ကျင်းပဖို့ ရည်ရွယ်လိုက်တာပါ” ဟု Lethwei Nation Fight ပွဲစီစဉ်သူ ဦးဖြိုးကိုကိုနိုင်က ပြောသည်။

Lethwei Nation Fight-4 မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် ပွဲစဉ်စုစုပေါင်း ခုနစ်ပွဲ ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး အဓိကတွဲဆိုင်းအဖြစ် မြန်မာ့ရိုးရာလက်ဝှေ့ကျော် ၂၀၁၅-၂၀၁၇ ရွှေခါးပတ်ချန်ပီယံ သွေးသစ်အောင်နှင့် ထိုင်းနိုင်ငံမှ မွေထိုင်းလက်ဝှေ့ကျော် နောင်အို့(မွေထိုင်းခါးပတ်နှစ်ခုပိုင်ရှင်)တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

ဒုတိယ Main Fight အနေဖြင့် ရဲသွေးနီနှင့် လုဗ္ဗနီမွေထိုင်းချန်ပီယံ ယော့ဆီလာတို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး အခြားတွဲဆိုင်းများမှာ ဒေါင်းဖြူလေးနှင့် မက်မွေထိုင်းချန်ပီယံ ယော့ကဝမ်၊ ထွန်းတောက်ကြယ်(မုဒုံစတား)နှင့် ပိုက်ထွေး (ရွှေသထုံ)၊ ဝမ်ချိုး(ဖီးနစ်)နှင့် ဝမ်းဝမ်း(သုံးပန်လှ)၊ ဆန်းသူအောင်(ဖီးနစ်)နှင့် စိန်မိုးပျံ(ရွှေသထုံ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ အမျိုးသမီး အထူးစိန်ခေါ်ပွဲအနေဖြင့် နော်ဥမ္မာစိုး(ဖီးနစ်)နှင့် စုလှိုင်ဦး (တောင်ဇလပ်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

မေ ၂၇ ရက်တွင် ကျင်းပမည့် Lethwei Nation Fight -4 ပြိုင်ပွဲတွင် ရိုးရာလက်ဝှေ့ဝါသနာရှင်ပြည်သူများ ကြည့်ရှုနိုင်မည့် ဈေးနှုန်း လက်မှတ်ခများကို ငွေကျပ် ၅၀၀၀၊ ၁၀၀၀၀ နှင့် ၁၅၀၀၀ တို့ကို သတ်မှတ်ထားပြီး ရန်ကုန်နှင့် မော်လမြိုင်မြို့တို့တွင် လက်မှတ်များ စတင်ရောင်းချပေးလျက်ရှိကြောင်းနှင့် ယင်းပြိုင်ပွဲကြီးကို MRTV-4 မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား တွန်းဇံပိုးစာခြံ တာဝန်ရှိသူများက ပိုးစာပင်များ စိုက်ပျိုးထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။ သတင်းစဉ်

❍ ကျော့ဖုံးမှ

ဆက်လက်၍ မြန်မာ - အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ဈေးများ ဖွင့်လှစ်နိုင်ရန် လျာထားသည့်နေရာကို ကြည့်ရှုရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က နယ်စပ်ဈေးတည်ဆောက်ဖွင့်လှစ်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**တည်ဆောက်ပြီးစီးမှု ရှင်းလင်း**

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား ကျီခါးမြို့ လမ်းဦးစီးဌာနရိပ်သာ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဦးကျော်မျိုးထွဋ်က ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် ချင်းပြည်နယ်လမ်းဦးစီးဌာနမှ ဆောင်ရွက်မည့်လုပ်ငန်းများ၊ ပြည်နယ်၏ တောင်၊ မြောက် အဓိကဆက်သွယ်သည့် လမ်းများအား ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ပင်မဘတ်ဂျက်ဖြင့် တီးတိန် - တွန်းဇံ - ကျီခါးလမ်း မိုင် ၃၀၊ ဟားခါး - မတူပီလမ်း မိုင် ၃၀ နှင့် မတူပီ - ပလက်ဝလမ်း မိုင် ၃၀ စုစုပေါင်းလမ်းမိုင် ၉၀ ကို ၁၈ ပေကျယ် ကွန်ကရစ်လမ်းနှင့် ၁၂ ပေ ကျယ် ကတ္တရာလမ်းသစ်များအဖြစ် ဆောင်ရွက်သွားမည့်အစီအစဉ်၊ သဘာဝဘေးဒဏ်ကြောင့်ကလေး- ဖလမ်း တောင်ပြိုလမ်းပိတ်ဆို့မှုများကို အချိန်ကြာမြင့်စွာ မဖြစ်ပေါ်ရေးအတွက် ဆောင်ရွက်ခဲ့မှုနှင့် ကြို့တင်ကာကွယ်မှုအနေဖြင့် လမ်းတာချဲ့ခြင်း၊ မြေထိန်း၊ မြေကာနံရံများ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

တင်ပြချက်များအပေါ် ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းပေးပြီး ချင်းပြည်နယ်၏ အဓိကဆက်သွယ်ရေးလမ်းဖြစ်သည့် မော်တော်ကားလမ်းများကို ပြည်သူများအနေဖြင့် ရာသီမရွေး ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ယခုထက်ပိုမိုကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုသည် ပြည်နယ်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ပိုမိုဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ကျီခါးမြို့ ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးဝါးကုသမှု ခံယူနေကြသည့် အမျိုးသား၊ အမျိုးသမီးလူနာများအား တွေ့ဆုံအားပေးစကားပြောကြား၍ ထောက်ပံ့ငွေများပေးအပ်ကြပြီး ဆေးရုံဆေး ပဒေသာပင်အတွက် ငွေကျပ် ၁၀ သိန်းကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ကျီခါးတိုက်နယ်ဆေးရုံတိုးချဲ့ဆောင် တည်ဆောက်မည့်နေရာအား ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် တီးတိန် - ကျီခါးလမ်းအား အမာခံကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်နေမှုနှင့် နတ်ဇန်ကျေးရွာအနီးရှိ မဏိပူရမြစ်ကူး အရှည်ပေ ၄၅၀ ရှိ နှစ်လွှာထပ် ဘေလီသံပေါင် နတ်ဇန်တံတား ကြံ့ခိုင်မှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**အလေးထားဆောင်ရွက်**

ထိုသို့စစ်ဆေးရာတွင် ဒုတိယသမ္မတက လမ်းအရည်အသွေးဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ တည်ဆောက်သွားရန်နှင့် ရေရှည်ကြံ့ခိုင် ကောင်းမွန်ရေးအတွက် အလေးထားဆောင်ရွက်သွားကြရန် မှာကြားသည်။

**အားပေးစကားပြောကြား**

ယင်းနောက် ဒုတိယသမ္မတ နှင့်အဖွဲ့ဝင်များသည် တွန်းဇံမြို့ ၂၅ ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီး ဒေါက်တာထန်ရှန်းခိုင်နှင့်တာဝန်ရှိသူများက တိုးချဲ့ဆောင် တည်ဆောက်ပြီးစီးမှုနှင့် ပြည်သူများအား ဆေးဝါးစောင့်ရှောက်ပေးနေမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသပြီး ဆေးဝါးကုသမှု ခံယူနေကြသည့် ဒေသခံပြည်သူများအား အားပေးစကားပြောကြား၍ ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တွန်းဇံပိုးစာခြံသို့ ရောက်ရှိရာ တာဝန်ရှိသူများက ပိုးစာပင်များ စိုက်ပျိုးထားမှုနှင့် ပိုးမွေးမြူရေးရုံများကို လိုက်လံရှင်းလင်းပြသရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပိုးစာပင် စိုက်ပျိုးခြင်းဖြင့် ဒေသခံမိသားစုဝင်များ၏ ဝင်ငွေကို တိုးတက်စေမည့်အပြင် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းကို အစားထိုးလုပ်ကိုင်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပိုးစာခြံအား စနစ်တကျ အဆင့်မြှင့်တင်ဆောင်ရွက်သွားရန်နှင့် သုတေသနတွေ့ရှိချက်များကို ပြည်သူများသို့ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးခြင်းဖြင့် ပိုးစာပင်စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ပိုးအိမ်ပေါင်း ရှစ်သောင်းကျော်ထုတ်**

တွန်းဇံပိုးစာခြံသည် တီးတိန် - တွန်းဇံကားလမ်းမကြီးဘေး တွန်းဇံမြို့အဝင် ပင်လယ်ရေမျက်နှာပြင် အထက် ပေ ၄၈၀၀ တွင်တည်ရှိပြီး ၁၉၆၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ တွန်းဇံမြို့နယ်သည် ပိုးစာပင် စိုက်ပျိုးရေးနှင့် ပိုးမွေးမြူရေးလုပ်ငန်းအတွက် ရေ၊ မြေရာသီဥတုနှင့် သင့်လျော်၍ ဒေသခံတောင်သူများ ဝင်ငွေတိုးတက်ရရှိရေးအတွက် အထောက်အကူပြုသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ တွန်းဇံမြို့နယ်သည် ၁၉၇၉ - ၁၉၈၀ ခုနှစ်များတွင် ပိုးအိမ်ပေါင်း ရှစ်သောင်းကျော်အထိ ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတသည် တီးတိန်မြို့လွယ်ဘွာလ်းရပ်ကွက်ရှိ ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှု၍ ဆေးဝါးကုသမှု ခံယူနေကြသည့် ဒေသခံပြည်သူများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်၌ ငွေကျပ်သန်း ၂၀၀ အကုန်အကျခံ၍ ရှစ်ခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။ **သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မဏိပူရမြစ်ကူး နတ်ဇန်တံတားကြံ့ခိုင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား ကျီခါးမြို့ ဒေသခံပြည်သူများက ရိုးရာဓလေ့အတိုင်း ဂုဏ်ပြုကြိုဆိုကြစဉ်။ သတင်းစဉ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကျီခါးမြို့ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေသည့် လူနာအမျိုးသမီးတစ်ဦးအား ထောက်ပံ့ငွေပေးအပ်စဉ်။ သတင်းစဉ်

# ရခိုင်ပြည်နယ်၏ သာယာလှပမှု ၊ ဒေသခံတိုင်းရင်းသားများ၏ ရိုးသားဖြူစင်မှုတို့ကို ပေါ်လွင်စေမည့် ရုပ်ရှင်ဇာတ်ကားနှင့် မှတ်တမ်းရုပ်ရှင်များ ရိုက်ကူးနိုင်ရေး တတိယအကြိမ် အစည်းအဝေး ကျင်းပ

ရန်ကုန် မေ ၁၈

**ရခိုင်ပြည်နယ်၏ သာယာလှပမှု၊ ဒေသခံတိုင်းရင်းသားများ၏ ရိုးသားဖြူစင်မှုတို့ကို ပေါ်လွင်စေမည့် ရုပ်ရှင်ဇာတ်ကားနှင့် မှတ်တမ်းရုပ်ရှင်များ ရိုက်ကူးနိုင်ရေး တတိယအကြိမ် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



အစည်းအဝေးတွင် ရခိုင်ပြည်နယ်ဆိုင်ရာ ရုပ်ရှင်ဇာတ်ကားနှင့် မှတ်တမ်းရုပ်ရှင်များ ရိုက်ကူးနိုင်ရေး ဦးစီးကော်မတီနာယက ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရခိုင်ပြည်နယ်၏ ပုံရိပ်ကို မြှင့်တင်ပေးမည့် ရုပ်ရှင်ဇာတ်ကား တစ်ကား၊ အတူတကွ ယှဉ်တွဲနေထိုင်မှုကို ဖော်ကျူးမည့် ရုပ်ရှင်ဇာတ်ကားတစ်ကား၊ ရခိုင်ပြည်နယ်၏ ပထဝီအနေအထားကို ဖော်ကျူးမည့် မှတ်တမ်းရုပ်ရှင် (Documentary) နှင့် ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးစုများ၏ မှတ်တမ်း ရုပ်ရှင်များ ရိုက်ကူးထုတ်လုပ်ရေး၊ ၎င်းဇာတ်ကားများနှင့် မှတ်တမ်းရုပ်ရှင်များကို ပြည်တွင်း၌ ပြသရန်အပြင် နိုင်ငံတကာအထိ ထိုးဖောက်ပြသနိုင်ရန် ရည်ရွယ်ရိုက်ကူးရေး၊ ရုပ်ရှင်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရုပ်ရှင်စတူဒီယိုနှင့် သင်တန်းကျောင်းများ တည်ဆောက်ရေးနှင့် ရုံတင်ပြသမည့် မြန်မာရုပ်ရှင်ဇာတ်ကားများနှင့် ဗီဒီယိုဇာတ်လမ်းများ၊ ၎င်း Press Show ဆိုင်ရာ သတင်းအကျဉ်းနှင့် အင်တာဗျူးများကို နိုင်ငံပိုင်မီဒီယာများဖြစ်သည့် မြန်မာ့ရုပ်မြင်သံကြားနှင့် သတင်းစာများတွင် အပတ်စဉ် ထုတ်လွှင့်ဖော်ပြပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်ဆိုင်ရာ ရုပ်ရှင်ဇာတ်ကားနှင့် မှတ်တမ်းရုပ်ရှင်များ ရိုက်ကူးနိုင်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ရခိုင်ပြည်နယ်ဆိုင်ရာ မှတ်တမ်းရုပ်ရှင်များရိုက်ကူးရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ ရခိုင်ပြည်နယ်ဆိုင်ရာ ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယကများဖြစ်ကြသည့် ဒါရိုက်တာ ပန်းချီဦးစိုးမိုးနှင့် ဦးအောင်လွင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာ ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင် ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်မှ ဦးကျော်ဝင်း ကိုယ်စား ရွှေသံလွင်မီဒီယာ ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ဝင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာ မှတ်တမ်းရုပ်ရှင်များ ရိုက်ကူးရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် Forever Group ကုမ္ပဏီလီမိတက်မှ ဦးဝင်းမော်၊ ရခိုင်ပြည်နယ်ဆိုင်ရာ ရုပ်ရှင်ဇာတ်ကားများရိုက်ကူးရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင် ဒါရိုက်တာဦးစင်ရော်မောင်မောင်နှင့် တက်ရောက်လာကြသူများက ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် သရုပ်ဆောင်ရွေးချယ်နိုင်ရေးအပါအဝင် ရခိုင်ပြည်နယ်ဆိုင်ရာ ရုပ်ရှင်ဇာတ်ကားနှင့် မှတ်တမ်းရုပ်ရှင်များ ရိုက်ကူးနိုင်ရေး၊ မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေး၊ စတူဒီယိုနှင့် ရုပ်ရှင်သင်တန်းကျောင်း ဖွင့်လှစ်နိုင်ရေးဆိုင်ရာများကို ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြည်လမ်းနှင့် ကျွန်းတောလမ်းကြား Junction Square Shopping Mall ရှိ Myanmar Media Development Center – MMDC သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကုလသမဂ္ဂအဖွဲ့အစည်းနှင့် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား သီးခြားစီတွေ့ဆုံ

**နေပြည်တော် မေ ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့ နံနက် ၉ နာရီတွင် The HALO Trust အဖွဲ့မှ Regional Director ဖြစ်သူ Mr. Cameron Imber နှင့် အဖွဲ့အားလည်းကောင်း၊ နံနက် ၁၀ နာရီတွင် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ U.S Agency for International Development (USAID) မှ Administrator ဖြစ်သူ Mr. Mark Andrew Green ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အားလည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးမြတ်သူဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အားလည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Ichiro MARUYAMA ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အားလည်းကောင်း၊ ညနေပိုင်းတွင် ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် UNFPA ၏ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူးဖြစ်သူ Ms. Laura Londen ဦးဆောင်သော အဖွဲ့အားလည်းကောင်း **(ယာပုံ)** အဆိုပါဝန်ကြီးဌာန၌ သီးခြားစီ တွေ့ဆုံသည်။

The HALO Trust အဖွဲ့နှင့်တွေ့ဆုံစဉ် မိုင်းအန္တရာယ် ခံစားရသူများအား အကူအညီပေးရေးလုပ်ငန်းများ၊ မိုင်းအန္တရာယ်ကြောင့် ထိခိုက်ခံစားရသူများအား အသက်မွေးဝမ်းကျောင်းနှင့် ငွေကြေးဆိုင်ရာ ထောက်ပံ့ကူညီနေမှုများ၊ The HALO Trust အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များအား ဆွေးနွေးကြသည်။

**ထောက်ပံ့ကူညီမှုများ**

USAID မှ ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံစဉ် ဟသ်ာတမြို့နယ်ရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးသင်တန်းကျောင်းအတွက် လိုအပ်သည့် နည်းပညာနှင့် ရန်ပုံငွေအား USAID မှ ထောက်ပံ့ကူညီမှုများနှင့် ဘေးအန္တရာယ်လျှော့ချရေး



ဆိုင်ရာ လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ရာတွင် USAID မှ အဓိက မိတ်ဖက်အဖွဲ့အစည်းအနေဖြင့် ကူညီသွားမည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**ဆွေးနွေး**

မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံစဉ် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီဖွဲ့စည်းနိုင်ရေး၊ မသန်စွမ်းသူများအခွင့်အရေးများဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများ ပြဋ္ဌာန်းထားပြီး စနစ်တကျအကောင်အထည်ဖော်နိုင်ရေးတို့ကို ဆွေးနွေးကြသည်။

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံစဉ် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များ အလျင်အမြန်စတင်နိုင်ရန် ဂျပန်နိုင်ငံမှ ကူညီပေးနေမှုများ၊ UNHCR၊ UNDP တို့နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေး ညှိနှိုင်းဆောင်ရွက်နေမှုများ၊ ဂျပန်နိုင်ငံမှ တာဝန်ရှိသူများအနေဖြင့် ရခိုင်ပြည်နယ်အစိုးရအကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးပြီး နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆောင်ရွက်နေမှုများကို သွားရောက်လေ့လာမည့် ကိစ္စရပ်များအား ဆွေးနွေးကြသည်။

**လုပ်ငန်းများတိုးမြှင့်ဆောင်ရွက်**

ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်နှင့် UNFPA မှ ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံစဉ် အမျိုးသမီးများအား အကာအကွယ်ပေးရေး၊ ကျားမ တန်းတူညီမျှမှုရရှိရေးနှင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများပပျောက်ရေးအတွက် ဝန်ကြီးဌာနမှ အဓိကတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် လုပ်ငန်းကော်မတီများဖွဲ့စည်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ရင်ခွင်မဲ့ကလေးများကာကွယ်စောင့်ရှောက်ရေး၊ နေရပ်စွန့်ခွာ ရွှေ့ပြောင်းသူ အမျိုးသမီးများအတွက် ကူညီဆောင်ရွက်ပေးမှု၊ UNFPA ၏ (၄)ကြိမ်မြောက် နိုင်ငံအဆင့် စီမံချက်(၂၀၁၈-၂၀၂၂)၏ လုပ်ငန်းများနှင့် ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် UNFPA ၏ လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကမ်းဝေးငါးဖမ်းခွင့် ၂၀ ရာခိုင်နှုန်း ခွင့်ပြုပြီးနောက် ဟိုင်းကြီးကျွန်းတွင် ငါးဖမ်းရေယာဉ် ၁၇ စင်း ဖမ်းယူခွင့်ရရှိမည်

**ဟိုင်းကြီးကျွန်း မေ ၁၈**

မြန်မာ့ပင်လယ်ပြင်တွင် ငါးသယံဇာတ လျော့နည်းလာသည့်အတွက် ငါးလုပ်ငန်းဦးစီးဌာနက Close Season, Close Area များ သတ်မှတ်ပြီး သယံဇာတထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယခုနှစ် မိုးရာသီ၌ ကမ်းဝေးငါးဖမ်းခွင့်ကို ၂၀ ရာခိုင်နှုန်းခွင့်ပြုခဲ့၍ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့တွင် ကမ်းဝေးငါးဖမ်းရေယာဉ် ၈၆ စင်းရှိသည့်အနက် ၁၇ စင်း ငါးဖမ်းထွက်ခွင့် ရရှိမည်ဖြစ်ကြောင်း မြို့ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ယခင်နှစ်က ကမ်းဝေးငါးဖမ်းခွင့်ကို ၃၀ ရာခိုင်နှုန်းခွင့်ပြုခဲ့သော်လည်း ယခုနှစ်တွင် ၂၀ ရာခိုင်နှုန်းအထိ လျှော့ချပြီး ငါးဖမ်းဆီးခွင့်ပြုထားကြောင်း၊ ယခင်နှစ်က ငါးဖမ်းထွက်ခွင့်ရရှိသူများအနေဖြင့် သုံးလအပြည့်ထွက်ခွင့်ရရှိခဲ့ပြီး ယခုနှစ်တွင် ရေလုပ်ငန်းရှင်များအချင်းချင်း ညှိနှိုင်း၍ တစ်လလျှင် ၁၇ စင်းထွက်ပြီး တစ်လပြည့်သည်နှင့် ကမ်းသို့ပြန်ဝင်ကာ နောက်ထပ် ၁၇ စင်း ထပ်မံ၍ ငါးဖမ်းထွက်ကာ သုံးလအတွင်း တစ်ကြိမ်လျှင် ၁၇ စင်း နှုန်းဖြင့် အဝင်အထွက် ပြုလုပ်ကာ စုစုပေါင်း ၅၁ စင်း ငါးဖမ်းလုပ်ငန်းများ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ကမ်းဝေးငါးဖမ်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ယခုကဲ့သို့ သုံးလအတွင်း ငါးဖမ်းရေယာဉ် ၁၇ စင်းစီကို အဝင်အထွက်ပြုလုပ်၍ အလှည့်ကျ ငါးဖမ်းထွက်ခြင်းသည် ငါးလုပ်ငန်းဦးစီးဌာနက သတ်မှတ်ထားသည့် ၂၀ ရာခိုင်နှုန်း ထွက်ခွင့်ပြုလိုက်သည့် စည်းကမ်းချက်အား ဖောက်ဖျက်ခြင်းမျိုး မဖြစ်တော့ဘဲ ငါးဖမ်းရေယာဉ်တစ်စင်းလျှင် အနည်းဆုံးရေလုပ်သား ၂၀ ခန့် လိုက်ပါစီးနင်းကြပြီး ရေလုပ်သား ၃၅၀ ခန့် တစ်လခြားစီ အလုပ်လုပ်ကိုင်ခွင့်ရကြမည်ဖြစ်ကြောင်း ဒေသခံရေလုပ်ငန်းရှင်တစ်ဦးက ပြောသည်။ ဟိုင်းကြီးကျွန်းမြို့တွင် ကမ်းဝေးငါးဖမ်းရေယာဉ်အစင်းရေမှာ ပုံမှန်အားဖြင့် ၈၆ စင်းရှိပြီး လုပ်ငန်းရှင်အရေအတွက်မှာ ၄၀ ကျော်ရှိရာ လုပ်ငန်းရှင်အားလုံး ယခုနှစ်မိုးရာသီတွင် အလှည့်ကျ ငါးဖမ်းလုပ်ငန်းဆောင်ရွက်နိုင်သည့်အခြေအနေမျိုးလည်း ဖြစ်သည်။

လက်ရှိအချိန်တွင် ငါးဖမ်းခွင့်ပိတ်ထားသည့် သုံးလအတွင်း အလှည့်ကျငါးဖမ်းခွင့်မရရှိကြသည့် ငါးဖမ်းရေယာဉ်များအနေဖြင့် ခွင့်ပြုချက်မဲ့ ပင်လယ်ပြင်သို့ ငါးဖမ်းထွက်ခွာကြမည့် သတင်းများ ထွက်ပေါ်လျက်ရှိရာ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ခွင့်ပြုချက်မဲ့ ငါးဖမ်းဆီးရန် ပင်လယ်ပြင်သို့ ထွက်ခွာသွားသည့် ငါးဖမ်းရေယာဉ်များကို စိစစ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး မေ ၁၅ ရက် နောက်ဆုံးထား၍ ငါးဖမ်းရေယာဉ်အားလုံး ကမ်းသို့ ပြန်ဝင်ကြရန်နှင့် အလှည့်ကျထွက်ခွင့်ရရှိထားသော ရေယာဉ်များသာ ပြန်လည်ထွက်ခွာရန် အသိပေးအကြောင်းကြားထားကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**



**ဟိုင်းကြီးကျွန်းမြို့ ဒေသခံကမ်းဝေး ငါးဖမ်းရေယာဉ်များ ဆိပ်ကမ်း၌ ဆိုက်ကပ်ထားစဉ်။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဂျပန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ ရခိုင်ပြည်နယ်တွင် ပုစွန်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးဆွေးနွေး



**နေပြည်တော်  မေ  ၁၈**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ အီချီရို မာရုယာမာအား ယနေ့ မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ (၁) ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများအား တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသည့် နှမ်းနက်များ ဂျပန်နိုင်ငံသို့ တင်ပို့ရာတွင် ဓာတုဓာတ်ကြွင်းများ ပါဝင်နေမှုလျှော့ချနိုင်ရေးအတွက် နည်းပညာအကူအညီရရှိရေး၊ လယ်ယာထွက်ကုန်ကဏ္ဍနှင့် ပတ်သက်သည့် ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်မှု လုပ်ငန်းစဉ်များဖွံ့ဖြိုးတိုးတက်ရေး၊ ရခိုင်ပြည်နယ်တွင် ပုစွန်မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ အထူးစီးပွားရေးဇုန်များတွင် ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်ရေး တွန်းအားပေးသွားရန်နှင့် နှစ်နိုင်ငံကုန်သွယ်မှုတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကျန်းမာရေးဝန်ကြီးဌာနမှ အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးနှင့် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးများကို ဒုတိယအခွင့်အရေးဖြင့် ထိုးနှံပေးမည်

**နေပြည်တော်  မေ  ၁၈**

၂၀၁၁ခုနှစ် ဧပြီလမှ ၂၀၁၂ ခုနှစ် နိုဝင်ဘာလအတွင်း ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်တွင် အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးမထိုးနိုင်ခဲ့သဖြင့် ၎င်းအချိန်အတွင်း မွေးဖွားခဲ့သောကလေးများသည် အသည်းရောင်အသားဝါ (ဘီ)ကာကွယ်ဆေး လုံးဝမရရှိခဲ့သော ကလေးများ ဖြစ်ပါသည်။

၂၀၁၇ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း တစ်နိုင်ငံလုံးတွင် ဆောင်ရွက်ခဲ့သော ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ၉၂ ဒသမ ၅ ရာခိုင်နှုန်း လွှမ်းခြုံနိုင်ခဲ့၍ အကြောင်းကြောင်းကြောင့် မထိုးခဲ့ရသော အသက် ၉ လမှ ၁၅ နှစ်အတွင်း ကလေး တစ်သန်းကျော်သည် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး လုံးဝမရရှိခဲ့သောကလေးများ ဖြစ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ၎င်းကလေးများကို အသည်းရောင်အသားဝါ(ဘီ)နှင့် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးရရှိရန် ဒုတိယအခွင့်အရေးပေးသည့်အနေဖြင့် ပြန်လည်ထိုးနှံပေးမည်ဖြစ်ပါသည်။

ထို့ကြောင့် ၂၀၁၁ ခုနှစ် ဧပြီလမှ ၂၀၁၂ ခုနှစ် နိုဝင်ဘာလအတွင်း မွေးဖွားခဲ့၍ အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးမထိုးရသေးသည့် ကလေးများကိုလည်းကောင်း၊ ၂၀၀၂ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့မှ ၂၀၁၇ ခုနှစ် မတ်လ ၁၀ ရက်နေ့အတွင်း မွေးဖွားခဲ့၍ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ကာကွယ်ဆေးမထိုးခဲ့ရသည့်ကလေးများကိုလည်းကောင်း၊ ၂၀၁၈ ခုနှစ် ဧပြီလ၊ မေလ၊ ဇွန်လနှင့် ဇူလိုင်လများအတွင်း အောက်ပါကျန်းမာရေးဌာနများတွင် ထိုးနှံပေးသွားမည်ဖြစ်ပါသည်-

(၁) ဗဟိုအဆင့်ဆေးရုံကြီးများရှိ ဆေးရုံအခြေပြု ကာကွယ်ဆေးထိုးခန်းများ၊

(၂) တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်အဆင့် ခုတင် ၁၀၀ နှင့်အထက် ဆေးရုံကြီးများ၊

(၃) မြို့နယ်ဆေးရုံများအားလုံး၊

(၄) ဒေသန္တရ၊ မိခင်ကလေးကျန်းမာရေးဌာနများအားလုံး၊

(၅) အဒေးလမ်းကြောင်းရှိသော တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများတွင် မည်သည့်တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်အတွင်း နေထိုင်သည်ဖြစ်စေ လာရောက်ထိုးနှံသော မည်သည့်ကလေးကိုမဆို ထိုးနှံပေးသွားမည်ဖြစ်ပါသည်။

ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးကို တစ်ကြိမ် ထိုးနှံပေးသွားမည်ဖြစ်ပြီး အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးကို တစ်လခြား၍ သုံးကြိမ် ထိုးနှံပေးသွားမည်ဖြစ်ရာ အကြိမ်ပြည့်ထိုးနှံရန်အတွက် ပထမအကြိမ် အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးကို မေလတွင် နောက်ဆုံးထိုးရန် လိုအပ်ပါသည်။

ထိုသို့ ထိုးနှံပေးရာတွင် သက်ဆိုင်ရာကျန်းမာရေးဌာန၊ ဆေးရုံများတွင် သတ်မှတ်ထားသော ကာကွယ်ဆေးထိုးရက်၊ ဝန်ထမ်းအင်အားဖြင့်သာ ထိုးနှံပေးမည်ဖြစ်ရာ ကျန်းမာရေးဝန်ထမ်းများက ဘေးကင်းသော ကာကွယ်ဆေးထိုးလုပ်ငန်းကို ချောမွေ့စွာဆောင်ရွက်နိုင်ရန်အတွက် မိဘပြည်သူများအနေဖြင့် သက်ဆိုင်ရာကျန်းမာရေးဌာနများတွင် အသေးစိတ်မေးမြန်း၍ ချိန်းဆိုသည့်အတိုင်း သတ်မှတ်နေ့ရက်များတွင် လာရောက်ထိုးနှံခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ပေးရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# မောင်တောမြို့နယ် ကျောင်းသားလူငယ်အခြေပြု အခြေခံမီးသတ်သင်တန်းဆင်း

**မောင်တော  မေ  ၁၈**

၂၀၁၈ ခုနှစ် ကျောင်းသားလူငယ်အခြေပြု နွေရာသီအကြို အခြေခံမီးသတ်ပညာ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မောင်တောခရိုင် မောင်တောမြို့နယ် မီးသတ်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မောင်တောမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ကျောင်းသားလူငယ်အခြေပြု နွေရာသီအကြို အခြေခံမီးသတ်ပညာ သင်တန်းစံပြဆုရရှိသူအား ဆုပေးအပ် ချီးမြှင့်သည်။



ထို့နောက် မီးသတ်ပညာဘာသာရပ်ထူးချွန်ဆု၊ ရှာဖွေကယ်ဆယ်ရေးဘာသာရပ်ထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များအား မောင်တောမြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့် မြို့နယ်မီးသတ်ဦးစီးမှူးတို့က ပေးအပ်ချီးမြှင့်ကြသည်။

"ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးရဲ့ ညွှန်ကြားချက်နဲ့အတူ မောင်တောမြို့နယ်အတွင်းရှိ ကျောင်းသားလူငယ်များအား နွေရာသီတွင် ဖြစ်ပေါ်တတ်သည့် မီးဘေးအန္တရာယ်ကို ကာကွယ်နိုင်ရန်အတွက် အခြေခံ မီးသတ်ပညာသင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ပါတယ်၊ မောင်တောဒေသမှာ သဘာဝဘေးနဲ့ ပတ်သက်ရင် မုန်တိုင်းအန္တရာယ် နှစ်စဉ်ကြုံတွေ့ရတာ ဖြစ်တဲ့အတွက် မုန်တိုင်းအန္တရာယ်ပဲဖြစ်ဖြစ်၊ မီးဘေးအန္တရာယ်ပဲဖြစ်ဖြစ် ဖြစ်လာခဲ့ရင် မြို့နယ်နဲ့ ခရိုင် ပူးပေါင်းဆောင်ရွက်ဖို့နဲ့ ကိုယ့်ရပ်ရွာနဲ့ စာသင်ကျောင်းတွေမှာ အကျိုးပြုဖို့အတွက် ရည်ရွယ်ဖွင့်လှစ်ရခြင်း ဖြစ်ပါတယ်"ဟု မောင်တောခရိုင် မီးသတ်ဦးစီးမှူး ဦးသန့်စင်က ပြောကြားသည်။

ယခင်နှစ်များက မြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့်သာ သင်တန်းဖွင့်လှစ်ပေးမှုများရှိခဲ့ပြီး ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် သင်တန်း မဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ယခုနှစ် သင်တန်းတွင်မူ သင်တန်းသားဦးရေ ၄၀ တက်ရောက် သင်ကြားခဲ့ ပြီး မေ ၇ ရက်မှ ၁၈ ရက်အထိ နှစ်ပတ်ကြာ သင်တန်းဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

အလားတူ မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်တွင်လည်း ကျောင်းသားလူငယ်အခြေပြုနွေရာသီအကြို အခြေခံမီးသတ်ပညာသင်တန်းကို မေ ၇ ရက်မှ မေ ၁၈ ရက်အထိ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**နိုင်လင်းကြည်၊ ဇင်ဦး**
**ဓာတ်ပုံ-သက်လွင်စိုး(ပြန်/ဆက်)**

# ရဲတပ်ဖွဲ့ဝင်များအတွက် စိတ်ခံစားမှုသုံးသပ်လေ့လာခြင်း (ဆင့်ပွား) သင်တန်းဆင်း

**ရန်ကုန်  မေ  ၁၈**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ ရဲသင်တန်းကျောင်းခန်းမ၌ မေ ၁၈ ရက် နံနက် ၉ နာရီက Emotional Intelligence for Law Enforcement Officer Course ရဲတပ်ဖွဲ့ဝင်များအတွက် စိတ်ခံစားမှု သုံးသပ်လေ့လာခြင်း (ဆင့်ပွား) သင်တန်းအမှတ်စဉ် ၃/၂၀၁၈ ဆင်းပွဲ အခမ်းအနားပြုလုပ်ခဲ့ကြောင်း သိရသည်။




အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားခဲ့ပြီး အခမ်းအနားသို့ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအရာရှိများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားအရာရှိများ စုစုပေါင်း ၇၀ တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက သင်တန်းသား ကိုယ်စားလှယ်အား သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းအား ဧပြီ ၃၀ ရက်မှ မေ ၁၈ ရက်အထိ သင်တန်းသား အရာရှိ ၂၀ ကို လေ့ကျင့်သင်ကြား ပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် ပတ္တာနယ်မြေရဲစခန်း စခန်းမှူး ရဲအုပ်ဝင်းရွှေက မေ ၁၆ ရက်တွင် ကိုးရွာသပြေကုန်း အုပ်ချုပ်ရေးမှူးရုံး၌ ပြည်သူကို ဗဟိုပြုသော ရဲလုပ်ငန်းစနစ်၊ မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှု၊ သက်ငယ်မုဒိမ်းမှု၊ လူသတ်မှုများ မဖြစ်ပွားစေရေး မှုခင်းဆိုင်ရာ ပညာပေးမှု လုပ်ငန်းများ အကြောင်း အသိပေးပြောကြားစဉ်။**

ဇော်မျိုးနိုင်

# မိုးထစ်ချုန်း ရွာမည်

**နေပြည်တော်  မေ  ၁၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# မိုးရာသီတွင်အဖြစ်များသော ကူးစက်ရောဂါများ

**ယခုကဲ့သို့ မိုးဦးကျမှစတင်၍ မိုးရာသီတွင်အဖြစ်များသော ကူးစက်ရောဂါများကို ကြိုတင်သတိပြုကာကွယ်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။**

| စဉ် | ရောဂါများ | ကူးစက်ပျံ့နှံ့ပုံ | ကြိုတင်ကာကွယ်ရေး နည်းလမ်းများ |
|---|---|---|---|
| ၁။ | သွေးလွန် တုပ်ကွေး ရောဂါ | ရောဂါပိုးရှိသည့် ခြင်ကျားကိုက်ခံရခြင်းဖြင့် ကူးစက်ပါသည်။ | (၁) ခြင်ကိုက်မခံရအောင် နေထိုင်ပါ။ (၂) မိမိပတ်ဝန်းကျင်တွင် ခြင်ကျားမပေါက်ပွားနိုင်စေရန် ဆောင်ရွက်ပါ။ |
| ၂။ | ဝမ်းပျက် ဝမ်းလျှော ရောဂါများ | • မသန့်ရှင်းသောရေ သောက်သုံးခြင်း<br>• ယင်နားစာများ စားသုံးခြင်း<br>• တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းခြင်း<br>• ပတ်ဝန်းကျင်သန့်ရှင်းမှု အားနည်းခြင်းတို့ကြောင့် ကူးစက်ပါသည်။ | (၁) ရေကို(ဖြစ်နိုင်ပါက) ကျိုချက်၍ သောက်သုံးပါ။ (၂) အစားအစာများကို ပူပူ နွေးနွေး စားသုံးပါ၊ ယင်မနားအောင် ဖုံးအုပ်ထားပါ။ ယင်နားစာများကိုရှောင်ကြဉ်ပါ။ (၃) အစာမစားမီနှင့် အိမ်သာအထွက်တွင် လက်ကို ဆပ်ပြာဖြင့် ဆေးပါ။ (၄) လက်သည်းညှပ်ပါ။ (၅) မိမိအိမ်နှင့် ပတ်ဝန်းကျင်တွင် ယင်ကောင်၊ ကြွက်စသည်တို့ မခိုအောင်းစေရန် အမှိုက်သရိုက်များကို ရှင်းလင်းထားပါ။ |
| ၃။ | ရာသီ တုပ်ကွေး ရောဂါ | ရောဂါရှိသူနှာချေ/ ချောင်းဆိုးခြင်းဖြင့် အသက်ရှူလမ်းကြောင်းမှ တစ်ဆင့် အခြားသူများသို့ ကူးစက်ပါသည်။ | (၁)နှာချေတိုင်း/ချောင်းဆိုးတိုင်း နှာခေါင်းနှင့်ပါးစပ်ကို လုံအောင် အုပ်ပါ။ (၂) လက်ကို ဆပ်ပြာဖြင့် မကြာခဏ ဆေးပါ။ (၃) လူထူထပ်သော နေရာများ နှင့် ပွဲလမ်းသဘင်များသို့ သွားလာခြင်းကိုရှောင်ကြဉ်ပါ။ |

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ဆင်သေချောင်းအတွင်း ဆင်တစ်ကောင် သတ်ဖြတ်ခံရ

**သာပေါင်း မေ ၁၈**



ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ဘောမိကြိုးပြင် ကာကွယ်တောရှိ ဟိုင်းချောင်းဆင်စခန်း ဆင်သေချောင်းတွင် မေ ၁၃ ရက် မွန်းလွဲ ၂ နာရီခွဲခန့် က မုဆိုးသုံးဦး တောဆင်ရိုင်းအားသတ်၍ နှာမောင်းဖြတ်ထားပြီး တဲများထိုးရန် ပြင်ဆင်နေသည်ကို ဒေသခံတစ်ဦးက တွေ့ရှိသဖြင့် ဟိုင်းချောင်းဆင်စခန်းမှ ဆင်ခေါင်း ထံလာရောက်ပြောကြားရာ ဆင်ခေါင်းက သစ်တောဦးစီးဌာနသို့ အကြောင်းကြားခဲ့သည်။

**မီးရှို့ဖျက်ဆီး**

ယင်းသတင်းပေးချက်အရ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ သစ်တောဌာနမှ ဦးစီး ဦးစိုးတင့်နှင့် ဝန်ထမ်းများ၊ သစ်တောရဲ၊ FOW မှ ဝန်ထမ်းတို့ ပူးပေါင်းအဖွဲ့သည် မေ ၁၄ နံနက် ၅ နာရီတွင် ဆင်သေရွာမှ ဆင်သေချောင်းသို့ သွားရောက်စစ်ဆေးရာ ဆင်မုဆိုးများ၊ ဆင်စွယ်နှင့် အမြီးလည်း မတွေ့ရှိတော့ကြောင်း၊ အရေခွံနှင့် နှာမောင်းမှာ မုဆိုးများ လှီးဖြတ်ထားဆဲတွေ့ရှိရကာ ဆင်ဆရာဝန်၏ ဆေးစစ်ချက်များယူပြီး မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**မျိုးဇော်သိန်း(မြန်/ဆက်)**

# ဂန့်ဂေါ၌ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့

**ဂန့်ဂေါ မေ ၁၈**

ဂန့်ဂေါမြို့နယ်တွင် မေ ၉ ရက်က ကွမ်းဇဲကျေးရွာ၊ မေ ၁၀ ရက်က သာလင်းကျေးရွာ၊ မေ ၁၁ ရက်က စည်ပင်သာယာရပ်ကွက်နှင့် မောက်ကျေးရွာ၊ မေ ၁၃ ရက်က စင်ပုံနှင့် ယင်းမာကျေးရွာတို့တွင် လေပြင်းတိုက်ခတ်သဖြင့် လူနေအိမ်များ ပျက်စီးခဲ့သည်။

ပျက်စီးသွားသည့် နေအိမ်များအတွက် ဂန့်ဂေါခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကို မေ ၁၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦးက အမှာစကားပြောကြားပြီး ကွမ်းဇဲကျေးရွာ အိမ်ထောင်စု တစ်စုအတွက် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၅၀၀၀၀ နှင့် လူ ငါးဦးအတွက် ဆန်ဖိုးငွေကျပ် ၁၀၅၀၀၊ သာလင်းကျေးရွာ အိမ်ထောင်စု ငါးစုအတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၂၀၀၀၀၀၊ လူဦးရေ ၂၇ ဦးအတွက် ဆန်ဖိုးငွေကျပ် ၅၆၇၀၀၊ မောက်ရွာနှင့် စည်ပင်သာယာရပ်ကွက် အိမ်ထောင်စု နှစ်စုအတွက် အိမ်ဆောက်ပစ္စည်းဖိုး ကျပ် ၄၀၀၀၀၊ လူ ခုနစ်ဦးအတွက် ဆန်ဖိုးငွေကျပ် ၁၄၇၀၀ ၊ စင်ပုံနှင့် ယင်းမာကျေးရွာနေ အိမ်ထောင်စု ၂၃ စုအတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၄၆၀၀၀၀ ၊ လူဦးရေ ၁၀၄ ဦးအတွက် ဆန်ဖိုးငွေကျပ် ၂၁၈၄၀၀ ကျပ်တို့နှင့် ကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**၁၀၁**

# လေပြင်းတိုက်ခတ်မှုကြောင့် မြို့နယ်အချို့တွင် ပြိုလဲပျက်စီးမှုဖြစ်ပေါ်

**စဉ့်ကူး**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် မေ ၁၇ ရက် ညနေ ၆ နာရီက လေပြင်းတိုက်ခတ်မှုကြောင့် ညောင်ဝန်းကျေးရွာတွင် လူနေအိမ်တစ်လုံး၊ ငွေတောင်ကျေးရွာတွင် လူနေအိမ်သုံးလုံး သွပ်မိုးလန်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ လေဘေးသင့်ကျေးရွာများသို့ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့မှ နေထိုင်စားသောက်ရေးကို စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မင်းဇော်ဦး(မြန်/ဆက်)**

**နေပြည်တော်**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ်တွင် မေ ၁၇ ရက် ည ၇ နာရီခွဲက မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် မင်နောင်ကျေးရွာမှ စိန်ရတနာ ဇေတဝနကျောင်းဝင်းအတွင်းရှိ အဆောက်အအုံများ အမိုးလန်ခြင်း၊ မရမ်းခုံကျေးရွာရှိ ဘုရာလေးဆူ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ အဆောက်အအုံများ အမိုးလန်ခြင်းနှင့် နေအိမ် ၈၃ လုံး အမိုးလန်ခြင်း၊ မရမ်းခုံကျေးရွာ စာကြည့်တိုက် အမိုးလန်ခြင်း၊ တောင်ညိုကျေးရွာအုပ်ချုပ်ရေးမှူးရုံး အမိုးတစ်ခြမ်း သစ်ပင်ပိခြင်း၊ တောင်ညိုကျေးရွာ အထကကျောင်းဝင်းအတွင်းရှိ စာသင်ဆောင် တစ်ဆောင် အမိုးလန်ပျက်စီးခြင်း၊ အမှတ် ၅၂ သစ်စက်ကျေးရွာတွင် ဓာတ်တိုင်များ ပြိုလဲ၍ ဓာတ်အားကြိုးများ ပြတ်တောက်ခြင်းတို့ဖြစ်ပေါ်ခဲ့ကြောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် တာဝန်ရှိသူများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

**ခရိုင် (မြန်/ဆက်)**





**ရွှေတောင်**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်တွင် မေ ၁၇ ရက် ညနေ ၄ နာရီခွဲက လေပြင်းတိုက်ခတ်မှုကြောင့် ဝါးတောအုပ်စုတွင် နေအိမ် ၁၃လုံး အမိုးလန်ပျက်စီး၊ မဲတောအုပ်စုတွင် နေအိမ် ခြောက်လုံး၊ သာစီကုန်းအုပ်စုတွင် နေအိမ်တစ်လုံးပြိုကျ၊ ၂၄ လုံး အမိုးလန်ပျက်စီး၊ မြောင်းတပ်အုပ်စုတွင် နေအိမ်နှစ်လုံးပြိုကျ၊ ၁၃ လုံး အမိုးလန်ပျက်စီး၊ မင်းကွန်းအုပ်စုတွင် နေအိမ်လေးလုံး၊ အိုးထိမ်းကုန်းအုပ်စုတွင် နေအိမ်တစ်လုံး၊ ဒုရင်ဒုဘိုအုပ်စုတွင် နေအိမ် ၁၄ လုံး၊ ကျောက်မြင့်အုပ်စုတွင် နေအိမ်ခုနစ်လုံး၊ နွားမယံအုပ်စုတွင် နေအိမ်တစ်လုံး၊ ဇယ်မအုပ်စုတွင် နေအိမ်ရှစ်လုံးပြိုကျပြီး နေအိမ် ၈၅ လုံး အမိုး လန်ပျက်စီး၊ ကြို့ကုန်းအုပ်စုတွင် နေအိမ်ခုနစ်လုံး ၊ ကသစ်တိုင်းအုပ်စုတွင် နေအိမ်နှစ်လုံးပြိုကျ၊ ၁၁လုံး အမိုးလန်ပျက်စီး၊ ကျွဲတလင်းအုပ်စုတွင် နေအိမ်ခုနစ်လုံး အမိုးလန်ပျက်စီးခဲ့ကာ စုစုပေါင်းနေအိမ် ၂၀၂လုံး ပျက်စီးခဲ့ကြောင်း၊ ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်း၊ လေဘေးသင့်အိမ်ထောင်စုများနှင့် ဘုန်းတော်ကြီးကျောင်းများရှိ သံဃာတော်များ ယာယီနေထိုင်နိုင်ရေး၊ ပျက်စီးသွားသောနေအိမ်များနှင့် ဘုန်းတော်ကြီးကျောင်းများအား အမြန်ဆုံးပြုပြင်နိုင်ရေးအတွက် တာဝန်ရှိသူများ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်၊ သေဆုံးမှုမရှိကြောင်း သိရသည်။

**ကိုကိုမင်း(မြန်/ဆက်)**

**ဘုရားသုံးဆူ**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ဘုရားသုံးဆူမြို့တွင် မေ ၁၈ ရက် ညနေပိုင်းက မိုးသည်းထန်းစွာ ရွာသွန်းကာ နယ်မြေချင်းထိစပ်လျက်ရှိသော ထိုင်းနိုင်ငံဘက်မှ ရေဆိုးရေညစ်များ အဆမတန် စီးဆင်းလာမှုကြောင့် ဘုရားသုံးဆူမြို့ အမှတ် ၁ ရပ်ကွက်နှင့် အမှတ် ၂ ရပ်ကွက်များတွင် ရေကြီးရေလျှံလျက် ပြည်သူများသွားလာရန် အခက်အခဲများနှင့်ရင်ဆိုင်ရလျက်ရှိကြောင်း သိရသည်။ **အောင်သူဟိန်း(မြန်/ဆက်)**

● *ရှေ့ဖုံးမှ*

ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြောသည်။

ယနေ့မွန်းလွဲ ၂ နာရီက နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမ၌ ၂၀၁၈ ခုနှစ် ၅၅ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျင်းပပြုလုပ်သည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

၅၅ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဇွန် ၂၀ ရက်မှ ၂၉ ရက်အထိ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပသွားမည်ဖြစ်ကြောင်း ယခုပြပွဲသည် ပဋ္ဌမအကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး နိုင်ငံခြားငွေ (ယူရို) ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို လေးကြိမ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ၂၀၁၆ ခုနှစ် ၅၃ ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲ မှ ကျောက်မျက်ရတနာ ရောင်းချရငွေ ယူရို ၃၈၉ ဒသမ ၄၂ သန်း ၊ ၂၀၁၆ ခုနှစ် နှစ်လယ်တွင် ကျင်းပသည့် ကျောက်မျက်ရတနာပြပွဲမှ ကျောက်မျက်ရတနာ ရောင်းချရငွေ ယူရို ၂၈၉ ဒသမ ၆၀ သန်း၊ ၂၀၁၇ ခုနှစ် ၅၄ ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲမှ ကျောက်မျက်ရတနာ ရောင်းချရငွေ ယူရို ၄၂၂ ဒသမ ၄၂ သန်း၊ ၂၀၁၇ ခုနှစ် နှစ်လည်တွင် ကျင်းပသည့် ကျောက်မျက်ရတနာပြပွဲမှ ကျောက်မျက်ရတနာ ရောင်းချရငွေ ယူရို ၃၄၇ ဒသမ ၀၁ သန်း ရောင်းချရကြောင်း ယနေ့ဆွေးနွေးပွဲမှ သိရသည်။

မြန်မာနိုင်ငံတွင် ၁၉၆၄ ခုနှစ်မှ စတင်ကာ ကျောက်မျက်ရတနာပြပွဲများ ကျင်းပလာခဲ့ပြီး ကျောက်မျက်ရတနာများကို နိုင်ငံခြားငွေဖြင့် ရောင်းချခဲ့ကာ ယခုကျင်းပမည့် ကျောက်မျက်ရတနာပြပွဲသည် ၉၃ ပွဲမြောက် ပြပွဲဖြစ်ကြောင်း ယနေ့အစည်းအဝေးမှ သိရသည်။

**သတင်း-မင်းသစ် (MNA)၊ ဓာတ်ပုံ-အေးသန်း**

# လယ်ကွင်းအတွင်းထယ်ထိုးနေစဉ် မိုးကြိုးထိမှန်သေဆုံး

**လှိုင်းဘွဲ့ မေ ၁၈**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ပေါလောက်ကျေးရွာအုပ်စု တောင်ကလေးကျေးရွာတွင် မေ ၁၅ ရက်က အမျိုးသားတစ်ဦး မိုးကြိုးပစ်ခံရ၍ သေဆုံးမှုဖြစ်သွားခဲ့သည်။

ပေါလောက်ကျေးရွာအုပ်စု တောင်ကလေးကျေးရွာတွင် မေ ၁၅ ရက် ညနေ ၆ နာရီခန့်က အမျိုးသားတစ်ဦး မိုးကြိုးထိမှန် သေဆုံးကြောင်း သတင်းအရ ပိုင်ကျုံနယ်မြေ ရဲစခန်းမှူး ရဲအုပ် ဟန်နိုင်ဦး ဦးစီးအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ စောသန်းဦး(၂၁ နှစ်)ဖြစ်ကြောင်း၊ ၎င်းသည် အခင်းဖြစ်နေ့က လယ်ကွင်းအတွင်း လက်တွန်းထွန်စက်ဖြင့် ထယ်ထိုးနေစဉ် မိုးကြိုးပစ်ခံရပြီး မီးလောင်ဒဏ်ရာများဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

ပညာရေးဝန်ကြီးဌာန

၂၀၁၈-၂၀၁၉ ပညာသင်နှစ်

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေး
ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၁၈၊ မေလ (၂၅) မှ (၃၁) ရက်အထိ

# ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်နေ

**နေပြည်တော်  မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်အရှေ့ပိုင်း ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ထူးခြားသည့် နေ့အပူချိန်များမှာ မြင်းမူမြို့ မြင်းခြံမြို့ ချောက်မြို့နှင့် တောင်တွင်းကြီးမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မိုးညှင်းမြို့တွင် ၂ ဒသမ ၄၀ လက်မ၊ မိုးမိတ်မြို့တွင် ၁ ဒသမ ၇၇ လက်မ၊ သထုံမြို့တွင် ၁ ဒသမ ၆၅ လက်မ၊ ပင်လည်ဘူးမြို့တွင် ၁ ဒသမ ၂၆ လက်မ၊ ကျောက်တော်မြို့တွင် ဝ ဒသမ ၉၈ လက်မ၊ ပလက်ဝမြို့တွင် ဝ ဒသမ ၈၇ လက်မ၊ ချောင်းဆုံမြို့တွင် ဝ ဒသမ ၇၉ လက်မ၊ လှိုင်းတက်မြို့တွင် ဝ ဒသမ ၇၅လက်မ၊ နောင်ချိုမြို့နှင့် ဖျာပုံမြို့တို့တွင် ဝ ဒသမ ၆၃ လက်မစီတို့ ဖြစ်ကြသည်။

မိုး/ဇလ

# ဗိုလ်တထောင်စေတီဝင်ပေါက်အနီး ကမ်းနားလမ်းနှင့် ကမ်းနားလမ်းဟောင်းတွင် လူကူးခုံးကျော်တံတား တည်ဆောက်လျက်ရှိ

ရန်ကုန်  မေ ၁၈

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ဗိုလ်တထောင်စေတီတော် ဝင်ပေါက်အနီးရှိ ကမ်းနားလမ်းနှင့် ကမ်းနားလမ်းဟောင်းတွင် လူကူးခုံးကျော်တံတားတစ်ခုကို မတ်လမှ စတင်တည်ဆောက်လျက်ရှိရာ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။**



"တည်ဆောက်ရေးကာလကို ခြောက်လ ပေးထားတယ်ဆိုတော့ သြဂုတ်လဆိုရင်တည်ဆောက်ရေး ပြီးပါပြီ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ညွှန်ကြားမှုနဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တင်ဒါခေါ်ပြီး ကုမ္ပဏီက ဆောင်ရွက်တာပါ၊ စမ်းချောင်းမဟာမြိုင်ဆေးရုံရှေ့မှာလည်း တစ်ခုတည်ဆောက်နေပါတယ်၊ မီးပွိုင့်နဲ့ ကားလမ်းနှစ်ထပ်ဆိုတော့ လုပ်ငန်းခွင်မှာ နည်းနည်းတော့ အခက်အခဲရှိတယ်၊ သြဂုတ်လကုန်ဆိုရင် ပြီးစီးပါပြီ " ဟု ဗိုလ်တထောင်လူကူးခုံးကျော်တံတား တည်ဆောက်ရေးတာဝန်ခံ ဦးရဲမျိုးအောင်က ပြောသည်။

မေလကုန်တွင် လူကူးခုံးကျော်တံတားပုံစံပေါ်လာမည်ဖြစ်ပြီး တံတားအရှည်မှာ ၁၇၄ ပေရှိ၍ လူသွားလမ်းအကျယ်မှာ ၁၀ ပေရှိကာ လှေကားအရှည်မှာ ၄၄ ပေရှိကြောင်း၊ တံတားနှစ်ဖက်တွင် ရိုးရိုးလှေကားနှင့်အတူ စက်လှေကားနှစ်ခု (ပန်းဆိုးတန်းလူကူးခုံးကျော်တံတားကဲ့သို့)တွဲ၍ ပါရှိမည်ဖြစ်ပြီး အကျယ်မှာ ငါးပေဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ဗိုလ်တထောင်စေတီတော်ဝင်ပေါက်အနီးတွင် ရန်ကုန်မြို့နေပြည်သူများ၊ ဗိုလ်တထောင်ဆိပ်ကမ်းနှင့် ဗိုလ်တထောင်စေတီတော်သို့ ဘုရားဖူးလာရောက်သူများ ယာဉ်ကြောနှစ်ထပ်နှင့် မီးပွိုင့်ကို ဖြတ်သန်းသွားလာစရာမလိုဘဲ လူကူးခုံးကျော်တံတားပေါ်မှ စိတ်အေးချမ်းသာစွာဖြင့် မကြာမီကာလတွင် ဖြတ်သန်းသွားလာနိုင်တော့မည်ကြောင်း သိရသည်။

**သတင်း-သန်းထိုက်**

**ဓာတ်ပုံ- သန်းစိုး**

# မြန်မာ့ရိုးရာလက်ဝှေ့ကျော် စိုးလင်းဦး(မြန်မာ)နှင့် စင်မန်းနီး(ထိုင်း) တို့ မန္တလေးမြို့၌ စိန်ခေါ်ထိုးသတ်မည်

**မန္တလေး  မေ ၁၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ "ဂျင်ဆိုမင်"အဆင့်မြင့် ဂျင်ဆင်းအားဆေးမှ အဓိကကူညီပံ့ပိုးပြီး ဆရာဒဿမှ စီစဉ်ကျင်းပသည့် မြန်မာ - ထိုင်းရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး (Myanmar Lethwei Fight) ကို ဇွန် ၂၃ ရက် ညနေ ၆ နာရီတွင် မန္တလေးမြို့ ၃၃ လမ်း ၇၈ လမ်းထောင့်ရှိ ဒိုင်းမွန်းပလာဇာ ငါးလွှာတွင် စည်ကားစွာကျင်းပမည် ဖြစ်သည်။

ထိုးသတ်မည့် တွဲဆိုင်းများမှာ စိုးလင်းဦး(မြန်မာ)နှင့် စင်မန်းနီး(ထိုင်း)၊ ကျော်ထက်(ယူနိုက်တက်) နှင့် ထွန်းတောက်ကြယ်(မုဒုံစတား)၊ ဗျူဟ (ကျားဖြူ) နှင့် ဂျိုကာ(သုံးပန်လှ)၊ ကျော်စွာဝင်း(ယူနိုက်တက်)နှင့် စောမင်းနိုင်(ရွှေဘားလား၊ ထွန်းလင်းခန့်(စစ်ကိုင်းကလပ်) နှင့် ပိုက်ထွေး(ရွှေသထုံ)၊ အောက်ချင်းလေး (တောင်ဇလပ်) နှင့် ဟိန်းထွန်းအောင် (ရွှေသထုံ)၊ နိုင်ဗိုလ်(ကျားဖြူ) နှင့် အောင်ဟိန်း (သုံးပန်လှ)၊ စွမ်းထက်နိုင်(ဗမာ့သွေး) နှင့် တိမ်မိုက်(ရွှေအောင်မြေ) စသည့် တွဲဆိုင်းများ ထိုးသတ်သွားမည်ဟု သိရှိရသည်။ မန္တလေးပရိသတ် စိတ်ကြိုက်တွေ့မည့် တွဲဆိုင်းများ စီစဉ်ထားရှိသည်ဟု သိရှိရသည်။ **ခင်ခင်ဝင်း (ပညာရေး)**

# မြန်မာ ယူ-၂၃ အသင်းအတွက် အတွေ့အကြုံကောင်းများရမည့် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ

ရန်ကုန်  မေ ၁၈

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၃ အသင်းအတွက် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲကျင်းပမည်ဖြစ်ပြီး အတွေ့အကြုံကောင်းများရမည့် ပြိုင်ပွဲဖြစ်လာမည်ဖြစ်သည်။**




လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်မည့် မြန်မာနှင့် ထိုင်းအသင်း ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲတွင် တွေ့ဆုံခဲ့စဉ်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲကို သြဂုတ်လဆန်းတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး လက်ရှိအချိန်ထိ ပြိုင်ပွဲဝင်ရန် နှစ်သင်းရထားပြီး တစ်သင်းသာကျန်ရှိတော့သည်။ ယင်းပြိုင်ပွဲတွင် မြန်မာ ယူ-၂၃ အသင်းနှင့်အတူ တောင်ကိုရီးယား ယူ-၁၉ အသင်း၊ ထိုင်း ယူ-၂၃ အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ကျန်တစ်သင်းအတွက် အာရှနှင့် အာဖရိကမှ လူငယ်အသင်းအချို့နှင့် ချိတ်ဆက်လျက်ရှိသည်။ မြန်မာ ယူ-၂၃ အသင်းသည် အာရှအားကစားပြိုင်ပွဲတွင် ၁၉၉၄ ခုနှစ်နောက်ပိုင်း နှစ်ပေါင်း ၂၀ ကျော်အကြာတွင် ပြန်လည်ယှဉ်ပြိုင်မည်ဖြစ်ပြီး ရလဒ်ကောင်းရယူနိုင်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းနည်းပြချုပ်အဖြစ် မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်သစ် ဂျာမန်လူမျိုး အန်တွမ်နီဟေးအား တာဝန်ပေးအပ်ထားပြီး ဇူလိုင်လလယ်မှစ၍ ပြင်ဆင်မှုများ ပြုလုပ်မည်ဖြစ်သည်။

အာရှအားကစားပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲကို ယူ-၂၃ ပြိုင်ပွဲအဖြစ် သတ်မှတ်ထားပြီး အသက်ကျော်လွန်သည့် ကစားသမားသုံးဦး ထည့်သွင်းအသုံးပြုခွင့်ရရှိမည်ဖြစ်သည်။ လက်ရှိပြိုင်ပွဲဝင်မည့်အနေအထားအရ မြန်မာအသင်းသည် အာဆီယံထိပ်သီး ထိုင်း၊ အာရှထိပ်သီး တောင်ကိုရီးယားအသင်းတို့နှင့် ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ရာ အာရှအားကစားပြိုင်ပွဲမတိုင်မီ ကောင်းမွန်သည့် ပြင်ဆင်မှုတစ်ခု ဖြစ်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယခုနောက်ပိုင်းနှစ်များတွင် ဖိတ်ခေါ်ပြိုင်ပွဲများအား ကျင်းပပေးလျက်ရှိပြီး ယခုနှစ်တွင် မြန်မာ ယူ-၂၃ အသင်းအတွက် ကျင်းပပေးမည်ဖြစ်သည်။ မြန်မာဘောလုံးအသင်းသည် အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုများစွာရရှိဖူးပြီး တစ်ကျော့ပြန်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ **သတင်း-ညီမြတ်သော်တာ**

**ဓာတ်ပုံ-စိုးညွန့်**

# မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း တောင်ကြီးမြို့၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားလျက်ရှိ

**ရန်ကုန်  မေ ၁၈**

၂၀၁၈ အာဆီယံအမျိုးသမီးပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်သည့်အနေဖြင့် တောင်ကြီးမြို့၌ လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားလျက်ရှိပြီး ဒုတိယမြောက်ခြေစမ်းပွဲအဖြစ် မေ ၁၉ ရက် **(ယနေ့)** နံနက်ပိုင်းတွင် တောင်ကြီးမျိုးဆက်သစ်လူငယ်အမျိုးသားအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် မေ ၁၅ ရက်မှစ၍ တောင်ကြီးမြို့၌ လေ့ကျင့်လျက်ရှိပြီး ပထမဆုံးခြေစမ်းပွဲအဖြစ် မေ ၁၇ ရက်တွင် ဟိုပုန်းလူငယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယင်းခြေစမ်းပွဲကို မိနစ် ၃၀ သုံးပိုင်းကစားခဲ့ပြီး မြန်မာအမျိုးသမီးအသင်းသည် တစ်ဂိုးအရှုံးမှ လိုက်ကစားခဲ့ရကာ သန်းသန်းထွေးက ချေပဂိုးပြန်သွင်းခဲ့သည်။ မြန်မာအမျိုးသမီးအသင်းအတွက် အနိုင်ဂိုးများကို နီလာဝင်းနှင့် ဝင်းသီရိထွန်းတို့က သွင်းယူခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် မေ ၂၁ ရက်အထိ တောင်ကြီးမြို့၌ လေ့ကျင့်မည်ဖြစ်ပြီး ခြေစမ်းပွဲသုံးပွဲ ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် တောင်ကြီးတွင် လေ့ကျင့်ပြီးပါက မန္တလေးမြို့သို့ ဆက်လက်ထွက်ခွာကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

*❂ ကျောဖုံးမှ*

အောင်မြင့်ထွန်း (မကွေး)၊ မင်းကျော်ခန့်၊ ကျော်ဇင်ဦး (ရန်ကုန်)တို့ ရွေးချယ်ခံခဲ့ရသည်။ တရုတ်လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် မြန်မာ့လက်ရွေးစင်အသင်းတွင် **အုပ်ချုပ်သူ**- ဦးဘုန်းနိုင်ဇော်၊ **နည်းပြချုပ်** - အန်တွမ်နီဟေး၊ **လက်ထောက်နည်းပြများအဖြစ်** - ဟာလက်၊ ဦးစိုးမြတ်မင်း၊ **ဂိုးနည်းပြ**- ကာစတန်၊ **အသင်းအတွင်းရေးမှူး** - ဦးမိုးဝေအောင်၊ **ဂိုး** - ကျော်ဇင်ထက် (ရန်ကုန်)၊ ကျော်ဇင် ဖြိုး(မကွေး)၊ **နောက်တန်း** -ဇော်မင်းထွန်း၊ မင်းကျော်ခန့် (ရန်ကုန်)၊ ထိုက်ထိုက်အောင်၊ ဒေးဗစ်ဒန်း (ရှမ်း)၊ သိန်းသန်းဝင်း၊ ရဲရင့်အောင် (ရတနာပုံ)၊ နန္ဒကျော် (မကွေး)၊ **အလယ်တန်း**-လှိုင်းဘိုဘို၊ ရဲကိုဦး၊ မျိုးကိုထွန်း၊ စည်သူအောင် (ရတနာပုံ)၊ ဝေယံဦး (မြဝတီ)၊ မောင်မောင်စိုး (မကွေး)၊ မောင်မောင်လွင်၊ ကျော်ဇင်ဦး (ရန်ကုန်)၊ ရန်နိုင်ဦး (ရှမ်း)၊ **ရှေ့တန်း** - အီစိုး (ရန်ကုန်)၊ ဇင်မင်းထွန်း၊ ဒွေးကိုကိုချစ် (ရှမ်း)၊ အောင်မြင့်ထွန်း (မကွေး) တို့ ပါဝင်ကြသည်။

တရုတ်လက်ရွေးစင်အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲကို မေ ၂၆ ရက်တွင် တရုတ်နိုင်ငံ နန်ကျင်းမြို့၌ ကျင်းပမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**

**ဓာတ်ပုံ-စိုးညွန့်**

## မြန်မာ့ရုပ်မြင်သံကြား

၁၉ -၅-၂၀၁၈ (စနေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ**(၅၁)
- ၁၁း၂၀ - ဆေးဖက်ဝင် ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး (လက်တွေ့အသုံးချ ဆေးနည်းတိုများ)(အပိုင်း-၂၄)
- ၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ **ကြမ္မာနွံ** (အပိုင်း-၂၂)
- ၁၃း၅၀ - ရုပ်ရှင်ရိုက်မယ်(အပိုင်း-၁၃)(လေးကြိုးအားလပ်ရက်တစ်ရက်)
- ၁၄း၂၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြွေးရာဇဝင်**(အပိုင်း-၃၄)
- ၁၅း၁၀ - **၂၀၁၉ ခုနှစ် မတ်လ တက္ကသိုလ်ဝင်စာမေးပွဲတွင် စတင်အသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ** (သင်္ချာဘာသာရပ်)
- ၁၅း၄၅ - **Myanmar National Lea gue 2018 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Zwekapin United Fc Vs Hantharwady United Fc)**
- ၁၈း၃၀ - Tasty Trip
- ၁၉း၁၅ - အိန္ဒိယဇာတ်လမ်းတွဲ **မြွေပျိုမယ်ရဲ့ မာယာလှည့်ကွက်** (အပိုင်း-၉၀)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - Big Step (Singer -Haw Nan Hsu)
- - စန္ဒာသိန်းမြင့်သန်းတေးဂီတအဖွဲ့ ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
- - **မျိုးစေ့** မိုးယံဇွန်၊ နေရဲလင်း၊ စူးရှ၊ လင်းဇာနည်ဇော်၊ မျိုးစန္ဒီကျော်၊ ဖူးစုံ ဒါရိုက်တာ- မောင်ပြည့်ဝ (ပန်းဝေသီ)

# မိတ္ထီလာမြို့နယ် ရန်ကုန်-မန္တလေးကားလမ်း(ဟောင်း)၌ ခရီးသည်ယာဉ်တိမ်းမှောက်၊ ရှစ်ဦးဒဏ်ရာရ



**မိတ္ထီလာ မေ ၁၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း) Power Full စက်သုံးဆီအရောင်းဆိုင်အနီးတွင် မေ ၁၈ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်က TJ ခရီးသည်မော်တော်ယာဉ်တစ်စီး အကွေ့တွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ရာ ခရီးသည် ရှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ရန်ကုန်-မန္တလေးကားလမ်း (လမ်းဟောင်း)အတိုင်း မိတ္ထီလာဘက်မှ နေပြည်တော်သို့ ယာဉ်မောင်း ဟိန်းဘိုးအောင်(၂၆ နှစ်)မောင်းနှင်လာသော TJ ခရီးသည်ယာဉ် ယာဉ်အမှတ် NPW-3P/-----သည် ခရီးသည် ၁၅ ဦး တင်ဆောင်၍ မောင်းနှင်စဉ် မိုင်တိုင်အမှတ် ၃၃၃/၃ နှင့် ၃၃၃/၄ အကြား လမ်းအကွေ့အရောက်၌ ယာဉ်ကို ချိုးကွေ့ရန် ဘရိတ်ကို နင်းလိုက်စဉ် ကားလမ်းအလယ်၌ ယာဉ်တိမ်းမှောက်လဲကျသွားခဲ့ရာ ယာဉ်ပေါ်ပါ ခရီးသည် ၁၅ ဦးအနက် အမျိုးသားလေးဦးနှင့် အမျိုးသမီး လေးဦး စုစုပေါင်းခရီးသည် ရှစ်ဦး ဒဏ်ရာများရရှိခဲ့၍ မိတ္ထီလာပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသလျက်ရှိသည်။

ယာဉ်မောင်း ဟိန်းဘိုးအောင်အား မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ကျောက်တံခါးမြို့နယ်ဘောလုံးကွင်း ပွဲကြည့်စင် မီးလောင်မှုဖြစ်



**ကျောက်တံခါး မေ ၁၈**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကွင်းနောက်ရပ်ကွက်ရှိ မြို့နယ်အား/ကာ ဘောလုံးကွင်း ပွဲကြည့်စင် မေ ၁၈ ရက် မွန်းလွဲ ၁ နာရီခန့်က မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြို့နယ်အား/ကာ ဘောလုံးကွင်းပွဲကြည့်စင် အပေါ်ဆုံးအခန်း၌ အရက်ထိုင်သောက်နေသည့် ကွင်းနောက်ရပ်ကွက် ကျောက်တံခါးမြို့နေသူ လူငယ်သုံးဦး ပစ်ချလိုက်သည့် ဆေးလိပ်တိုမီးမှာ မြက်ခြောက်များပေါ်သို့ကျ၍ မီးလောင်ခဲ့ရာ ထိုမှတစ်ဆင့် ပွဲကြည့်စင်ကို ကူးစက်လောင်ကျွမ်းခဲ့ခြင်းကြောင်း၊ ကျောက်တံခါးမြို့နယ် မီးသတ်ဦးစီးမှူး ဦးစည်သူဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်သုံးစီးဖြင့် ဝိုင်းဝန်းမီးငြှိမ်းသတ်ခဲ့ရာ ၁၅ မိနစ်အကြာတွင် မီးငြိမ်းနိုင်ခဲ့ပြီး မီးလောင်မှုကြောင့် ပွဲကြည့်စင်မှာ ပျက်စီးဆုံးရှုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကျောက်တံခါးမြို့မရဲစခန်းက လူငယ်သုံးဦးအား ဖမ်းဆီးအမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# နေပြည်တော်တွင် လိုင်စင်မဲ့ယာဉ်နှစ်စီး ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် မေ ၁၈ ရက်က လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးရမိကြောင်း သိရသည်။

နေပြည်တော်အမှတ် ၁ ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံးမှ ဒုရဲအုပ် သက်နောင်ကျော် ဦးစီးသော ပူးပေါင်းအဖွဲ့သည် ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာ ပရဆေးဥယျာဉ်ရှေ့ ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်တွင် ယာဉ်စစ်ဆေးဆောင်ရွက်နေစဉ် ဦးသန်းထိုက်(၄၃နှစ်) မောင်းနှင်သော YGN 6C/---- နံပါတ်တပ်ဆင်ထားသည့် TOYOTA PREMIO ဆလွန်းယာဉ်အား



စစ်ဆေးရာ ယာဉ်မှာ တရားဝင်မှတ်ပုံတင်ထားခြင်းမရှိကြောင်း တွေ့ရှိရသဖြင့် သန်းထိုက်အား ရေဆင်းနယ်မြေရဲစခန်းက ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ထို့အတူ မေ ၁၆ ရက် ညနေ ၄ နာရီက နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲမှူး ရန်နိုင်နှင့် ပူးပေါင်းအဖွဲ့သည် သတင်းရရှိထားသည့် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ ကားဝပ်ရှော့တန်းရှိ နေကြီးဝပ်ရှော့ရှေ့တွင် ရပ်ထားသော YGN 5H/----နံပါတ်တပ်ဆင်ထားသော ယာဉ်ကို စစ်ဆေးရာ ယာဉ်ပိုင်ရှင် မိုးသူ(၂၉ နှစ်) မင်္ဂလာဒီပရပ်ကွက် ပုဗ္ဗသီရိမြို့နယ်နေသူအား ယာဉ်နှင့်ပတ်သက်သည့် သက်သေခံ စာရွက်စာတမ်းများ မေးမြန်းရာ ပြသပြောဆိုနိုင်ခြင်းမရှိသဖြင့် အမှတ် ၁ စခန်း၌ မိုးသူအား အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# ဇန်းမောက်မြို့နယ်အတွင်းမှ တရားမဝင်ကျွန်းသစ်လုံးနှင့် ကျွန်းခွဲသားများဖမ်းမိ

**ဇန်းမောက် မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ဇန်းမောက်မြို့နယ် မံထုံကျေးရွာအနီး တောအတွင်းမှ တရားမဝင်ကျွန်းသစ်လုံးနှင့် ကျွန်းခွဲသားများ ဖမ်းမိခဲ့သည်။

ဇန်းမောက်မြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးဇော်မင်း ဦးဆောင်သော သစ်တောဝန်ထမ်းများသည် မေ ၁၇ ရက် ည ၁၁ နာရီခန့်တွင် ဇန်းမောက်မြို့နယ် မံထုံကျေးရွာ အနီး တောအတွင်း သတင်းအရဝင်ရောက်ရှာဖွေရာ ယာဉ်အမှတ် ၃က/----ယာဉ်နှင့်အတူ ယာဉ်မောင်း မျိုးစက်အောင်(ခ) အာပိနှင့် ယာဉ်နောက်လိုက် ကျော်မင်းပို(ခ)အာနိုးတို့အားတွေ့ရှိရပြီး ယာဉ်ပေါ်မှ တရားမဝင်ကျွန်းသစ်ခွဲသားဆိုဒ်စုံ ၃၈၈ ချောင်း၊ ၁၁ ဒသမ ၁၀၃၂ တန်နှင့် ၎င်းယာဉ်အနီးမှ တရားမဝင်ကျွန်းသစ် ခုနစ်လုံး၊ ၃ ဒသမ ၃၉၀ တန် ကာလတန်ဖိုးငွေကျပ် သိန်း ၄၀ ကျော်ခန့်အားစစ်ဆေးတွေ့ရှိရပြီး ဆက်လက်ရှာဖွေခဲ့ရာ သစ်ခွဲရာတွင် အသုံးပြုသော ၂၅ ကောင်အားအင်ဂျင်တစ်လုံးနှင့်အတူ ဆက်စပ်ပစ္စည်းများ သိမ်းဆည်းခဲ့သည်။

သစ်စက်ပိုင်ရှင်မှာ ဇန်းမောက်မြို့နယ် မံထုံကျေးရွာနေ အောင်ကျော်ထွန်းဆိုသူဖြစ်ပြီး ၎င်းတို့သုံးဦးအား ဇန်းမောက်မြို့ရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **လှုအောင်(ကသာ)**

# နတ်မောက်မြို့နယ် လေးအိမ်ကျေးရွာအနီး တံတားအောက် ချောက်ထဲသို့ အီစူဇူးယာဉ်ထိုးကျ

**နတ်မောက် မေ ၁၈**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ မေ ၁၈ ရက် နံနက် ၆ နာရီက ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။ ယာဉ်မောင်းစုံစမ်းဆဲ မောင်းနှင်သည့် ယာဉ်အမှတ် 5B/ ---- ISUZU ယာဉ်သည် ပျော်ဘွယ်-ရွာမွန်-နတ်မောက်ကားလမ်းအတိုင်း မောင်းနှင်လာစဉ် လေးအိမ်ကျေးရွာအနီး မိုင်တိုင်အမှတ် ၅၇/၂ နှင့် ၅၇/၃ အကြား ဆတ်ခင်ရိုးတံတားအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးအုတ်တိုင်များကို တိုက်မိပြီး လမ်းယာဘက်တံတားအောက် ချောက်ထဲသို့ ထိုးကျနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ယာဉ်မောင်းအား စုံစမ်းဖော်ထုတ်အရေးယူရန် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**

# (၁၈)မိုင် ယုဇနဆီအုန်းကုမ္ပဏီဝန်ထမ်းအိမ်ရာတွင် လူသတ်မှုဖြစ်

**ခမောက်ကြီး မေ ၁၈**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ် ၁၈ မိုင် ယုဇနဆီအုန်းကုမ္ပဏီတွင် မေ ၁၇ ရက်က စက်ရုံ ဝန်ထမ်းအိမ်ရာ(၁)တွင် လူသတ်မှုဖြစ်ပွားခဲ့သည်။

ခမောက်ကြီးမြို့(၁၈)မိုင် ယုဇနဆီအုန်းကုမ္ပဏီဝင်း၌ မေ ၁၇ ရက် ညနေ ၄ နာရီခွဲခန့်က စက်ရုံဝန်ထမ်း အိမ်ရာ(၁) ရှေ့ ဝရန်တာရှိ ခုံတန်းလျားပေါ်ထိုင်၍ သက်နိုင်ထွန်း(၃၁နှစ်) စက်ရုံဝန်ထမ်း (ဝရိန်ဆရာ)၊ ဇော်မင်း စက်ရုံဝန်ထမ်းနှင့် ထက်လင်းနိုင် (၂၃ နှစ်) စက်ရုံဝန်ထမ်း(ဝရိန်ဆရာ)တို့ သုံးဦး အရက်အတူ ထိုင်သောက်နေစဉ် သက်နိုင်ထွန်းနှင့် ထက်လင်းနိုင်တို့ နှစ်ဦးသည် အလုပ်ကိစ္စဖြင့် စကားနိုင်လုရာမှ သက်နိုင်ထွန်းက လမ်းမပေါ်သို့ ထွက်ပြေးခဲ့ရာ ထက်လင်းနိုင်က အနောက်မှပြေးလိုက်ခဲ့ပြီး သက်နိုင်ထွန်း ရင်ဘတ်အားဆွဲစဉ် သက်နိုင်ထွန်းက လက်ထဲတွင်ကိုင်ထားသော ပုလင်းကွဲဖြင့် လည်ပင်းအားထိုးခဲ့ရာ ထက်လင်းနိုင်တွင် ပြတ်ရှဒဏ်ရာရရှိကာ လဲကျသေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ခမောက်ကြီး နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်(ပြန်/ဆက်)**

# ကသာ၌ ငွေကျပ် ၃၅၇ သိန်းတန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**ကသာ မေ ၁၈**

ကသာမြို့နယ် ပင်းမလွတ်ကျေးရွာ သံလမ်းကူးအနီး၌ မူးယစ်ဆေးဝါးဘိန်းဖြူ ငွေကျပ် ၃၅၇ သိန်း ခန့်အား မူးယစ်တပ်ဖွဲ့မှ မေ ၁၈ ရက်က ဆိုင်ကယ်စီးလာသူထံမှ ဖမ်းဆီးရမိခဲ့သည်။ ကသာမြို့နယ် လမ်းခွကျေးရွာအုပ်စု ပင်းမလွတ်ကျေးရွာ သံလမ်းကူး၌ မူးယစ်တပ်ဖွဲ့စု(၆)ကသာမှ ရဲအုပ်ကျော်စိုးလင်း ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် သတင်းအရ ကသာ-အင်းတော်သွားလမ်းတွင် စောင့်ဆိုင်းနေစဉ် ကသာဘက်မှ ဖြိုးအောင် မောင်းနှင်လာသော CANDA 125 ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဆပ်ပြာခွက် ၃၃ ခွက်ဖြင့် ထည့်လျက် ကာလတန်ဖိုး ငွေကျပ် သိန်း ၃၃၀ ရှိ ဘိန်းဖြူနှင့် ကာလတန်ဖိုး ငွေကျပ် ၂၇ သိန်း ၅ သောင်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၅၀ သိမ်းဆည်းရမိသဖြင့် ကသာမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်နေကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

# မရမ်းချောင်စစ်ဆေးရေးအဖွဲ့ ရှောင်ကွင်းလမ်းသွယ်၌ စာရွက်စာတမ်းများတင်ပြနိုင်ခြင်းမရှိသည့် ကုန်ပစ္စည်းများဖမ်းမိ

**နေပြည်တော် မေ ၁၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၂၁ စီး ၊ သွင်းကုန် အစီး ၉၇၀ ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၆၀ ၊ သွင်းကုန် ၁၇၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၇ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှတားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၇၉၃ သန်းခန့် ဖမ်းဆီးရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၁၇ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် နန်းရဂုံစားသောက်ဆိုင်အနီး ရှောင်ကွင်းလမ်းသွယ်၌ ခရီးသည်တင်ယာဉ်တစ်စီးအား တားဆီးစစ်ဆေးခဲ့ရာယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် TV /Monitor (Used)(Assorted-Size) (62 SUnits)၊ Refrigerator (Used)(2-Door)(2 Units)၊ Household Goods (Used)(3 Items)၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီးနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ ဒသမ ၃၂ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆီးရီးယား၌ အနိုင်ရရှိခဲ့မှုများကို ပူတင်နှင့် အာဆတ်တို့ အောင်ပွဲခံ

**မော်စကို မေ ၁၈**

ရုရှားသမ္မတဗလာဒီမာပူတင်နှင့် ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်တို့သည် ဆီးရီးယား၌ အကြမ်းဖက်အဖွဲ့အစည်းများအား တိုက်ဖျက်နှိမ်နင်းရာတွင် အောင်မြင်မှုများရရှိခဲ့မှုအပေါ် ဂုဏ်ယူစွာဖြင့်အောင်ပွဲခံခဲ့ကြကြောင်း သိရသည်။

သမ္မတပူတင်သည် ဥရောပခေါင်းဆောင်များနှင့် ၎င်း၏ဆွေးနွေးပွဲများ မပြုလုပ်မီ ကြာသပတေးနေ့က ဆိုချီရှိပင်လယ်နက် အပန်းဖြေစခန်း၌ ဆီးရီးယားသမ္မတဘတ်ရှာ အယ်လ်အာဆတ်နှင့် ဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။

ထိုသို့ဆွေးနွေးခဲ့ရာတွင် ပူတင်က အကြမ်းဖက်အဖွဲ့များကို ဆီးရီးယား တပ်မတော်က နှိမ်နင်းတိုက်ခိုက်နိုင်ခဲ့သည့်အောင်ပွဲရရှိမှုများအတွက် သမ္မတအာဆတ်အား ဝမ်းမြောက်ဂုဏ်ယူကြောင်းပြောကြားခဲ့သည်။ ရုရှားသမ္မတက အကြမ်းဖက်အုပ်စုများသည် ဆီးရီးယားရှိ အချက်အချာကျသည့် တည်နေရာများတွင် လက်နက်ချခဲ့ကြပြီဖြစ်သည့်အတွက် ဆီးရီးယားနိုင်ငံ၏အခြေခံအဆောက်အအုံကို ပြန်လည်ထိန်းသိမ်းရန် အခွင့်သာခဲ့ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

သမ္မတအာဆတ်က အကြမ်းဖက်အုပ်စုများ ထိန်းချုပ်ထားခဲ့သည့် နေရာများသည် လုံးဝသေးငယ်ပပျောက်သွားခဲ့ပြီဖြစ်သည်ဟု ဆိုသည်။ တိုက်ပွဲများအတွင်း အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့သည့်အတွက် ဆီးရီးယားတပ်မတော်ကို အာဆတ်ကကျေးဇူးတင်စကားပြောကြားခဲ့သည်။

သမ္မတပူတင်သည် လာမည့်ရက်သတ္တပတ်တွင် ပြင်သစ်သမ္မတအီမန်နျူရယ် မက်ခရွန်နှင့် တွေ့ဆုံရန်စီစဉ်ထားသည်။ ပြီးခဲ့သည့်လအတွင်းက အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နှင့် ပြင်သစ်တို့သည် ဓာတုလက်နက်တိုက်ခိုက်မှုလုပ်ဆောင်ခဲ့သည့်အတွက် အရေးယူဆောင်ရွက်သည်ဟုဆိုကာ အာဆတ်အစိုးရတပ်အဖွဲ့၏ တည်နေရာများကို တိုက်ခိုက်ခဲ့ကြသည်။



လေ့လာသူများက သမ္မတပူတင်သည် ဓာတုလက်နက်သုံးတိုက်ခိုက်မှုနှင့်ပတ်သက်သည့် ဝေဖန်ချက်များကို ကာကွယ်တားဆီးရန် ကြိုးပမ်းနေပြီး အနောက်နိုင်ငံများက သမ္မတအာဆတ်နုတ်ထွက်ရေးကိုတောင်းဆိုနေကြောင်း ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ကွန်ဂို၌ အီဘိုလာရောဂါကူးစက်ဖြစ်ပွားမှု မြို့ပြဒေသများအထိ ပျံ့နှံ့လာ

**မဘန်ဒါကာ မေ ၁၈**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ အီဘိုလာရောဂါဖြစ်ပွားမှုသည် မြို့ပြဒေသများအထိ ကူးစက်ပျံ့နှံ့လာလျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောကြားခဲ့သည်။

နိုင်ငံအနောက်မြောက်ပိုင်းရှိ လူဦးရေတစ်သန်းခန့်နေထိုင်ရာ မြို့ကြီးတစ်မြို့ဖြစ်သည့် မဘန်ဒါကာ၌ အီဘိုလာ ကူးစက်ဖြစ်ပွားမှုကို အတည်ပြုထားပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဖော်ပြသည်။ မဘန်ဒါကာသည် ပထမဆုံးရောဂါကူးစက်ခံရမှုဖြစ်ပွားခဲ့သည့် ဘီကိုရိုကျေးလက်ဒေသ၏ မြောက်ဘက်မှ ၁၂၀ ကီလိုမီတာခန့်ဝေးကွာသည်။



အီဘိုလာဖြစ်ပွားကြောင်း သံသယရှိသူ ၁၀ ဦး၊ အီဘိုလာ ဖြစ်နိုင်ခြေရှိသူ ၂၁ ဦးနှင့် ရောဂါဖြစ်ပွားကြောင်း အတည်ပြုထားသူ ၁၄ဦး အပါအဝင် စုစုပေါင်း ၄၅ ဦး ယခုအခါ တွေ့ရှိထားကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မကြာသေးမီက ထုတ်ပြန်လိုက်သည့် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

သေဆုံးသူအသစ်မှာ အီဘိုလာရောဂါ စတင်ဖြစ်ပွားနေသည်ဟု မေ ၈ ရက်က ကြေညာခဲ့သော အီကွေတာပြည်နယ် ဘီကိုရိုမြို့တွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် နိုင်ငံတကာအဖွဲ့တစ်ဖွဲ့ဖြစ်သည့် နယ်စည်းမထားဆရာဝန်များအဖွဲ့သည် ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရန် အရေးပေါ်တုံ့ပြန် ဆောင်ရွက်ရေးအဖွဲ့များကို စေလွှတ်လျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




# စီအိုင်အေ၏ ပထမဆုံးသော အမျိုးသမီးဒါရိုက်တာကိုအတည်ပြု

**ဝါရှင်တန် မေ ၁၈**

အမေရိကန်ဆီးနိတ်လွှတ်တော်သည် စီအိုင်အေထောက်လှမ်းရေးအေဂျင်စီ၏ ပထမဆုံးသောအမျိုးသမီးဒါရိုက်တာအဖြစ် ဂီနာဟက်စပယ်လ်ကို အတည်ပြုလိုက်ကြောင်း သိရသည်။

ဆီးနိတ်လွှတ်တော်သည် ကြာသပတေးနေ့က ဂီနာဟက်စပယ်လ်အားခန့်အပ်ရန် မဲခွဲဆုံးဖြတ်ခဲ့ရာ ထောက်ခံမဲ ၅၄ မဲ၊ ကန့်ကွက်မဲ ၄၅ မဲဖြင့် ၎င်းအားအတည်ပြုနိုင်ခဲ့ခြင်းဖြစ်သည်။ သမ္မတဒေါ်နယ်ထရန့်က ဟက်စပယ်လ်ကို မိုက်ပွန်ပီအိုနေရာတွင် ဝင်ရောက်မည့်ဒါရိုက်တာအဖြစ် အဆိုပြုခဲ့သည်။ မိုက်ပွန်ပီအိုမှာ ယခုအခါ နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ဟက်စပယ်လ်သည် လတ်တလောတွင် စီအိုင်အေ၏ လက်ထောက်ဒါရိုက်တာအဖြစ် ဆောင်ရွက်နေသူဖြစ်သည်။ တွစ်တာပေါ်ရေးသားဖော်ပြခဲ့သည့် မက်ဆေ့ချ်တွင် ထရန့်က ဟက်စပယ်လ်အားအတည်ပြုနိုင်ခဲ့မှုကို ဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြထားသည်။ ဟက်စပယ်လ်သည် စီအိုင်အေထောက်လှမ်းရေးအေဂျင်စီ၌ လုပ်သက် ၃၀ ကျော်ရှိပြီဖြစ်သည့် ဝါရင့်တာဝန်ထမ်းဆောင်သူတစ်ဦးဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# ကိုမိုလန်မာတောင်ထိပ်သို့ နီပေါနိုင်ငံသားတက်ရောက် ၂၂ ကြိမ်မြောက်စံချိန်တင်

**ခတ္တမန္ဍူ မေ ၁၈**

နီပေါနိုင်ငံသား ကာမီရီတာရှာပါးသည် ကိုမိုလန်မာတောင်ထိပ်သို့ ၂၂ ကြိမ်မြောက်တက်ရောက်ခဲ့ပြီး အကြိမ်အရေအတွက်အများဆုံး စံချိန်ချိုးနိုင်ခဲ့ကြောင်း သတင်းများတွင် မကြာသေးမီကဖော်ပြခဲ့သည်။ အဆိုပါ ကိုမိုလန်မာတောင်သည် မီတာ ၈၈၄၈ မြင့်ကာ ကမ္ဘာ့အမြင့်ဆုံးတောင်များအနက် တစ်လုံးအပါအဝင်ဖြစ်ပြီး အသက် ၄၈ နှစ်အရွယ်ရှိ ရှာပါက တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ကာ စံချိန်သစ်တင်နိုင်ခဲ့ခြင်း ဖြစ်သည်။ နီပေါနိုင်ငံရှိ ကိုမိုလန်မာတောင်ထိပ်သို့ အခြားတောင်တက်သမားများနှင့်အတူ မေ ၁၆ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ ခွဲတွင် ရောက်ရှိခဲ့ကြောင်း၊ ၂၁ ကြိမ်မြောက်အဆိုပါတောင်ပေါ်သို့ တက်ရောက်ခဲ့သော စံချိန်အား အခြားတောင်တက်သမားများဖြစ်သူ အာပါရှာပါ၊ ဖာဘာတာရှီတို့နှင့်အတူ ပူးတွဲရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ဆယ်ကျော်သက် ဆူဒန်အမျိုးသမီး သေဒဏ်ပေးခံရခြင်းက အမျိုးသမီးအခွင့်အရေးအတွက် ရုန်းကန်လှုပ်ရှားမှုများကို ဖြစ်စေ

**ခါတွန် မေ ၁၈**

အလိုမတူဘဲ အတင်းအဓမ္မပြုကျင့်ခဲ့သည့် ခင်ပွန်းကို သေအောင်သတ်ခဲ့သည့် ဆူဒန်ဆယ်ကျော်သက်အမျိုးသမီးငယ်တစ်ဦးကို လွန်ခဲ့သော ရက်သတ္တပတ်က သေဒဏ်ချမှတ်လိုက်သည့်အပေါ် ဆူဒန်အမျိုးသမီးများ၏ အခွင့်အရေး တက်ကြွလှုပ်ရှားသူများက တိုက်ပွဲသစ်တစ်ခု ဆင်နွှဲတော့မည့်အခြေအနေတစ်ရပ်ကို မကြာမီမြင်ရတော့မည်ဖြစ်ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်၌ မေ ၁၈ ရက်က ဖော်ပြခဲ့သည်။

အသက် ၁၉ နှစ်ရှိ နော်ရာဟူစိန်သည် ၎င်း၏ဖခင်က အတင်းအကျပ်လက်ထပ်ပေးခဲ့သော ၎င်း၏ခင်ပွန်းအား သေစေရန် တမင်ကြံရွယ်ခဲ့သည်ဆိုကာ ပြစ်မှုထင်ရှားသဖြင့် စီရင်ချက်ချမှတ်ခြင်း ခံခဲ့ရသည်။

နော်ရာအနေဖြင့် သေဒဏ်ဖြင့် ရင်ဆိုင်နေရကြောင်း၊ ၎င်း၏အမှုက ကျွန်ုပ်တို့လည်း သူ့လို ကွပ်မျက်ခံရနိုင်ခြေရှိသည့် ပုံစံမျိုးဖြစ်ပေါ်တတ်သည်ကို သတိပေးနေကြောင်း မေ ၁၀ ရက်က နော်ရာပြစ်ဒဏ်ချမှတ်ခြင်းကို ကြုံတွေ့ခဲ့ရသည့် ဆူဒန်အမျိုးသမီးအခွင့်အရေးတက်ကြွလှုပ်ရှားသူ ဝီနီအိုမာက ပြောခဲ့သည်။

အမျိုးသမီးများ၏ အခွင့်အရေးများအတွက် ပိုမိုလှုပ်ရှားကြရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဟူစိန်၏ ကိစ္စရပ်သည် အမျိုးသမီးထုအတွက် မခံမရပ်နိုင်ဖြစ်ခဲ့ရာ အမျိုးသမီးအခွင့်အရေး တက်ကြွလှုပ်ရှားသူများက မျှတမှုတွေ ဆောင်ယူလာဟု အခိုပွာယ်သက်ရောက်သည့် လှုံ့ဆော်မှုများ ပြုလုပ်ခဲ့သည်။ ကုလသမဂ္ဂ အမျိုးသမီးရေးရာ အေဂျင်စီကလည်း အသနားခံခဲ့ကြောင်း သိရသည်။

ဆယ်ကျော်သက်အရွယ်၌ အဓမ္မလက်ထပ်ထိမ်းမြားခြင်းသည် ဆူဒန်တွင် အမျိုးသမီးများရင်ဆိုင်နေရသည့် ပြဿနာဖြစ်ရုံတင်မကဘဲ လိင်ပိုင်းဆိုင်ရာ စော်ကားမှုများ၊ အရွယ်မရောက်သေးသည့် ကလေးများကို အတင်းအဓမ္မလက်ထပ်ထိမ်းမြားပေးခြင်းများ၊ အင်အားသုံးလက်ထပ်စေမှုများ၊ အစဉ်အလာဖြစ်နေသည့် တစ်ဖက်သက်ဆန်သည့် အစ္စလာမ့်ဥပဒေများကလည်း တစ်ခါတစ်ရံ အမျိုးသမီးများကို ထိခိုက်မှုများဖြစ်စေကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### ကက်ရှ်မီးယားဒေသတွင် ပစ်ခတ်မှုများဖြစ်ပွားရာ ကိုးဦးသေဆုံး

**ဆရီနာဂါ မေ ၁၈**

အိန္ဒိယနှင့် ပါကစ္စတန်တပ်ဖွဲ့များသည် တင်းမာနေသည့် ကက်ရှ်မီးယားနယ်စပ်၌ မေ ၁၈ ရက်က အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ရာ အရပ်သားရှစ်ဦး သေဆုံးခဲ့ပြီး အိန္ဒိယတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း သက်ဆိုင်ရာအရာရှိများက ပြောခဲ့သည်။

အိန္ဒိယနှင့် ပါကစ္စတန်ရှေ့တန်းစစ်မြေပြင်တွင် လက်နက်ကြီးများဖြင့် အပြန်အလှန်ပစ်ခတ်ခဲ့ရာ လူ ၂၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီ ကက်ရှ်မီးယားသို့ လာရောက်မလည်ပတ်ခင် တစ်ရက်အလိုတွင် ထိုကဲ့သို့ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အိန္ဒိယ ကက်ရှ်မီးယား၏ အာရှ်အက်စ်ပူရာနေရာ၌ နှစ်နိုင်ငံတပ်ဖွဲ့များသည် မေလ ၁၆ ရက်ကတည်းက အပြန်အလှန်ပစ်ခတ်မှုများ ပြုလုပ်ခဲ့ကြောင်း၊ အဆိုပါနေရာသည် ပါကစ္စတန် ပန်ဂျပ်ပြည်နယ်၊ ဆိုင်လ်ကော့ အရပ်၏ မျက်နှာချင်းဆိုင်တွင် တည်ရှိကြောင်း သိရသည်။

နယ်စပ်ဖြတ်ကျော် တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသောကြောင့် အိန္ဒိယအာဏာပိုင်များသည် ဒေသခံများကို ကယ်ဆယ်ရွှေ့ပြောင်းမှုများ ပြုလုပ်ရန် သံချပ်ကာယာဉ်များကို အဆိုပါနေရာသို့ အလျင်အမြန် စေလွှတ်ခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

### နိုင်ဂျီးရီးယား အရှေ့မြောက်ပိုင်း၌ အသေခံဗုံးဖောက်ခွဲမှုဖြစ်ပွားရာ လေးဦးသေဆုံး

**ကာနို မေ ၁၈**

နိုင်ဂျီးရီးယားအရှေ့မြောက်ပိုင်းတွင် မေ ၁၇ ရက်က လဟာပြင်ဘာသာရေး အဆောက်အအုံ အသေခံဖောက်ခွဲမှုတစ်ခုတွင် အနည်းဆုံး လူလေးဦး သေဆုံးခဲ့ကြောင်း အရန်စစ်နှင့်ဒုက္ခသည်စခန်းမှ တာဝန်ရှိသူများက အေအက်ဖ်ပီသို့ ယနေ့တွင် ပြောခဲ့သည်။

ဝတ်ပြုဆုတောင်းသူအဖြစ် ရုပ်ဖျက်ထားသော သံသယဖြစ်ဖွယ် ဘိုကိုဟာရမ် အသေခံဗုံးခွဲသမားသည် ဒစ်ဝါဒေသရှိ အဆိုပါလဟာပြင်ဘာသာရေးအဆောက်အအုံတွင် အသေခံဗုံးခွဲမှု ပြုလုပ်ခဲ့ကြောင်း၊ အဆိုပါနေရာသည် သောင်းကျန်းသူများကြောင့် ရွှေ့ပြောင်းဒုက္ခသည်များ ခိုလှုံနေထိုင်ရသည့် နေရာဖြစ်ပြီး ဘောနိုပြည်နယ် မိုင်ဒူဂူရီအရှေ့ဘက် ၅၅ မိုင်အကွာတွင်တည်ရှိကြောင်း သိရသည်။

မေ ၁၇ ရက် အစောပိုင်းအသေခံဗုံးဖောက်ခွဲမှုတွင် လူလေးဦးသေဆုံးခဲ့ပြီး ၁၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ လူများစုဝေးနေသည့်အချိန်တွင် ဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း ပြည်သူ့စစ်ခေါင်းဆောင် ဘာဘာကူရာ ကိုလိုက အေအက်ဖ်ပီသို့ ပြောခဲ့သည်။ **အေအက်ဖ်ပီ**

# အီဘိုလာရောဂါဖိစီးနှိပ်စက်မှုနဲ့ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ

**ကလျာမိုးမြင့်**



ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံမှာ အီဘိုလာရောဂါကူးစက်ဖြစ်ပွားမှုဟာ မြို့စွန်မြို့ဖျား နယ်စွန်နယ်ဖျားကနေ မြို့တွင်းအထိ ပျံ့နှံ့ဝင်ရောက်လာနေပြီး ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်ဖို့ တစ်စထက်တစ်စပိုမိုခက်ခဲမှာကို စိုးရိမ်ကြောက်လန့်နေရတဲ့ အနေအထားမျိုးဖြစ်နေပါတယ်။

ယခုလအစောပိုင်းမှာတင် အီဘိုလာဖြစ်ပွားမှုကို ပထမဆုံးအတည်ပြုခဲ့သည့် ဧရိယာကနေ ၁၃၀ကီလိုမီတာ ( မိုင်ပေါင်း ၈၀)ခန့်အကွာမှာ လူတစ်သန်းနေထိုင်တဲ့ မဘန်ဒါကာမြို့မှာ နောက်ထပ် အီဘိုလာကူးစက်မှုကို ကျန်းမာရေးဝန်ကြီး အိုလီအီလန်ဂါကာလန်ဂါက အတည်ပြုခဲ့ပါတယ်။ ဒီမြို့ဟာ အချက်အချာကျတဲ့သယ်ယူပို့ဆောင်ရေးမြို့ကြီးဖြစ်ပြီး ကင်ရှာဆာမြို့တော်ကိုသွားတဲ့ လမ်းကြောင်းတွေရှိရာ မြို့လည်းဖြစ်ပါတယ်။

**လတ်တလောထိခိုက်မှုများ**

အခုအချိန်မှာ အီဘိုလာရောဂါကူးစက်ခံရတဲ့သူ ၄၂ ဦးရှိနေပြီး ၂၃ ဦး သေဆုံးသွားခဲ့ပါပြီ။ အီဘိုလာရောဂါဟာ အပြင်းအထန်ကူးစက်ဖြစ်ပွားတတ်တဲ့ အဖျားရောဂါဖြစ်ပြီး ခန္ဓာကိုယ်အတွင်းပိုင်းသွေးယိုစီးမှုကို ဖြစ်ပွားစေကာ သေစေနိုင်လောက်အောင် ဒုက္ခပေးတတ်တဲ့ ရောဂါဖြစ်ပါတယ်။ ခန္ဓာကိုယ်ကထွက်တဲ့ အရည်ပမာဏအနည်းငယ်လောက်ကို ထိတွေ့မိရုံမျှနဲ့ မြန်မြန်ဆန်ဆန်ကူးစက်နိုင်ပြီး ရောဂါကူးစက်ခံရချိန်အစောပိုင်းမှာ ဖြစ်ပွားတဲ့တုပ်ကွေးလိုလက္ခဏာမျိုးဟာ အမြဲတမ်း ထင်ထင်ရှားရှားတော့ပြလေ့မရှိပါဘူး။

**ကူးစက်ပျံ့နှံ့လာမှုက စိုးရိမ်ဖွယ်**

၂၀၁၄ ကနေ ၂၀၁၆ ခုနှစ် အထိ အနောက်အာဖရိကမှာ ဖြစ်ပွားခဲ့တဲ့ အီဘိုလာရောဂါဟာ လူပေါင်း ၁၁၃၀၀ ကို သေဆုံးစေခဲ့ပြီး ဂီနီ၊ ဆီယာရာလီယွန်နှင့် လိုက်ဘေးရီးယားနိုင်ငံတွေရဲ့ မြို့တော်တွေအထိ ကူးစက်ပျံ့နှံ့ရောက်ရှိခဲ့တာကြောင့် အတော်လေးကို ကြောက်စရာကောင်းခဲ့ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ အကြီးတန်းအာဏာပိုင်တစ်ဦးဖြစ်တဲ့ ပီတာဆလာမာက မဘန်ဒါကာကို ကူးစက်ရောက်ရှိလာခြင်းဟာ ရောဂါ ဒီထက်ပိုပြီး ပေါက်ကွဲပျံ့နှံ့လာနိုင်ဖွယ်ရှိနေတယ်ဆိုတဲ့ အဓိပ္ပာယ်မျိုးပဲလို့ ဆိုပါတယ်။

ယခုဖြစ်ပွားမှုဟာ တော်တော်လေးရောဂါကူးစက်မှုကြီးထွားလာတဲ့အခြေအနေမျိုးပဲလို့ ပီတာက ဘီဘီစီသို့ ပြောကြားပါတယ်။ ကျွန်ုပ်တို့မှာ မြို့ပြအဆင့်အီဘိုလာဖြစ်ပွားမှုမျိုး ကြုံနေရပြီး ဒါက ကျေးလက်မှာ အီဘိုလာဖြစ်ပွားမှုနဲ့ တော်တော်လေးခြားနားနေတယ်။ ဒီနေရာမှာ ချက်ချင်းဆိုသလို အရှိန်အဟုန်ကြီးထွားလာတဲ့ ရောဂါကူးစက်မှုဖြစ်လာဖွယ်ရှိနေပြီလို့ ပီတာက ပြောပါတယ်။

**အနီးဝန်းကျင်နိုင်ငံတွေဆီ ကူးစက်ပျံ့နှံ့လာနိုင်**

အရေးပေါ်အခြေအနေ ကြိုတင်ကာကွယ်မှုနဲ့ တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဒုတိယအထွေထွေ ညွှန်ကြားရေးမှူးလည်းဖြစ်တဲ့ မစ္စတာပီတာ ဆလာမာက ကွန်ဂိုမြစ်ပေါ်မှာရှိနေတဲ့ မဘန်ဒါကာတည်နေရာကို သယ်ယူပို့ဆောင်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနေရတာက အနီးအနားပတ်ပတ်လည်မှာရှိတဲ့ နိုင်ငံတွေဖြစ်တဲ့ ကွန်ဂို-ဘရာဇီဗီလီနဲ့ ဗဟိုအာဖရိကပြည်ထောင်စုသာမက လူဦးရေ ၁၀သန်းလောက်နေထိုင်တဲ့ ကင်ရှာဆာမြို့ကိုပါ ပျံ့နှံ့ရောက်ရှိသွားစေဖို့ အလားအလာတွေကို ပိုပြီးများပြားလာစေတယ်လို့ ဆိုပါတယ်။

ဒီအခြေအနေတွေဟာ ရောဂါဖြစ်ပွားမှုနဲ့ပတ်သက်ပြီး လုံးဝကွဲပြားခြားနားတဲ့ ရှုထောင့်တစ်ခုကိုပေးလိုက်ပြီး ပထမဆုံးအကြိမ် ကူးစက်ဖြစ်ပွားတဲ့လက္ခဏာ ရပ်တန့်သွားအောင် မဘန်ဒါကာဆီကိုအရေးပေါ်ဆောင်ရွက်မှုတွေ ဒီထက်ပိုပြီး မြန်မြန်ဆန်ဆန်ရောက်ရှိအောင်လုပ်ဆောင်ဖို့ လိုအပ်လာပါတယ်။

**ရောဂါဖြစ်ပွားမှုကိုထိန်းချုပ်ဖို့ ဘာတွေလုပ်ဆောင်ထားပြီလဲ**

ကွန်ဂိုရှိ အီကွက်တာပြည်နယ်ရဲ့ ကျန်းမာရေးဇုန်သုံးခုမှာ အီဘိုလာကူးစက်ဖြစ်ပွားမှုသုံးခုကို ခိုင်မာကြောင်း မှတ်တမ်းတင် အတည်ပြုထားပြီလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားခဲ့ပါတယ်။ မူလပထမအရင်းခံဖြစ်တဲ့ အီဘိုလာရောဂါဖြစ်ပွားမှု စီမံခန့်ခွဲဆောင်ရွက်မှုတွေကို မဘန်ဒါကာမှာ ဆောင်ရွက်နေပြီဖြစ်တယ်လို့ မစ္စတာဆလာမာက ပြောခဲ့ပါတယ်။ ရောဂါဖြစ်ပွားမှုဟာ မဘန်ဒါကာတောင်ပိုင်း ဘီကိုရိုက အီဘိုလာကြောင့်သေဆုံးသွားသူရဲ့ဈာပနကို သွားရောက်ခဲ့တဲ့ လူသုံးဦးဆီကနေ ဒီနေရာကိုကူးစက်သယ်ဆောင်လာခဲ့တာဖြစ်နိုင်တယ်လို့လည်း သိရပါတယ်။

**ကာကွယ်ဆေးတွေရောက်ရှိလာ**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပေးပို့လိုက်တဲ့ ကာကွယ်ဆေး ၄၀၀၀ ကျော်လောက်ဟာ ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့မှာ ရောက်ရှိလာခဲ့ပြီး နောက်ထပ်ကာကွယ်ဆေးတွေလည်းမကြာမီရောက်လာဦးမယ်လို့ မျှော်လင့်ထားကြပါတယ်။ မြို့ပြနဲ့ မြို့ပြအလွန်တွေမှာ အီဘိုလာရောဂါကူးစက်ပျံ့နှံ့မှု ရပ်တန့်စေဖို့ တခြားသောရောဂါကူးစက်ခံရတဲ့ ပြည်သူတွေဆီကို ကာကွယ်ဆေးတွေမပို့ခင်မှာ အီဘိုလာဗိုင်းရပ်စ်ကူးစက် သယ်ဆောင်လာသူတွေလို့ သံသယရှိသူတွေနဲ့ထိတွေ့မှုရှိခဲ့တဲ့ မဘန်ဒါကာက ပြည်သူတွေဆီကို ကာကွယ်ဆေးတွေ အရင်ဆုံးဦးစားပေးပို့ဆောင်သွားမှာဖြစ်ပါတယ်။

Merck ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီက ကာကွယ်ဆေးတွေဟာ လိုင်စင်ခွင့်ပြုချက်ရရှိထားခြင်း မရှိသေးပါဘူး။ ဒါပေမယ့် အနောက်အာဖရိကမှာ အီဘိုလာရောဂါကူးစက်ဖြစ်ပွားခဲ့ချိန်အတွင်းမှာ အတိုင်းအတာတစ်ခုအထိ အကျိုးပြုခဲ့ပါတယ်။ ဒီဆေးဝါးတွေကို အပူချိန် ၆၀ နဲ့ ၈၀ ဒီဂရီဆဲလ်စီးယပ်စ်မှာ သိုလှောင်သိမ်းဆည်းဖို့လိုအပ်ပါတယ်။ ပြီးတော့ ကွန်ဂိုမှာ လျှပ်စစ်ဓာတ်အားပေးဝေမှုဟာ ဆိုရင်လည်း စိတ်ချရတဲ့ အနေအထားမျိုးမှာ မရှိပါဘူး။

> “ မြို့ပြနဲ့ မြို့ပြအလွန်တွေမှာ အီဘိုလာရောဂါကူးစက်ပျံ့နှံ့မှု ရပ်တန့်စေဖို့ တခြားသောရောဂါကူးစက်ခံရတဲ့ ပြည်သူတွေဆီကို ကာကွယ်ဆေးတွေမပို့ခင်မှာ အီဘိုလာဗိုင်းရပ်စ် ကူးစက်သယ်ဆောင်လာသူတွေလို့ သံသယရှိသူတွေနဲ့ ထိတွေ့မှုရှိခဲ့တဲ့ မဘန်ဒါကာက ပြည်သူတွေဆီကို ကာကွယ်ဆေးတွေ အရင်ဆုံး ဦးစားပေးပို့ဆောင်သွားမှာဖြစ် ”

**သံသယရှိသူတွေကို စိစစ်**

ကျန်းမာရေး လုပ်သားတွေဟာ ရောဂါကူးစက်ခံထားရတယ်လို့ သံသယရှိတဲ့ ပြည်သူအယောက် ၄၀ ကို ခွဲခြားစိစစ်ထားပြီး အီဘိုလာကူးစက်ခံရတဲ့ လူနာနဲ့ ထိတွေ့မှုရှိတဲ့သူ အယောက် ၄၀၀၀ ကျော်ကို သိရှိနိုင်ဖို့ လုပ်ဆောင်နေကြပါတယ်။ ဒီလူနာတွေဟာ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အနောက်မြောက်ဘက်တစ်လွှားကနေ ရောဂါကူးစက်သယ်ဆောင်လာသူတွေဖြစ်တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောပါတယ်။ ဒီလူတွေအများစုဟာ မော်တော်ဆိုင်ကယ်နဲ့သာ ရောက်ရှိသွားလာနိုင်တဲ့ဧရိယာတွေမှာ နေထိုင်ကြတာဖြစ်တယ်လို့ သိရပါတယ်။

**ခရီးသွားလာမှုဆိုင်ရာ စည်းမျဉ်းကန့်သတ်ချက်တွေထုတ်ပြန်**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံအတွင်းမှာ ကုန်သွယ်ရောင်းဝယ်မှုနဲ့ ခရီးသွားလာမှုဆိုင်ရာ စည်းမျဉ်းကန့်သတ်ချက်တွေ ထုတ်ပြန်ညွှန်ကြားထားတာ မရှိခဲ့ဘူး။ မဘန်ဒါကာနဲ့ ကင်ရှာဆာ ဒါမှမဟုတ် နိုင်ငံတကာကို သွားလာမှုတွေမှာ ကန့်သတ်ချက်တွေ ထုတ်ပြန်ထားတာ မရှိဘူးလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆိုပါတယ်။

သို့သော်လည်း မစ္စတာဆလာမာကတော့ ဒေသတွင်းမှာရှိတဲ့ နိုင်ငံပေါင်း ၁၃ နိုင်ငံတို့ဟာ နယ်စပ်မှာ စစ်ဆေးဆောင်ရွက်မှုတွေကို မြှင့်တင်လျက်ရှိပြီး ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံကိုယ်တိုင်မှာလည်းပဲ နိုင်ငံအဝင်အထွက်စစ်ဆေးဆောင်ရွက်မှုတွေကို ဆောင်ရွက်နေတယ်လို့ ပြောပါတယ်။

သတင်းကောင်းတစ်ခုက ဘာလဲဆိုတော့ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံရဲ့လူဦးရေဟာ အီဘိုလာရောဂါဖြစ်ပွားမှုကို ရင်းနှီးကျွမ်းဝင်မှုရှိထားပြီးသားဖြစ်နေတယ်ဆိုတာပါပဲ။ အဲဒီလိုဖြစ်ခဲ့ဖူးတဲ့အတွေ့အကြုံအရ ပြည်သူတွေအနေနဲ့ လူစုလူဝေးတွေရှိရာ နေရာတွေနဲ့ လူသူထူထပ်များပြားတဲ့ ဈာပနအခမ်းအနားတွေကို ရှောင်ကြဉ်ခြင်းအားဖြင့် ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရမယ်ဆိုတာကို သိရှိနေကြပါတယ်။ ရှေးရိုးစွဲနည်းတွေနဲ့ ကုသသူတွေဟာ ရောဂါဖြစ်ပွားမှုကို ပိုပြီးအခြေအနေဆိုးရွားလာစေနိုင်တယ် ဆိုတာကိုလည်း ပြည်သူတွေကသိရှိပြီးသားဖြစ်နေကြတာပါပဲ။

**ကိုးကား-အေအက်ဖ်ပီ၊ဘီဘီစီ**

# တပ်မတော်က ဖာပွန်ခရိုင်အတွင်းရှိ ခေးပူနှင့် လွယ်မူပလော လမ်းကြောင်း ပြုပြင်ဆောင်ရွက်နေမှုကို ရပ်ဆိုင်း

# ကရင်အမျိုးသားအစည်းအရုံး (KNU) အနေဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်သာ ဆွေးနွေးအဖြေရှာသွားမည်

ရန်ကုန် မေ ၁၈

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုးတို့ ရန်ကုန်တိုင်းစစ်ဌာနချုပ်တွင် မေ ၁၇ ရက်က တွေ့ဆုံစဉ် တပ်မတော်ဘက်မှ ကရင်ပြည်နယ် ဖာပွန်ခရိုင်အတွင်းရှိ ခေးပူနှင့် လွယ်မူပလော လမ်းကြောင်းအား ပြုပြင်ဆောင်ရွက်နေမှုကို ယာယီရပ်ဆိုင်းပေးရန် သဘောတူညီခဲ့ပြီး ဒေသခံများအနေဖြင့် အေးချမ်းစွာဖြင့်နေထိုင်သွားလာလုပ်ကိုင်နိုင်ကြောင်း တပ်မတော်မှ သတင်းထုတ်ပြန်ခဲ့သည်။**

ယင်းသို့တပ်မတော်မှ သတင်းထုတ်ပြန်ခဲ့ပြီးနောက် ကရင်အမျိုးသားအစည်းအရုံး (KNU) အနေဖြင့်လည်း သတင်းထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ ထုတ်ပြန်ချက်တွင် KNU ၏ ထိန်းချုပ်နယ်မြေ လွယ်မူပလောဒေသအတွင်း တပ်မတော်မှ ဖောက်လုပ်ဆဲလမ်းအား ဖောက်လုပ်ခြင်းမပြုဘဲ ရပ်ဆိုင်းထားရန်သဘောတူကြောင်း၊ လုံခြုံရေးတာဝန်ယူနေကြသည့် တပ်များအားလည်း ပြန်လည်ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ထိုဒေသမှ နေရပ်စွန့်ခွာ တိမ်းရှောင်နေသည့် ပြည်သူများအနေဖြင့် မိမိတို့လုပ်ကိုင်စားသောက်ရာ နေရပ်ရင်း ကျေးရွာများသို့ ပြန်လည်အခြေချနေထိုင်သွားလာရေးသဘောတူခဲ့ကြောင်း၊ KNU အနေဖြင့် နိုင်ငံရေးပြဿနာကိုနိုင်ငံရေးနည်းဖြင့် ဆွေးနွေးအဖြေရှာသွားမည်ဆိုသည့် မူရပ်တည်ချက်အတိုင်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့် အညီ တည်ဆောက်သွားမည် ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ယခုမေလ တတိယပတ်တွင် နှစ်ဖက်တပ်မှူး သို့မဟုတ် တာဝန်ရှိသူများ တွေ့ဆုံနိုင်ရန် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) က စီစဉ်ထားသော်လည်း နှစ်ဖက်ခေါင်းဆောင်များ တွေ့ဆုံပြီးဖြစ်၍ တွေ့ဆုံရန်မလိုအပ်တော့ဟု JMC-U အတွင်းရေးမှူး (၁) ဒေါက်တာရွှေခါးရိုက ပြောသည်။ ဒေါက်တာရွှေခါးရိုက "မနေ့ကတော့ ခေါင်းဆောင်ပိုင်းက တွေ့ကြတော့ ညှိနှိုင်းတဲ့အခါမှာ အခြေအနေမှန်ကို နှစ်ဖက်စလုံးက သိပြီး နောက်ဆုံးကျတော့ လမ်းဖောက်လုပ်မှုကို ယာယီရပ်ဆိုင်းမယ်၊ အဲဒီမှာ ရှိတဲ့တပ်တွေလည်း နောက်ဆုတ်မယ်၊ နောက် ရွာသူရွာသားတွေ လယ်လုပ်ချိန်လည်း ဖြစ်တယ်၊ အေးအေးဆေးဆေး သွားလာပြီး လုပ်ကြပါဆိုပြီး ဆုံးဖြတ်တယ်၊ တကယ့် ထိပ်သီးခေါင်းဆောင်တွေ တွေ့ကြရင်တော့ ပြဿနာဆိုတာက ပြေလည်တာပဲလေ၊

ဒါကြောင့် မေလ တတိယပတ်မှာ နှစ်ဖက်တပ်မှူးတွေ တွေ့မယ့်ကိစ္စကတော့ တွေ့ဖို့မလိုတော့ဘူး ထင်ပါတယ်"ဟုပြောသည်။

ဖာပွန်ခရိုင် ခေးပူနှင့် လွယ်မူပလောတို့ရှိ တပ်မတော်၏ ရှေ့တန်းစခန်းများအား မိုးမကျမီ ရိက္ခာပို့နိုင်ရန်နှင့် လမ်းကြောင်းတစ်လျှောက်ရှိ ကျေးရွာများ လမ်းပန်းဆက်သွယ်မှုကောင်းစေရန် ရည်ရွယ်၍ ဖောက်လုပ်ခြင်းဖြစ်သည်ဟု တပ်မတော်ဘက်မှ ကျိုးကြောင်းဖော်ပြသော်လည်း KNU တပ်မဟာ (၅) ၏ စိုးရိမ်မှုများကြောင့် အဆိုပါဒေသတွင် မတ် ၅ ရက်မှ စတင်၍ ထိတွေ့မှုများဖြစ်ပွားခဲ့သည်။

**ရဲခေါင်ညွန့်**

> **KNU အနေဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေး နည်းဖြင့် ဆွေးနွေးအဖြေရှာသွားမည်ဆိုသည့် မူရပ်တည်ချက်အတိုင်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့် အညီ တည်ဆောက်သွားမည် ဖြစ်**



# မြန်အောင်ရေနံမြေ တွင်းအမှတ် ၁၇၂ မှ ရေနံစိမ်းတစ်နေ့ စည် ၁၀၀ စတင်ထွက်ရှိ

**မြန်အောင် မေ ၁၈**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မြန်အောင် ရေနံမြေ တွင်းအမှတ် ၁၇၂ မှ မေ ၁၀ ရက်တွင် ရေနံစိမ်းတစ်နေ့စည် ၁၀၀ နှင့်သဘာဝဓာတ်ငွေ့ ၀ ဒသမ ၁၉ ကုဗပေသန်း စတင်ထုတ်ယူရရှိလျက်ရှိကြောင်း မြန်အောင်ရေနံမြေ အထွေထွေမန်နေဂျာ ဦးလှမျိုးထွန်းထံမှ သတင်းရရှိသည်။

"မြန်အောင်ရေနံမြေတွင် ယခုအထိတူးဖော်ပြီး ရေနံတွင်းပေါင်း ၁၇၃ တွင်းရှိပြီး လက်ရှိတွင် ရေနံတွင်း ၁၂တွင်းမှ ရေနံစိမ်း ၂၇ စည်နှင့်သဘာဝဓာတ်ငွေ့ ၀ ဒသမ ၁ ကုဗပေသန်း ထုတ်ယူလျက်ရှိရာ ယခုတွင်းအမှတ် ၁၇၂ အား National 55/4 တွင်းတူးစက်ဖြင့် မတ် ၂၇ ရက်တွင် စတင်တူးဖော်ခဲ့ပြီး သတ်မှတ်အနက်ပေ ၃၃၀၀ ကို ဧပြီ ၂၁ ရက်တွင် ရောက်ရှိခဲ့သည်၊ ထုတ်လုပ်မှုစမ်းသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်၍ မေ ၉ ရက်တွင် သေနတ်ဖောက် စမ်းသပ်ခြင်းဆောင်ရွက်ခဲ့ရာ မေ ၁၀ ရက်တွင် ရေနံစိမ်းစည် ၁၀၀နှင့် သဘာဝဓာတ်ငွေ့ ၀ ဒသမ ၁၉ ကုဗပေသန်း စတင်ထွက်ရှိခဲ့ကြောင်း၊ ယခင် မြန်အောင် ရေနံမြေမှ ရေနံစိမ်းတစ်နေ့ ၂၇ စည်နှင့် သဘာဝဓာတ်ငွေ့တစ်နေ့ ၀ ဒသမ ၁ ကုဗပေသန်း ထွက်ရှိနေရာမှ ယခုအခါ အဆိုပါ တွင်းအမှတ် ၁၇၂ မှ တစ်နေ့ စည် ၁၀၀ နှင့် သဘာဝ ဓာတ်ငွေ့ ၀ ဒသမ ၁၉ ကုဗပေသန်း တိုးတက်ထုတ်ယူနိုင်သဖြင့် တစ်နေ့လျှင် ရေနံစိမ်း ၁၂၇ စည်နှင့် သဘာဝဓာတ်ငွေ့ ၀ ဒသမ ၂၉ ကုဗပေသန်း ထုတ်လုပ်နိုင်ပြီဖြစ်ပါတယ်"ဟု အထွေထွေမန်နေဂျာ ဦးလှမျိုးထွန်းက ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်းရှိ မြန်အောင်ရေနံမြေကို ၁၉၆၄ ခုနှစ်တွင် စတင်တွေ့ရှိခဲ့သော ရေနံမြေဖြစ်ပြီး နှစ်ပေါင်း ၅၀ ကျော်သက်တမ်းရှိသော ရေနံမြေဖြစ်ကာ ရေနံမြေဧရိယာမှာ အလျား ၅ မိုင်၊ အနံ ၁ ဒသမ ၅ မိုင် ကျယ်ဝန်းပြီး မိုင်အိုဆင်းသက်တမ်းရှိသော ကျောက်လွှာများ အတွင်းရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ကို ထုတ်ယူနိုင်သော သဲကြောများမှ ထုတ်ယူရရှိနေခြင်းဖြစ်ကြောင်း သိရှိရသည်။

**ဝင်းဗိုလ် (မြန်/ဆက်)**

# ကားလမ်းပေါ်တက်ရောင်းသည့် ပျံကျဈေးသည်များကြောင့် ခရီးသွားပြည်သူနှင့်ယာဉ်များ သွားလာရေးအခက်အခဲ နေ့စဉ်ကြုံ

**ရန်ကုန် မေ ၁၈**

လှိုင်သာယာ မြို့နယ် ၁၅ ရပ်ကွက်ရှိ ကျန်စစ်သားကားလမ်းမကြီးပေါ်မှ ပျံကျဈေးသည်တို့ကြောင့် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် လမ်းပိတ်ဆို့မှုကို နေ့စဉ်ကြုံတွေ့နေရလျက် လူနှင့်ယာဉ်သွားလာရေးအခက်တွေ့နေရကြောင်း သိရသည်။

"၁၅ ရပ်ကွက်နဲ့ ၁၉ ရပ်ကွက်ကို ကျန်စစ်သားလမ်းမကြီးက ပိုင်းခြားထားပြီးတော့ ရပ်ကွက်နှစ်ခုကို သခင်မြလမ်းကဆက်သွယ်ထားတယ်၊ အဲ့ဒီလမ်းပေါ်မှာ ပျံကျဈေးဖွင့်တာ ကြာပြီ၊ စဖွင့်ထဲက အုပ်ချုပ်ရေးကအမျိုးမျိုးတင်ပြပေမယ့်နှစ်တွေသာ ကြာလာတယ်၊ ပျံကျ ဈေးကဆိုင်ခန်းပိုများပြီး ကားလမ်းပေါ်အထိ နှစ်ထပ်ခင်းပြီး ရောင်းလာကြပြီ၊ စည်ပင်ကို တင်ပြလို့ လာရှင်းလည်းခဏပဲ၊ ထိထိရောက်ရောက်မလုပ်နိုင်တာလည်းပါတယ်၊ ၂၀ ဈေးဆိုလည်း ဌာနဆိုင်ရာတွေ ပူးပေါင်းပြီးရှင်းပြီးခါမှ ထဲထဲဝင်ဝင် ဆက်မလုပ်တော့ အနော်ရထာကားလမ်းပေါ်မှာ ပျံကျဈေးသည် ပြန်ရောက်လာတော့ ဆောက်ပေးထားတဲ့ စည်ပင်ဈေးကြီးက အလကားဖြစ်နေတယ်၊ ဒီလမ်းပေါ်ဈေးမှာ ယာဉ်တိုက်မှုမကြာခဏဖြစ်တယ်၊ စက်ရုံယာဉ်နဲ့ လိုင်းကားတွေသွားလာရေးဒုက္ခရောက်ရတယ်၊ နောင်ဆိုရင် ကားလမ်းမကြီးပါပျောက်သွားနိုင်တယ်"ဟု အမှတ် ၁၅ ရပ်ကွက် အပိုင် ၁ မှရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့ဝင် တစ်ဦးက ပြောသည်

လှိုင်သာယာမြို့နယ်တွင် ရပ်ကွက်၊ကျေးရွာ အသီးသီးရှိ လမ်းမထိပ်၊ လမ်းဆုံ၊ လမ်းသွယ်နှင့် ကားလမ်းမကြီးများပေါ်တွင် ဆိုင်ခန်းများဆောက်၍ဈေးရောင်းချမှုနှစ် စဉ်တိုးလာလျက်ရှိရာ ထိုသို့တိုးလာရာ၌ လမ်းပေါ်ဈေးဆိုင်ခန်းများ ဆောက်လုပ်၍ ပြန်လည် ရောင်းချခြင်း၊ ရေမြောင်းပေါ်တွင် ဈေးဆိုင်ခန်းများ ဆောက်၍ငှားခြင်းတို့မှာ ဝင်ငွေကောင်း သည့်စီးပွားရေးလုပ်ငန်း ဖြစ်လာသောကြောင့် ရပ်ကွက်၊ ကျေးရွာများတွင် ပျံကျဈေးသည်များ အစီအရီပေါ်ပေါက်လာခြင်းဖြစ်ကြောင်း သိရသည်။

သခင်မြလမ်းပေါ်တွင် ပျံကျဈေးသည် ထောင်ကျော်ရောင်းချလျက် ရှိရာ ယခင်က ရာကျော်သာရှိ၍ ပြတ်သားစွာ ရှင်းလင်းဆောင်ရွက်မှုအားနည်းခဲ့ခြင်းနှင့် ကျန်စစ်သားကားလမ်းပေါ်အထိ ဈေးသည် နှစ်ထပ်ရောင်းချနေကြသောကြောင့် ခရီးသွားပြည်သူများနှင့် ယာဉ်များမှာ ဈေးသည်များနှင့် မကြာခဏပြဿနာဖြစ်ပွားလျက် ခရီးသွားလာမှုအခက်အခဲများ နေ့စဉ်ကြုံတွေ့နေရကြောင်း သိရသည်။

**ခတ်ပုံ-သစ္စာ-(၁၆၄)**



# မြိုင်ကြီးငူဒေသရှိ စစ်ဘေးရှောင် ကိုယ်ဝန်ဆောင်မိခင်များအား ဆေးဝါး၊ အာဟာရနှင့် ထောက်ပံ့ငွေများ ပေးအပ်

**ဘားအံ မေ ၁၈**

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌ ဒေါက်တာ စန်းစန်းမြင့်အောင်သည် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ တင်ညိုညိုလတ်၊ အတွင်းရေးမှူး ဒေါက်တာ နွယ်နီအုန်း၊ ကရင်ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နုနုဆွေနှင့်အဖွဲ့ဝင်များသည် မေ ၁၅ ရက်က ကရင်ပြည်နယ် ဘားအံမြို့ရှိ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ဖွင့်လှစ်ထားသည့် မေတ္တာစိမ့်စမ်းမူကြိုကျောင်းရှိ ကလေးငယ်များနှင့် မြိုင်ကြီးငူအထူးဒေသရှိ စစ်ဘေးရှောင် ကိုယ်ဝန်ဆောင်မိခင်များအား ဆေးဝါး၊ အစားအသောက်နှင့် အဝတ်အထည်များ သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို) ဥက္ကဋ္ဌ ဒေါက်တာ စန်းစန်းမြင့်အောင်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့ရှိ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ဖွင့်လှစ်ထားသည့် မေတ္တာစိမ့်စမ်းမူကြိုကျောင်းသို့ သွားရောက်ပြီး ကလေးငယ်များအား ပြုစုစောင့်ရှောက်မှုပေးနေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ကလေးငယ်များအား မူကြိုကျောင်းတက်ဝတ်စုံများ၊ သွားတိုက်တံများကို အမှတ်တရလက်ဆောင်ပေးပြီး အာဟာရပဲနို့တိုက်ကျွေးခဲ့ကြောင်း သိရသည်။

ထို့နောက် ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် မြိုင်ကြီးငူအထူးဒေသရှိ စစ်ဘေးရှောင် ကိုယ်ဝန်ဆောင်မိခင် ၆၉ ဦးအား တွေ့ဆုံ၍ ကျန်းမာစွာနေထိုင် စားသောက်ရေး၊ ဆောင်ရန်ရှောင်ရန် အချက်များအား ရှင်းရှင်းနှီးနှီး အားပေးစကားပြောကြားကာ ကိုယ်ဝန်ဆောင်မိခင်တစ်ဦးလျှင် အာဟာရဖြစ်စေသည့် အစားအသောက်များ၊ ကိုယ်ဝန်ဆောင် အားဆေးများ၊ ကလေးအနှီးပိတ်စနှင့် ထောက်ပံ့ငွေ ကျပ် တစ်သောင်းစီပေးအပ်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင် (မြန်/ဆက်)**



# အောင်လော့ဒ်ဒေသမှ တိုက်ပွဲရှောင်များအား ဆန်နှင့် ပစ္စည်းများ ထောက်ပံ့

**မြစ်ကြီးနား မေ ၁၈**

တနိုင်းမြို့နယ် အောင်လော့ဒ်ဒေသမှ နယ်မြေအခြေအနေအရ မြစ်ကြီးနားမြို့ နောင်နန်းဂျော်မဆတ် နှစ်ခြင်းဘုရားကျောင်းသို့ တိမ်းရှောင်ရောက်ရှိလာသော မိသားစုဝင်များအား ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ဆန်ရိက္ခာ၊ မိသားစုသုံးပစ္စည်းများနှင့် ဆေးဝါးမျိုးစုံတို့ကို သွားရောက်ထောက်ပံ့ပေးကြသည်။

အဆိုပါ ဘုရားကျောင်းဝင်းအတွင်းရှိ တိုက်ပွဲရှောင်မိသားစု ၁၁၅ စု၊ လူဦးရေ ၄၉၃ ဦးတို့ နေထိုင်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးဒေါက်တာဂျေကော့ဘူ၊ ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာ သင်းလွင်၊ လွှတ်တော်ဒုတိယ ဥက္ကဋ္ဌနှင့် ပြည်နယ် ဝန်ကြီးများ၏ ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မိသားစုများ၏ ယာယီတည်းခိုဆောင်များအတွင်း နေထိုင်ရသည့် အခြေအနေများနှင့် ကိုယ်ဝန်ဆောင်မိခင်၊ မီးဖွားပြီးကလေးငယ်နှင့် မိခင်များကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး၊ ကလေးငယ်များ၏ ကျောင်းပညာရေးနှင့် လတ်တလော လိုအပ်ချက်အရ သုံးရေ၊ ချိုးရေ လုံလောက်စွာရရှိရေးတို့အတွက် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း၍ စီစဉ်ဆောင်ရွက်ပေးခဲ့ကြသည်။

**ဝေငှကျွေးမွေး**

ယင်းနောက် ဘုရားကျောင်းအတွင်း၌ ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးနှင့် ပြည်နယ်ဝန်ကြီးတို့က တိုက်ပွဲရှောင်မိသားစုများအား နှစ်သိမ့်အားပေးစကားပြောခဲ့ကြပြီး မိသားစုများအတွက် ပြည်နယ်ဝန်ကြီးချုပ် မိသားစုမှ အာဟာရဖြည့်နို့မှုန့်များနှင့် ကလေးဝတ် အနွေးထည်များ၊ ပြည်နယ်အစိုးရအဖွဲ့မှ ဆန်အိတ် ၁၀၀၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆေးဝါးမျိုးစုံ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှဆန်အိတ် ၁၀၀၊ ဆီပိဿာ ၁၀၀၊ ပဲ ၁၄၈ ပိဿာ၊ ဆား ၇၃ ပိဿာနှင့် မိုးကာစ၊ ရေစစ်၊ ရေပုံး၊ ခေါင်း၊ ရေနွေးကရားအိုး၊ ဖျာစသည့် ပစ္စည်းခြောက်မျိုးပါ ၁၆၃ စုံ၊ လူမှုဝန်ထမ်း ဦးစီးဌာနမှ မိသားစုများအတွင်းရှိ ကိုယ်ဝန်ဆောင်မိခင် ၁၁ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းစီနှင့် မသန်စွမ်း ၁၁ ဦးတို့အတွက် တစ်ဦးလျှင်ငွေကျပ် ၃၀၀၀၀ နှုန်းစီတို့ဖြင့် စုစုပေါင်းငွေကျပ် ၈၈၀၀၀၀ တို့ကို ပြည်နယ်ဝန်ကြီးချုပ် ဇနီးနှင့် တာဝန်ရှိသူတို့က ထောက်ပံ့ပေးအပ်ခဲ့ကြပြီး ကလေးငယ်များအတွက် မုန့်များ ဝေငှကျွေးမွေးခဲ့ကြသည်။

**ပြည်နယ် (မြန်/ဆက်)**



## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၈-၅-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၃၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၇၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၃၂၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၇၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး |
|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၇၀/၈၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၈၅/၈၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၃၅/၈၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၈၅/၈၉၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၃၄၈ ·၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၅၉၁ ·၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၀၄ ·၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၂၂ ·၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၁၇ ·၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၁၂ ·၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၁ ·၇၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၁၉ ·၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၄ ·၅၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၃၉ ·၆၃ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ ·၀ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**
**၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉.၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | ဝင်းရွှေ |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ) |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

**Gmail** mmalin.npt @ gmail.com,
**Facebook** www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# Miss Summer International 2018 Myanmar

## ပြိုင်ပွဲ မေ ၂၀ ရက်တွင် ပြုလုပ်မည်



Miss Summer International 2018 Myanmar အလှမယ်ပြိုင်ပွဲအတွက် အနယ်နယ်အရပ်ရပ်မှ ရွေးချယ်ထားသော ပြိုင်ပွဲဝင်အလှမယ်များ မိတ်ဆက်ခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၃ နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းရှိ Golden park Hotel ၌ ကျင်းပခဲ့သည်။

"ကျွန်တော်တို့ အခုလိုပြိုင်ပွဲကို ပြုလုပ်ရတဲ့ အဓိကအကြောင်းကတော့ အမျိုးသမီးငယ်တွေ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိပြီးတော့ မြန်မာတင်မကဘူး တစ်ကမ္ဘာလုံးနဲ့ဆိုင်တဲ့ ပြိုင်ပွဲကြီးအထိ ယုံကြည်မှုရှိရှိနဲ့ သွားရောက်ယှဉ်ပြိုင်နိုင်တဲ့သူတွေကို ရွေးချယ်စေလွှတ်မှာပါ၊ ကျွန်တော်တို့ အရင်ကဆို အလှမယ်တွေကို အိမ်ထောင်မရှိတဲ့သူကိုသာ အဓိကထားစေလွှတ်တာများတယ်၊ အခုနောက်ပိုင်းတော့ အသက် ၂၅ နှစ်ကျော်တဲ့ အပျိုလေးတွေရော အပျိုကြီးတွေရော၊ အိမ်ထောင်ရှင်တွေပါ ရွေးချယ်စေလွှတ်မှာပါ၊ အခုလောလောဆယ် ရွေးချယ်ထားတဲ့ အလှမယ်တွေက ရန်ကုန်မြို့ မန္တလေးမြို့နဲ့ နေပြည်တော်မြို့ကြီးတွေကနေ ရွေးချယ်ထားတဲ့သူတွေ ပါဝင်ပါတယ်၊ ရွေးချယ်မှုပိုင်းဆိုရင်လည်း Miss က တစ်ဦး၊ Mr.s ကတစ်ဦး၊ Ms က တစ်ဦးဆိုပြီး သုံးဦး ရွေးချယ်သွားမှာပါ၊ သူတို့တွေကို အမေရိကန်နိုင်ငံမှာ သွားရောက်ပြီး Miss Summer ပွဲကို ယှဉ်ပြိုင်ဖို့ စေလွှတ်သွားမှာပါ၊ ဒီပွဲကြီးက နွေရာသီရဲ့ပုံစံကို ဖော်ကျူးတာ ဆိုတော့ လိုက်ဖက်မယ့်ပုံစံလေးတွေနဲ့ ယှဉ်ပြိုင်ရမှာပါ" ဟု MMPA မှ နေရှင်နယ် ဒါရိုက်တာဖြစ်သူ ကိုဟန်သီဟက ပြောသည်။

Miss Summer International 2018 Myanmar ပြိုင်ပွဲသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံး ပြုလုပ်သောပြိုင်ပွဲဖြစ်ပြီး အဆိုပါပြိုင်ပွဲ၏ နောက်ဆုံးအဆင့် Grand Finalပွဲကို မေ ၂၀ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ဆုရရှိသူ Winner သုံးဦးကို ဇွန်လတွင် အမေရိကန်နိုင်ငံ၌ ကျင်းပမည့် Miss Summer International 2018 ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်းသိရသည်။

သို့သော် သွားရောက်ယှဉ်ပြိုင်မည့် Winner သုံးဦးသည် ဗီဇာအခက်ခဲဖြစ်ပါက ၂၀၁၉ မှသာ စေလွှတ်မည်ဖြစ်ကြောင်း သိရပြီး ယခုပွဲကြီးအပြင် ထပ်မံ၍ Miss Tourism Angen 2019 ကိုလည်း ပြုလုပ်သွားရန်ရှိကြောင်း သိရသည်။

**ကိုလင်း**



## ကြော်ငြာများစတင်ရိုက်ကူးနေသည့် နှင်းဆီအဖွဲ့သားများ

လူငယ်အနုပညာရှင်များဖြစ်ကြသည့် နေတိုး၊ မင်းမော်ကွန်း၊ ကျော်ကျော်ဗို၊ ရဲလေး၊ မိုးမိုးတို့ နှင်းဆီအဖွဲ့သားများက Beauty Diary အလှကုန်ပစ္စည်းကို ကြော်ငြာ ရိုက်ကူးနေကြောင်း သိရသည်။

"ကျွန်တော်တို့နှင်းဆီအဖွဲ့သားတွေအားလုံးပါတဲ့ ကြော်ငြာလေးပေါ့၊ ဒါရိုက်တာက ဓာတ်ပုံကိုညဏ်ပါ၊ အလှကုန်ဖြစ်တဲ့အတွက် ကျွန်တော်တို့အမျိုးသားတွေအတွက် နည်းနည်းတော့ အခက်အခဲရှိတယ်၊ ဒါပေမယ့် ကိုယ်တိုင်လည်း အလှကုန်တွေနဲ့အမြဲ ထိတွေ့နေရတာဆိုတော့ ရိုက်ဖြစ်သွားတယ်၊ သိတဲ့အတိုင်း ကျွန်တော်တို့ နှင်းဆီ အဖွဲ့သားတွေကို ရွေးပြီဆိုကတည်းက ဟာသနဲ့ပတ်သက်ပြီး အကြံဉာဏ်လေးထည့် တယ်၊ ဟာသနဲ့ပတ်သက်ပြီး သင်ယူရမယ့်အခန်းကဏ္ဍလေးကို အားဖြည့်ဆွေးနွေး တယ်၊ အမြဲတမ်းအမှတ်ရစေမယ့် Plot လေးတွေကို စဉ်းစားပေးထားပါတယ်" ဟု နေတိုးကပြောပြသည်။

TV commercial တွင် ပထမဆုံးသရုပ်ဆောင်ခြင်းဖြစ်ပြီး အမျိုးသားများ အတွက်လည်း အသားအရေ ထိန်းသိမ်းစောင့်ရှောက်မှုသည် အရေးကြီးကြောင်း၊ နေပူထဲသွားလာလှုပ်ရှားရသူများ၊ မီးရောင်များအကြား အလုပ်လုပ်နေကြရသူများ အတွက် အသားအရေကို ကာကွယ်သည့်အလှကုန်များကို သုံးရကြောင်း ကျော်ကျော်ဗို က ပြောသည်။

"ကျွန်တော် လက်ရှိအနုပညာလုပ်ငန်းတွေကတော့ အခုကြော်ငြာဇာတ်လမ်း လေးရိုက်တယ်၊ အိပ်မက်ကွန်ဆိုတဲ့ ဇာတ်ကားရိုက်နေတယ်၊ နေတိုးနဲ့ Rose Rider ဇာတ်ကားကို အချောသပ်ဖို့ရှိတယ်" ဟု ကျော်ကျော်ဗိုက ပြောသည်။ **ကိုလင်း**

## ကိုယ်ပိုင်ဘဝကို တည်ဆောက်နိုင်မှ လက်ထပ်ဖို့ ဆုံးဖြတ်မည့် နန်းသူဇာ



**ကိုလင်း**

ရက်ပ်အဆိုတော် ကျော်ထွဋ်ဆွေနှင့် မော်ဒယ်လ်အဆိုတော် နန်းသူဇာတို့ ချစ်သူသက်တမ်းသည် ခုနစ်နှစ် ကြာခဲ့ပြီဖြစ်သည်။ သို့သော် ကိုယ်ပိုင်ဘဝကို တည်ဆောက်နိုင်သည့် အခြေအနေသို့ ရောက်ရှိမှသာ လက်ထပ်ဖို့အတွက် ဆုံးဖြတ်မည်ဖြစ်ကြောင်း နန်းသူဇာက ပြောသည်။

"ချစ်သူသက်တမ်းက ခုနစ်နှစ်ရှိသွားပြီ၊ အခုထိတော့ နားလည်မှုတစ်ယောက်နဲ့တစ်ယောက် ရထားတယ်လို့ ထင်ပါတယ်၊ စိတ်ဆိုးရင်လည်း စိတ်ဆိုးနေတဲ့အကြောင်း ပွင့်ပွင့်လင်းလင်းပြောတာပေါ့၊ တစ်ဦးနဲ့ တစ်ဦး ပတ်သက်ဆက်နွှယ်မှုတွေမှာ ပွင့်လင်းမှုမရှိရင်တော့ ရေရှည်မှာ အဆင်ပြေနိုင်မယ်မထင်ဘူး" ဟု နန်းသူဇာက ပြောသည်။

ချစ်သူစုံတွဲတိုင်းသည် သဝန်တိုမှုများဖြစ်နိုင်ကြောင်း၊ သို့သော်လည်း သဝန်တိုတိုင်း ပြဿနာတက်နေခြင်း ကိုတော့ လက်မခံကြောင်း၊ အချင်းချင်းညှိနှိုင်းခြင်းဖြင့် ပြေလည်နိုင်ကြောင်း နန်းသူဇာကပြောပြသည်။

"အခုနေ တစ်ဦးနဲ့တစ်ဦး လက်ထပ်လိုက်ကြပါပြီတဲ့၊ နန်းသူဇာတို့တွေ မိဘတွေအိမ်မှာနေကြရမှာ၊ သီးသီးသန့်သန့်လေး တစ်ပိုင်တစ်နိုင်နဲ့ ကိုယ့်မိသားစုကို တာဝန်ယူနိုင်တဲ့ လုပ်ငန်းလေးတွေ အောင်မြင်မှုရလာမှ လက်ထပ်မယ်လို့ ဆုံးဖြတ်ထားတယ်၊ မိသားစုဖြစ်လာရင် အတတ်နိုင်ဆုံး ပြည့်ပြည့်စုံစုံလေးဖြစ်ချင်လို့ ကြိုးစားနေပါတယ်" ဟု နန်းသူဇာက ပြောသည်။

## အရည်အသွေးကောင်း ပြည်တွင်းကုန်ကြမ်းအထည်အလိပ်များများ ထုတ်လုပ်စေချင်သည့် ဖက်ရှင်လောက

ပြည်တွင်းရှိ ဖက်ရှင်ဒီဇိုင်နာများ ကိုယ်ပိုင်ထုတ်လုပ်ရောင်းချမှုမြင့်တက်လာသော်လည်း ကုန်ကြမ်းထုတ်လုပ်မှုပိုင်း အားနည်းချက်များရှိနေသောကြောင့် အဝတ်အထည်ချုပ်လုပ်မှုတွင် ပြည်ပကုန်ကြမ်းများသာ အားထားနေရကြောင်း မြန်မာ့ဖက်ရှင်လောကမှ သိရသည်။

ဖက်ရှင်လောကသားများဖြစ်သည့် Aroma Zuli က ကိုအောင်မြတ်သူနှင့် YAIP မှ မစမ်းဘောက်ရာတို့က လတ်တလော မြန်မာ့ဖက်ရှင်လောက တိုးတက်ပြောင်းလဲမှုများရှိနေသော်လည်း ပြည်ပအတွက်ဆိုလျှင် အရည်အသွေးမြင့်သော ကုန်ကြမ်းများကို ပြည်တွင်း၌ ရရှိမှသာ ပြည်ပသို့ စိတ်တိုင်းကျ ထုတ်လုပ်တင်သွင်းရောင်းချနိုင်မည့် အကြောင်းအရာများနှင့် ယဉ်ကျေးမှုနှင့် ဆက်နွှယ်နေသော မြန်မာဝတ်စုံဈေးကွက်အကြောင်းများကို ယခုကဲ့သို့ သုံးသပ်ပြောကြားခဲ့ကြသည်။

ဒီဇိုင်နာအောင်မြတ်သူ (Aroma ) က "နိုင်ငံတစ်နိုင်ငံရဲ့ယဉ်ကျေးမှုဆိုတာကို အဲ့ဒီနိုင်ငံသားတွေကပဲ တန်ဖိုးထားတယ်၊ လေးစားကြတယ်၊ မြတ်နိုးကြတယ်၊ ကျွန်တော်တို့ ဘယ်မှာမှ ရှာမကြည့်ပါနဲ့၊ အနီးစပ်ဆုံးအိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံဆီကို ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေအများဆုံးရောက်ကြသလို ကျွန်တော်တို့လည်း မကြာခဏသွားဖြစ်ခဲ့ပါတယ်၊ သူတို့ယဉ်ကျေးမှုကို ကျွန်တော်တို့ မမြတ်နိုးနိုင်ဘူးလေ၊ သူတို့နိုင်ငံသားတွေကပဲ မြတ်နိုးတန်ဖိုးထားတယ်၊ ကျွန်တော်တို့ တိုင်းပြည်မှာရှိတဲ့ ယဉ်ကျေးမှုကိုကျတော့ ပြည်ပနိုင်ငံတွေရော တခြားအိမ်နီးချင်းနိုင်ငံက လုပ်ငန်းရှင်အချို့က မြတ်နိုးတာထက် သူတို့အကျိုးစီးပွားအတွက်၊ သူတို့ဝင်ငွေရဖို့အတွက်ပဲ ကြည့်ကြတာများတယ်၊ အဲ့ဒါကြောင့် ဒီအတိုင်းတော့ သူတို့အကြောင်းမဲ့သက်သက် မြတ်နိုးတာမျိုးဆိုတာ နည်းပါးတယ်လို့ ကျွန်တော်ထင်တယ်၊ ကျွန်တော်တို့ တိုင်းပြည်မှာ အရည်အသွေးမြင့်တဲ့ ကုန်ကြမ်းပစ္စည်းတွေ အထူးသဖြင့် ကျွန်တော်ဆို အချို့အရာတွေ ပြည်ပကနေ မှာရတာမျိုးတွေရှိပါတယ်၊ ကိုယ့်ဆီမှာ အချို့အထည်တွေအတွက် လိုအပ်တဲ့အရာတွေရှိတာပေါ့၊ ဘာပြောပြော အရင်ကထက်စာရင် တိုးတက်လာတယ်၊ ဒါပေမယ့် လိုအပ်နေတာတွေတော့ ရှိနေပါသေးတယ်၊ အရင်ကဆို ကျွန်တော် စလုပ်တုန်းက အနောက်တိုင်းဝတ်စုံတွေပဲ တိုးချဲ့ချုပ်လုပ်ရောင်းချမယ်ဆိုပြီးတွေးခဲ့ဖူးတယ်၊ ဒါပေမယ့် ပြည်ပနိုင်ငံတွေရဲ့ စိန်ခေါ်မှုတွေက များလာတယ်၊ အဲ့ဒီတော့ ကျွန်တော် ဘာစဉ်းစားမိလဲဆိုရင် ကိုယ့်နိုင်ငံရဲ့ ရိုးရာယဉ်ကျေးမှုကသာ ကိုယ်တွေလို လူတွေအတွက် အဓိက လျှို့ဝှက်နံပါတ်ဖြစ်တယ်၊ ကိုယ်က ဒါကိုထိန်းသိမ်းနိုင်မှသာ ကိုယ့်လုပ်ငန်းက ရေရှည်ရပ်တည်နိုင်မယ်ဆိုတဲ့ အတွေးရှိလာတယ်၊ ကျွန်တော်အခုဆို မြန်မာဝတ်စုံတွေ မြန်မာရိုးရာပုံစံလေးတွေ ချုပ်လုပ်ဖန်တီးနေတာ အခုဆို သုံးနှစ်လောက်ရှိပါပြီ၊ အားလုံးကလည်း ကြိုက်ကြတယ်၊ အထူးသဖြင့် မြန်မာဝတ်စုံ၊ မင်္ဂလာဝတ်စုံလေးတွေ ဈေးကွက်မှာ တန်ဖိုးပိုရှိလာတယ်ဆိုတာ သိလာရတယ်" ဟု ပြောသည်။



ဈေးကွက်အတွင်း မြန်မာထိုင်မသိမ်း မင်္ဂလာဝတ်စုံများကို ဘော်ကြယ်အလှဆင်၍ ဒီဇိုင်းမျိုးစုံကို ဒီဇိုင်နာများက ဖန်တီးချုပ်လုပ်ကြသော်လည်း အချို့ဒီဇိုင်နာများအနေဖြင့် မြန်မာချည်ထည်များကို ပြည်တွင်းမှ ပြည်ပအထိ ရိုးရာမပျက် တီထွင်ဖန်တီးပြီး ကိုယ်တိုင်ချုပ်လုပ်ရောင်းချမှုများမှာ ဈေးကွက်တွင် ရှိလာပြီဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

## နိုင်ငံတကာ အနုပညာသတင်း

# ကလေးရှိနေပြီလားလို့ ထင်ကြေးပေးခံနေရတဲ့ ဟယ်ရီတို့စုံတွဲ

ဗြိတိန်တော်ဝင်မင်းသား ဟယ်ရီနဲ့ အမေရိကန်ရုပ်ရှင်မင်းသမီး မီဂန်မာကယ်တို့စုံတွဲမှာ ကလေးရှိနေပြီလားလို့ ထင်ကြေးပေးမှုတွေ ထွက်ပေါ်နေပါတယ်။ သူတို့စုံတွဲဟာ မင်္ဂလာပွဲမကျင်းပမီ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဆရာဝန်နဲ့ ပြသခဲ့တယ်လို့ သတင်းတွေ ထွက်ပေါ်လာပါတယ်။ မင်းသားဟယ်ရီဟာ အသက် ၃၃ နှစ်ရှိပြီဖြစ်ပြီး မီဂန်မာကယ်ကတော့ ၃၆ နှစ်ရှိပါပြီ။ သူတို့နှစ်ဦးဟာ ၂၀၁၇ နိုဝင်ဘာလကမှ စေ့စပ်ခဲ့တာပါ။ ဒီစုံတွဲဟာ မိသားစုဘဝတည်ထောင်ဖို့ စိတ်အားထက်သန်နေတယ်လို့လည်း အများက ဝေဖန်ကြပါတယ်။ မေလ ၁၉ ရက်မှာ လက်ထပ်တော့မှာဖြစ်တဲ့ ဒီစုံတွဲ ဟာ လက်ထပ်ပြီးပြီးချင်းမှာပဲ ကလေးယူဖို့ အစီအစဉ်ရှိတယ်လို့ ရေဒါအွန်လိုင်းမှာ ဖော်ပြထားပါတယ်။

ဟယ်ရီနဲ့ မီဂန်တို့ဟာ လက်ထပ်ပြီးပြီးချင်းမှာပဲ ကလေးရချင်တယ်။ ဒါကြောင့်လည်း ကျန်းမာရေးဆိုင်ရာ စားသောက်မှုတွေအတွက် ဆရာဝန်နဲ့ ပြသနေခြင်းပဲဖြစ်တယ်လို့ သတင်းအရင်းအမြစ်တစ်ခုက ရေဒါကို ပြောပါတယ်။ မီဂန်မာကယ်ဟာ ဟယ်ရီထက် အသက်ပိုကြီးတာဖြစ်လို့ ကလေးယူရာမှာ အခက်တွေ့မှာ စိုးရိမ်နေတယ်လို့လည်း ပြောပါတယ်။ ဟယ်ရီကတော့ သူဟာ ကလေးအဖေတစ်ယောက်ဖြစ်လာဖို့ အဆင်သင့်ပဲလို့ ၂၀၁၇ ခုနှစ်က အင်တာဗျူးမှာ ဖြေခဲ့ပါတယ်။ ကျွန်တော် ကလေးတွေကို ချစ်တယ်လို့ ဟယ်ရီက ဖြေခဲ့ပါတယ်။ ဟယ်ရီမှာဆိုရင် တူ၊ တူမ သုံးယောက်ရှိပြီး အခြားသော ကလေးငယ်တွေအတွက်လည်း ခေါင်းကိုင်ဖခင် လုပ်ပေးခဲ့ဖူးပါတယ်။

ဟောလိဝုဒ်လိုက်ဖ်

ခြူး



# အချစ်သစ်ရှာဖို့ အဆင်သင့်မဖြစ်သေးတဲ့ ဂျက်စတင်ဘီဘာ

ပြတ်သွားလိုက်ပြန်တွဲလိုက်ဖြစ်နေတဲ့ ဂျက်စတင်ဘီဘာတို့စုံတွဲဟာ ဒီတစ်ခါမှာတော့ တကယ်ကိုပြတ်စဲသွားကြပြီလား ဆိုတာကို ပရိသတ်တွေက သိချင်နေကြပါတယ်။ What do you mean အဆိုရှင် ဂျက်စတင်ဘီဘာဟာ မကြာခင်မှာ အချစ်သစ်ရှာတော့မှာလားဆိုပြီး သိချင်နေကြသူတွေလည်း မနည်းပါဘူး။ ဂျက်စတင်ဘီဘာဟာ တစ်ကိုယ်တည်းဘဝကို ဘယ်လိုဖြတ်ကျော်နေသလဲ ဆိုတာကို သူနဲ့ရင်းနှီးတဲ့ အတွင်းလူတွေက ဒီလိုပဲ ပြောပြထားပါတယ်။ ဂျက်စတင်ဘီဘာနဲ့ စုံတွဲခုတ်ချင်တဲ့ မိန်းကလေးတွေ အများကြီးရှိပေမယ့် သူကတော့ ဘယ်သူနဲ့မှ တွဲဖို့ အဆင်သင့် မဖြစ်သေးဘူးလို့ သတင်းအရင်းအမြစ်တစ်ခုက ဟောလိဝုဒ်လိုက်ဖ်ဒွေါ့ကွန်းကို ပြောပါတယ်။

"ဆယ်လီနာနဲ့ ပြတ်သွားတဲ့အတွက် ခံစားနေရတုန်းပဲ ရှိပါသေးတယ်။ ဒီဒဏ်ရာကို ကုသဖို့ အချိန်ယူရဦးမယ်၊ ဒီနှစ်နွေရာသီမှာတော့ အချစ်သစ်မရှာဘဲ တစ်ကိုယ်တည်းနေထိုင်ဖို့သာ ဆန္ဒရှိတယ်၊ နောက်တစ်ယောက်ကို ချစ်ဖို့ အဆင်သင့် မဖြစ်သေးဘူး" လို့ သတင်းအရင်းအမြစ်တစ်ခုက ဟောလိဝုဒ်လိုက်ဖ်ကို သတင်းပေးထားပါတယ်။ ဆယ်လီနာကတော့ သူတို့နှစ်ယောက် လမ်းခွဲလိုက်တာဟာ အကောင်းဆုံးပဲလို့ ယူဆနေပါတယ်။ ဒီတော့ အပြုံးမပျက်ရှေ့ဆက်နိုင်ဖို့ ဆယ်လီနာဟာ စိတ်ပိုင်းဆိုင်ရာမှာလည်း အကောင်းဆုံးပြင်ဆင်ထားတယ်လို့ သိရပါတယ်။ လတ်တလောမှာတော့ ဒီစုံတွဲ ပြန်လည်နီးစပ်ဖို့ဆိုတာ မဖြစ်နိုင်သေးပါဘူး။

ဟောလိဝုဒ်လိုက်ဖ်

ခြူး





# စာသုံးဟန်'လည်း' နှင့် အပြောသုံးဟန်'လဲ'

## မောင်ခင်မင်(ဓနုဖြူ)

"ဆရာ နေကောင်းလား၊ သမီးပါ"

"ဩော်...မီဒီယာကသမီးပါလား၊ ဆရာနေကောင်းပါတယ်ကွာ၊ မလာတာကြာပြီနော်"

"ဟုတ်ကဲ့၊ သမီးက မေးစရာပေါ်မှ ဆရာ့ဆီလာသလိုဖြစ်နေပါတယ်၊ သတိတော့ ရနေပါတယ် ဆရာ"

"အေးပါ၊ အလုပ်အားကြတာမှ မဟုတ်တာ၊ ခုလာတဲ့အကြောင်းက..."

"သမီးက သမီးတို့ဂျာနယ်မှာ ဆွေးနွေးခန်းပုံစံနဲ့ရေးတဲ့ ဆောင်းပါးတွေကို တည်းဖြတ်ရပါတယ် ဆရာ၊ ကိုယ်တိုင်လည်း ရေးရပါတယ်"

"ဟုတ်ပါပြီ"

"အဲဒီလို ဆွေးနွေးခန်းပုံစံနဲ့ရေးတဲ့အခါ အပြောဟန်နဲ့ ရေးရပါတယ် ဆရာ၊ ပြောဆိုဆွေးနွေးတဲ့ အသံမျိုးပေါ်အောင် ရေးရတာပါ"

"ဒီတော့..."

"အဲဒီလိုရေးတဲ့အခါ စိတ်ထဲမှာ ဇဝေဇဝါဖြစ်တာကလေးရှိလို့ပါ"

"ဘယ်လိုဖြစ်တာမျိုးလဲ သမီးရဲ့ သာဓကကလေးနဲ့ ပြောပြပါလား"

"ဟုတ်ကဲ့ပါ၊ အပြောဟန်နဲ့ရေးရာမှာ တကယ်ပြောနေတဲ့အသံပေါ်အောင် အပြောစကားမှာသုံးတဲ့ စကားတွေနဲ့ ရေးရတာပေ့ါနော် ဆရာ"

"ဟုတ်တာပေ့ါ၊ ဒီနေရာမှာ စာသုံးဟန်နဲ့ အပြောဟန် အသုံးချင်းကွဲတဲ့ စကားလုံးတွေကို သတိထားရတာပေ့ါ၊ အထူးသဖြင့်တော့ သဒ္ဒါစကားလုံးတွေ ပေ့ါကွယ်"

"သဒ္ဒါစကားလုံးဆိုတာ 'တယ်၊ တော့၊ ရဲ့ နဲ့၊ လား' ဆိုတဲ့ စကားလုံးမျိုးတွေကို ဆိုလိုတာမဟုတ်လား ဆရာ"

"ဟုတ်ပါတယ်၊ အရေးဟန်နဲ့ အပြောဟန်၊ အဲ...စာသုံးဟန်နဲ့ အပြောသုံးဟန်လို့ ခေါ်ရင်လည်း ရပါတယ်၊ အဲဒီဟန် နှစ်မျိုးကွဲပြားတာက ခုန သမီးပြောတဲ့ သဒ္ဒါစကားလုံးလို့ခေါ်တဲ့ ဝိဘတ်၊ သမ္ဗန္ဓ၊ ပစ္စည်း ဆိုတဲ့စကားလုံး အမိကတွေကွဲပြားတာပဲ"

"ဟုတ်ကဲ့ပါ"

"ကဲ... တစ်ကန့်စီကြည့်ရအောင်၊ ကြိယာ အဆုံးသတ်စကား 'သည်' က စာသုံးဟန်၊ 'တယ်' က အပြောသုံးဟန်ပေ့ါ၊ 'ဖြစ်သည်' လို့ရေးရင် စာသုံးဟန်၊ 'ဖြစ်တယ်' လို့ရေးရင် အပြောသုံးဟန် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"အဲဒီလိုဆိုရင် စမ်းကြည့်ရအောင်၊ ဆရာက စာသုံးဟန်ကိုပြောမယ်၊ သမီးက တူတဲ့ အပြောသုံးဟန်ကို ပြောရမယ်"

"ဟုတ်ကဲ့ပါ"

"ကဲ...'လာမည်လား' "

" 'လာမယ်'ပါဆရာ"

"မသွားပါ"

"မသွားဘူး"

"မစားနှင့်"

"မစားနဲ့"

"ကဲ...မေးခွန်းဝါကျပြောမယ်၊ 'မည်သူနည်း' "

"ဘယ်သူလဲ"

"လာမည်လား"

"လာမလား"

"ကဲ...နာမ်နဲ့တွဲတဲ့ ဝိဘတ်တွေပြောမယ်၊ 'အိမ်မှလာသည်' "

"အိမ်ကလာတယ်"

"ကျောင်းသို့သွားသည်"

"ကျောင်းကိုသွားတယ်"

"ဆရာတော်အား ရှိခိုးသည်"

"ဆရာတော်ကို ရှိခိုးတယ်"

"ဟုတ်ပါပြီ၊ အညွှန်းစကားလုံးတွေ ပြောရအောင်၊ 'ဤစာအုပ်' "

"ဒီစာအုပ်"

"ထိုနေရာ"

"ဟိုနေရာ"

"ကဲ... အသုံးတွင်နေတဲ့ ဒွိပြင်သဒ္ဒါစကားလုံးတွေပြောရအောင်၊ 'သူနှင့်ကျွန်တော်' "

"သူနဲ့ကျွန်တော်"

"ဆရာလည်းလာမည်"

"ဆရာလဲလာမယ်....၊ အဲ သမီးစိတ်ထဲမှာ ဇဝေဇဝါဖြစ်တာ အဲဒီအသုံးပါဆရာ"

"ဘယ်လို ဇဝေဇဝါဖြစ်တာလဲ သမီးရဲ့"

" 'ဆရာလည်းလာမည်' ဆိုတဲ့အသုံးက စာသုံးဟန်ပါ ဆရာ၊ အဲဒါကို အပြောသုံးဟန်နဲ့ရေးရင် ဘယ်လိုရေးရမှာလဲ ဆရာ"

" 'ဆရာလဲလာမယ်' လို့ ရေးရမှာပေ့ါ၊ စကားပြောတဲ့အခါမှာ အဲဒီလို အသံထွက်တာပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဆရာ၊ ဒါပေမယ့် မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းမှာ 'လဲ' ဆိုတဲ့ စကားလုံးကို ပြမထားပါဘူး၊ 'လည်း' လို့ပဲ ပြထားပါတယ်"

"အဲဒီတော့"

"အပြောဟန်နဲ့ ရေးတဲ့အခါမှာရော၊ အရေးဟန်နဲ့ ရေးတဲ့အခါမှာရော 'လည်း' လို့ပဲ သုံးရမယ်လို့ သတ်မှတ်ထားတဲ့ သဘောဖြစ်နေပါတယ် ဆရာ"

"ဩော်... 'လဲ' က သတ်ပုံကျမ်းထဲမှာ မပါဘဲဖြစ်နေတာကိုး"

"ဒါပေမယ့် သမီးလေ့လာမိသလောက် အပြောဟန်နဲ့ရေးတဲ့စာတွေမှာ 'လဲ' ကို အရင်ကတည်းက သုံးခဲ့ကြတာပါ ဆရာ၊ ရှေးက အိုင်ချင်းတစ်ပုဒ်မှာ 'မိကိုလွမ်းလဲ သောက်တော်ရေချမ်း စားတော်ကွမ်းနဲ့၊ ဖကိုလွမ်းလဲ သောက်တော်ရေချမ်း စားတော်ကွမ်းနဲ့' ဆိုပြီး 'လဲ' လို့ပဲ ရေးတာတွေ့ရပါတယ် ဆရာ"

"ဟုတ်ပါပြီ"

"နောက် သမီးသတိထားမိတာ တစ်ခုရှိပါသေးတယ်၊ ငါးပါးသီလကို ဖွဲ့ထားတဲ့ ကဗျာကလေးမှာ 'သူ့အသက်လဲ၊ မသတ်ဘဲ၊ အမြဲရှောင်ကြဉ်မည်' လို့ 'လဲ-ဘဲ-မြဲ' ဆိုပြီး ကာရန်ယူထားပါတယ် ဆရာ"

"ဟုတ်ပါပြီ"

"ပြီးတော့ ဝတ္ထုတွေမှာ ဇာတ်ဆောင်အချင်းချင်းပြောတဲ့ စကားတွေကို ရေးတဲ့အခါ 'ဒီမြို့ကို ကျွန်တော်လဲ ရောက်ဖူးတယ်'၊ 'စာရေးတဲ့အခါကျတော့လဲ' ဆိုတဲ့ စကားတွေမှာ 'လဲ' လို့ပဲ ရေးတာတွေ့ရပါတယ် ဆရာ"

"ဟုတ်ပါပြီ"

"ဒီနေရာမျိုးတွေမှာ 'လဲ' လို့ အသံထွက်နေတဲ့စကားကို 'လဲ' လို့ပဲ ရေးရင် အဆင်ပြေပါတယ် ဆရာ၊ 'လဲ' လို့ အသံထွက်ရက်သားနဲ့ 'လည်း' လို့ ရေးရင် အပြောစကားထဲမှာ စာသုံးစကားဝင်နေသလို စိတ်ထဲမှာ ခံစားရပါတယ် ဆရာ၊ ဒါကြောင့် အဲဒီနေရာမျိုးမှာ 'လဲ' သုံးရမလား၊ 'လည်း' သုံးရမလား ဆိုတာ ဇဝေဇဝါဖြစ်နေလို့ပါ"

> " 'မယ်' တို့၊ 'နဲ့' တို့၊ 'လာရင်' တို့ ဆိုတဲ့ အပြောသုံးစကားတွေကို မြန်မာအဘိဓာန်မှာ 'အပြော' လို့ ဖော်ပြပြီး ထည့်ပေးထားတာမို့ 'လဲ' တစ်လုံးတည်းကို ကွက်ပြီး တမင်ချန်ခဲ့စရာမရှိဘူး၊ ကျန်နေခဲ့တာပဲ ဖြစ်လိမ့်မယ်လို့ ထင်ပါတယ်ကွယ်၊ ဒါကြောင့် အပြောစကားမှာ တွင်တွင်ကျယ်ကျယ်သုံးနေတဲ့ 'လဲ' ကို သတ်ပုံကျမ်းတို့၊ အဘိဓာန်တို့မှာ ပြန်ဖြည့်ထည့်လိုက်ရင် ဒီပြဿနာပြေလည်ပြီး အပြောဟန်နဲ့ ရေးတဲ့စာတွေအတွက် အများကြီး အဆင်ပြေသွားလိမ့်မယ်"

"ဟုတ်ပါပြီ၊ ဒီစကားလုံးကို ကြည့်ရင် အစတုန်းက 'လည်း' လို့ အသံထွက်ရာက နောက်ပိုင်းမှာ 'လဲ' လို့ အသံပြောင်းလာတယ်ဆိုတာ တွေ့ရတယ်"

"ဟုတ်ကဲ့ပါ"

"အလားတူ သာဓကေပြရင် 'လာမည်' ကနေ 'လာမယ်' လို့ ပြောင်းတာမျိုးပေ့ါ၊ 'သူနှင့် ကျွန်တော်' ကနေ 'သူနဲ့ ကျွန်တော်' ဆိုပြီး 'နှင့်' ကနေ 'နဲ့' ကို ပြောင်းတာမျိုးပေ့ါ"

"အဲဒီလိုအသံပြောင်းသွားတဲ့အတွက် စာသုံးနဲ့ အပြောသုံးဆိုပြီး ကွာခြားသွားတာလေ၊ 'ပြောလျက်နှင့်' ဆိုတဲ့ စကားကနေ 'ပြောရက်နဲ့' လို့ ပြောင်းသွားတာက 'လျက်' ကနေ 'ရက်' ကို ပြောင်းတာ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"အဲဒီလို အသံပြောင်းပြီး အပြောသုံးစကားဖြစ်နေတဲ့ သဒ္ဒါစကားလုံးတွေကို အပြောဟန်နဲ့ ရေးတဲ့အခါမှာ ပြောင်းနေတဲ့ စကားလုံးအတိုင်းရေးတာ သဘာဝကျပါတယ်၊ စာဟန်နဲ့ရေးရင် 'စစ်နှင့် ငြိမ်းချမ်းရေး' လို့ ရေးပေမယ့် အပြောဟန်နဲ့ရေးရင် 'စစ်နဲ့ငြိမ်းချမ်းရေး' လို့ ရေးတယ်လေ၊ အဲဒီလိုပဲ 'သူနဲ့ငါ'၊ 'ရန်ကုန်နဲ့ မန္တလေး' ဆိုပြီး 'နဲ့' ဆိုတဲ့ အပြောသုံးစကားကို သုံးနေတာပဲ"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုပဲ စာဟန်နဲ့ရေးရင် 'သွားလျှင်' လို့ ရေးပေမယ့် အပြောဟန်နဲ့ရေးရင် 'သွားရင်' လို့ ရေးတယ် မဟုတ်လား၊ 'လာမည်' လို့ စာဟန်နဲ့ ရေးတာကို အပြောဟန်နဲ့ရေးရင် 'လာမယ်' လို့ပဲ ရေးတာ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"အဲဒီလိုပဲ၊ 'လည်း' ဆိုတဲ့ စကားလုံးဟာ 'လဲ' လို့ အသံပြောင်းပြီး အပြောစကားမှာ တွင်တွင်ကျယ်ကျယ်သုံးနေတာ ဒီစာလုံးပေါင်းသတ်ပုံကျမ်း မပြဋ္ဌာန်းခင် အရင်ကတည်းက အစဉ်အဆက်သုံးခဲ့ကြတာပါ၊ ဆရာထင်ပါတယ်၊ ခုနပြောတဲ့ 'မယ်' တို့၊ 'နဲ့' တို့၊ 'လာရင်' တို့ ဆိုတဲ့ အပြောသုံးစကားတွေကို မြန်မာအဘိဓာန်မှာ 'အပြော' လို့ ဖော်ပြပြီး ထည့်ပေးထားတာမို့ 'လဲ' တစ်လုံးတည်းကို ကွက်ပြီး တမင်ချန်ခဲ့စရာမရှိဘူး၊ ကျန်နေခဲ့တာပဲဖြစ်လိမ့်မယ်လို့ ထင်ပါတယ်ကွယ်၊ ဒါကြောင့် အပြောစကားမှာ တွင်တွင် ကျယ်ကျယ်သုံးနေတဲ့ 'လဲ' ကို သတ်ပုံကျမ်းတို့၊ အဘိဓာန်တို့မှာ ပြန်ဖြည့်ထည့်လိုက်ရင် ဒီပြဿနာပြေလည်ပြီး အပြောဟန်နဲ့ ရေးတဲ့စာတွေအတွက် အများကြီးအဆင်ပြေသွားလိမ့်မယ်လို့ ပြောချင်ပါတယ်"

"ကျေးဇူးတင်ပါတယ် ဆရာ"

# ငါးရစ်ငါးများ ဘေးမဲ့ထား၊ ပုံမှန်မျိုးပွား ရေရှည်စား

**ကိုရွှေငါး (ဓနုဖြူ)**

မြန်မာပြည်အနှံ့အပြား မိုးဖြိုင်ဖြိုင်ရွာသွန်းသော မေ၊ ဇွန်၊ ဇူလိုင်လများတွင် မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများနှင့် မျိုးဥများဖြင့် ပြည့်ဝနေသော ငါးမကြီးများသည် မြစ်ချောင်း အင်းအိုင်နေရာအနှံ့အပြား၌ ဥချရန် ငါးရစ်တက်ကြပါသည်။ ငါးမကြီးများသည် ငါးမျိုးများပေါက်ပွားနိုင်သော Spawaing Ground နေရာများတွင် ဥချပေါက်ပွားလေ့ရှိကြသည်။



### ဥချပေါက်ပွားလေ့ရှိ

မိုးရွာသွန်းသောအခါ လယ်ယာကိုင်းကျွန်းမြေများကို ရေလွှမ်းသဖြင့် မြေဆီမြေနှစ်မှုရရှိသော သဘာဝမြေသြဇာ ဓာတ်ကြွယ်ဝပြီး ငါးများအတွက် စားသုံးရန် ငါးစာပြင် ငါးစားကျက်ကောင်းများအဖြစ် တည်ရှိနေပါသည်။ ထိုအခြေအနေတွင် ရေချိုငါးမျိုးများ ဥချပေါက်ဖွားလေ့ရှိကြသည်။ ငါးများမျိုးပွားရာတွင် မျိုးပွားနိုင်ရန် ပတ်ဝန်းကျင်အခြေအနေ ခြောက်ချက်နှင့်ညီညွတ်မှ ပိုမိုမျိုးပွားနိုင်သည်။

“ စီးအောက်၊ ဝဲပြန်၊ သဲခံ၊ နေလောင်၊
ပြန့်သောင်၊ ရေကျော်၊ စုံခဲ့သော်က
တူပျော်ရွှင်နွဲ၊ ငါးရစ်ပွဲ . . . .။” ဟု ငါးလုပ်ငန်းပညာရှင်များ၏ လေ့လာစုစည်းမှုကို တွေ့ရှိမှတ်သားရသည်။ ငါးတို့၏ မျိုးရည်နှင့် မျိုးဥများကို ရေစီးသန်သော မြစ်ချောင်း အင်းအိုင်တို့၏ ရေစီးတွင် မျှောမပါသွားရအောင် ရေစီးနှင့် လွတ်ကင်းသောနေရာ၊ ရေတွင်ပျော်ဝင်သော အောက်ဆီဂျင် (DO) ကို စုပ်ယူနိုင်သည့် ဝဲပြန်နေရာ၊ ရေစီးအောက် ဝဲပြန်နေရာ၏ အောက်ခံမြေသားသည် သဲမြေ၊ နွေရာသီတွင် နေပူလောင်၍ မိုးရာသီတွင် ရုတ်တရက်ရေလွှမ်းနေရာ၊ ပြန့်ပြူးပြီး ကုန်းလျှောသဖွယ်ဖြစ်နေသည့် သဲသောင်ပြင် ယင်းနေရာတို့ကို မြစ်ရေ၊ ချောင်းရေတိုးလာသောကြောင့် ရေကျော်သွားသောနေရာတို့ သည် အပူချိန်ပြောင်းလဲမှုကို ဖြစ်ပေါ်စေပြီး ငါးများ၏ သန္ဓေအောင်ခြင်းအတွက် ပြင်ပလှုံ့ဆော်မှုများစွာ ရရှိသောကြောင့် ငါးသားပေါက်များ များစွာပေါက်ပွားနိုင်သည်ကို ဆိုလိုခြင်း ဖြစ်သည်။

### မျိုးဥထောင်သောင်းချီပြီး မျိုးဥချ

ငါးရစ်ငါးသန်အချိန်ကာလတွင် ငါးမတစ်ကောင်သည် မျိုးဥထောင်သောင်းချီပြီး မျိုးဥချလေ့ရှိသည်။ ရေချိုငါးများဖြစ်သော ငါးမြစ်ချင်း၊ ငါးကြင်းဖြူ၊ ငါးသိုင်းခေါင်းပွ စသော ငါးမျိုး၊ ငါးမှုန်များသည် ရေလျှံကွင်း ငါးနေငါးထိုင်တောများတွင် နေထိုင်လေ့ရှိသည်။ ငါးရံ့ငါးများသည် ချောင်းငယ် မြောင်းငယ်များ၏ကမ်းစပ် မြက်တော၊ ကိုင်းတောများတွင် ဝင်ရောက်နေထိုင် ကျက်စားပေါက်ပွားလေ့ရှိသည်။

### ငါးသယံဇာတများ ပေါကြွယ်ဝလာမည်

မိုးဖြိုင်ဖြိုင်ရွာသွန်းသော ငါးရစ်တက်ချိန်၊ မျိုးပေါက်ပွားသောအချိန်တွင် ဖမ်းဆီးရလွယ်ကူသဖြင့် ရေလုပ်သားအများစုသည် ပိုက်ချ၊ ကွန်ပစ်၊ မျှုံးထောင်ခြင်း စသည့် ငါးဖမ်းနည်းအမျိုးမျိုးဖြင့် ဖမ်းဆီးကြကြောင်း တွေ့ရသည်။ ကျေးလက်ဒေသများတွင်နေထိုင်ကြသော ရေလုပ်သားများသည် စားဝတ်နေရေးနှင့် အသက်မွေးဝမ်းကျောင်းအရ ဖမ်းဆီးခြင်း၊ အသိပညာနည်းပါးပြီး နည်းလမ်းမမှန်ဖမ်းဆီးကြသဖြင့် ငါးသယံဇာတများ လျော့နည်းလာကြောင်း တွေ့ရှိရသည်။ ငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်များသည် သေကျေပျက်စီးကာ ရေရှည်စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေးနှင့် နိုင်ငံတစ်ဝန်း ငါးရိက္ခာ ဖူလုံစွာစားသုံးနိုင်ရေးကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်သည်။ ငါးရစ်ငါးသန်ချိန် သုံးလခန့် ငါးမဖမ်းခြင်းဖြင့် သဘာဝမြစ်ချောင်း အင်းအိုင်များတွင် ငါးသယံဇာတများ ပေါကြွယ်ဝလာမည်မှာ မလွဲကေန်အမှန်ပင်ဖြစ်သည်။

### ကွင်းဆင်းစစ်ဆေးခြင်းများ

ငါးလုပ်ငန်းဦးစီးဌာနသည် ငါးရစ်ငါးသန်အချိန်ကာလနှင့် တားမြစ်ထားသော ငါးဖမ်းနည်းဖြင့် ဖမ်းဆီးခြင်း မပြုလုပ်ရန် နှစ်စဉ်နှစ်တိုင်း ပညာပေးနှိုးဆော်ချက်များ ထုတ်ပြန်ခြင်း၊ လူများစည်ကားရာ လမ်းဆုံ၊ လမ်းခွများတွင် ပညာပေးမြေစိုက်ပိုစတာများ စိုက်ထူခြင်း၊ ပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းများကို ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။

### စားနပ်ရိက္ခာဖူလုံလာမည်

ရေလုပ်သားများအနေဖြင့် ထုတ်ပြန်ထားသော ရေချိုငါးလုပ်ငန်းဥပဒေ၊ အမိန့်ညွှန်ကြားချက်၊ ပညာပေးနှိုးဆော်ချက်၊ တားမြစ်ချက်များကို လိုက်နာဆောင်ရွက်ခြင်း၊ ငါးရစ်ငါးသန်ကာလအတွင်း ငါးမဖမ်းဆီးခြင်း၊ ဘေးမဲ့ပေးခြင်းဖြင့် နောင်လာမည့်အနာဂတ်အတွက် ငါးသယံဇာတများ တိုးပွားလာပြီး လူသားများအတွက် စားနပ်ရိက္ခာ ဖူလုံလာမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

## အလယ်ဖရုံကာကျွန်းရှိ ကျေးရွာ ၅၀ ကျော် ဓာတ်အားရရှိရေး ဆောင်ရွက်

**ပေါက်တော မေ ၁၈**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဖရုံကာကျွန်း မြင့်ဂါကျေးရွာအုပ်စုရှိ မဟာရံဒေသသို့ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရေးနှင့် အလယ်ဖရုံကာကျွန်းတွင် ကျေးရွာပေါင်း ၅၀ ကျော်ရှိပြီး လျှပ်စစ်မီးရရှိရေးအတွက် မြို့နယ်ဒုတိယအထွေထွေ ဦးစီးမှူး ဦးထွန်းထွန်းငြိမ်း ဦးဆောင်ပြီး မြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းဦးဇံ၊ မြို့နယ်လျှပ်စစ်မှူး ဦးကျော်မျိုးဝင်းနှင့် မြို့မိမြို့ဖကော်မတီဝင်များ ပါဝင်သောအဖွဲ့သည် မေ ၁၆ ရက်က ယင်းဒေသသို့ ကနဦးကွင်းဆင်း လေ့လာကြောင်း သိရသည်။

မဟာရံဒေသသို့ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ရာတွင် ပေါက်တောမြို့ရှိ ၃၃ ကေဗွီအေ ဓာတ်အားခွဲရုံမှတစ်ဆင့် သဝင်ချောင်း၊ တောင်းဖူးသို့လည်းကောင်း၊ ယင်းမှတစ်ဆင့် မဟာရံဒေသသို့လည်းကောင်း ဓာတ်အားပို့လွှတ်နိုင်ရန် ခုနစ်ဖာလုံကျော်ကျယ်သော ကျွဲကူးမြစ်ကို ဖြတ်၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျွဲကူးမြစ်ကို ဖြတ်ပြီး လျှပ်စစ်ဓာတ်ပို့လွှတ်နိုင်ပါက ဖရုံကာကျွန်းပေါ်တွင် ၃၃ ကေဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ပြီး ယင်းကျွန်းရှိ ကျေးရွာများကို လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်နိုင်ကြောင်း၊ ယခုအစီအစဉ်မှာ မဟာရံဒေသသို့ လျှပ်စစ်မီးရရှိရေးအတွက် ကွင်းဆင်းလေ့လာခြင်းဖြစ်ကြောင်း သိရသည်။ **ကိုကြီးစော**

## မြစ်ကြီးနား-မန္တလေး လမ်းပိုင်းရှိ မီးရထားများ မေ ၁၈ ရက်မှစ၍ ပြန်လည်ပြေးဆွဲ

**မြစ်ကြီးနား မေ ၁၈**

ကချင်ပြည်နယ်အတွင်း ပြေးဆွဲလျက်ရှိသည့် မြစ်ကြီးနား-မန္တလေး မီးရထားလမ်းပိုင်းများတွင် မီးရထားများ ပုံမှန်ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် မြန်မာ့မီးရထားမှ မီးရထားဌာနနှင့် သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မေ ၁၈ ရက် မွန်းလွဲပိုင်းတွင် မီးရထားများ ပြန်လည်ပြေးဆွဲကြောင်း သိရသည်။

အဆိုပါ မြစ်ကြီးနား- မန္တလေး လူစီး၊ ကုန်တင်ရထားများ ပြေးဆွဲမှုအစီအစဉ်နှင့် ပတ်သက်၍ မြစ်ကြီးနားဘူတာ ရုံပိုင်ချုပ် ဦးခင်သော်က “ရထားလမ်းပိုင်းတော့ ပြင်ဆင်မှုအားလုံးပြီးစီးသွားလို့ ကောင်းသွားပါပြီ၊ ခရီးသွားပြည်သူတွေအတွက် လုံခြုံမှုရရှိစေဖို့ လိုအပ်ချက်ကြောင့် ဒီနေ့မွန်းလွဲပိုင်းမှာ စတင်ပြေးဆွဲနိုင်မှာပါ၊ အခုကတော့ မြစ်ကြီးနားကနေ နဘားအထိ သံလမ်းလုံခြုံရေး အပြည့်အဝပေးလာနိုင်မယ်ဆိုရင် မြန်မာ့မီးရထားကနေ ခရီးသည်တွေ စိတ်အေးချမ်းသာစွာ သွားလာနိုင်ရေး ပုံမှန်ပြေးဆွဲသွားမှာပါ” ဟု ပြောသည်။

မိုးကောင်းဘူတာရုံပိုင်ကြီး ဦးဝင်းလှိုင်က “အခု မိုးကောင်းဘူတာမှာ ရပ်တန့်ထားတဲ့ အမှတ် (၄၂) အစုန် ဒုတိယအမြန်ရထားနဲ့ နမ္မတီးဘူတာမှာ ရပ်တန့်ထားတဲ့ အမှတ် (၅၈) အစုန် မန္တလာရထားနှစ်စင်းကို မန္တလေးဘက်ကို စတင်ထွက်ခွာပေးမှာပါ၊ လက်မှတ်တွေလဲ ရောင်းချပေးနေပါပြီ၊ APT မိုင်းရှင်းရထားကို ရှေ့ကနေ အရင်လွှတ်မှာပါ၊ မိနစ်နှစ်ဆယ်လောက်ခွာပြီး နောက်က လူစီးရထားတွေကို သွားခိုင်းမှာပါ၊ နယ်မြေအခြေအနေအရ အထက်လူကြီးတွေ ညွှန်ကြားတဲ့အတိုင်း ဆက်လက်လုပ်ဆောင်သွားမှာပါ” ဟု ပြောသည်။ မိုးကောင်းဘူတာ၌ ရပ်တန့်ထားသည့် အမှတ် (၄၂) အစုန် ဒုတိယအမြန်ရထား မေ ၁၈ ရက် ညနေ ၃ နာရီ ၃၅ မိနစ်တွင် မန္တလေးဘက်သို့ ထွက်ခွာသွားကြောင်း သိရသည်။ **ဝင်းနိုင် (ကချင်မြေ )**




## အမြင်အာရုံချို့တဲ့သည့် အသက်ငါးနှစ်မှ ၃၀ အရွယ် လူငယ်များအား အခမဲ့သက်မွေးပညာရပ် သင်ကြားရန် မော်လမြိုင်၌ ကျောင်းဆောက်လုပ်

**မော်လမြိုင် မေ ၁၈**

အမြင်အာရုံချို့တဲ့လူငယ်များ အသက် ငါးနှစ်မှ ၃၀ အထိ လူမျိုးမရွေး၊ ဘာသာမရွေး အခမဲ့အသက်မွေးမှုပညာရပ်များ သင်ကြားပေးမည့် သာသနာ့ဇောတက ပရဟိတရွှေမေတ္တာ မျက်မမြင် အခြေခံ ပညာသင်ကျောင်းကို မော်လမြိုင်မြို့ မုပွန်တိုးချဲ့ (၇)လမ်း မုပွန်ရပ်ကွက်တွင် မေလမှစ၍ စတင်တည်ဆောက်နေကြောင်း ကျောင်းဆောက်လုပ်ရေးကော်မတီထံမှ သိရသည်။

ရွှေမေတ္တာ မျက်မမြင်အခြေခံပညာသင်ကျောင်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်မှာ အသက်ငါးနှစ်မှ ၃၀ အတွင်း မျက်မမြင်ကလေးများ အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားပေးမည်ဖြစ်ပြီး လူသားချင်း သနားကြင်နာ စာနာသောစိတ်ဖြင့် လူ့ဘဝကို အခြားလူသားတစ်ဦးကဲ့သို့ ဘဝကို လျှောက်လှမ်းနိုင်ကြစေရန် ရည်ရွယ်ကြောင်း ကျောင်းဖြစ်မြောက်ရေးကော်မတီထံမှ သိရသည်။

မွန်ပြည်နယ်အတွင်းရှိ အမြင်အာရုံချို့တဲ့သည့် မျက်မမြင်များ၏အသက်မွေးမှု အခြေခံပညာသင်ကျောင်းတွင် မျက်မမြင်စူးဖောက်စာပေပညာရပ်၊ ဂီတပညာရပ် (မြန်မာ၊ ခေတ်ပေါ်)၊ လက်နှိပ်အကြောပြင်ပညာ (မြန်မာ၊ ဂျပန်)၊ ဗေဒင်ပညာ၊ စိတ်ဓာတ်မြှင့်တင်ရေးဆိုင်ရာ ဘာသာရပ်၊ အခြေခံပညာ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ လက်မှုပညာ၊ ကွန်ပျူတာပညာ၊ အင်္ဂလိပ်စကားပြောပညာရပ်များကို သင်ကြားပေးမည်ဖြစ်ပြီး မျက်မမြင်စူးဖောက် ကျောက်သင်ပုန်း ၁၀ စုံနှင့် မျက်မမြင်လမ်းလျှောက်တုတ် ၁၀ စုံတို့အား ပရဟိတမျက်မမြင်ဘက်စုံပညာသင်ကျောင်း ပြင်ဦးလွင်မြို့မှ ဆရာတော် ဦးဥေယျက လှူဒါန်းထားပြီး သင်ကြားမည့် ဆရာများလည်း ရရှိထားပြီဖြစ်သည့်အတွက် ကျောင်းစတင်ဖွင့်သည့်နေ့တွင် စတင်သင်ကြားပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၈ ခုနှစ် ဇွန်လကစပြီး မွန်ပြည်နယ် ၁၀ မြို့နယ်မှ အမြင်အာရုံချို့တဲ့သည့် လူငယ် ၁၆ ဦး စာရင်းရရှိထားပြီးဖြစ်သည်။ ပင်မစာသင်ဆောင်ကြီး ပြီးစီးပါက လာမည့်စာသင်နှစ်တွင် ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ ကလေးသူငယ်များကိုလည်း လက်ခံသင်ကြားပေးမည်ဖြစ်ပြီး မျက်မမြင်များ၏ ကာယစွမ်းအား၊ ဉာဏစွမ်းအားများ မြင့်မားတိုးတက်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မုဒုံမောင်မောင်**

## ကော့ကရိတ် ရေကျော်လေးကျေးရွာ၌ လူ ၁၀၀၀ ကျော်အတွက် ရေလှူဒါန်း

**ကော့ကရိတ် မေ ၁၈**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနနှင့် မီးသတ်တပ်ဖွဲ့တို့ပူးပေါင်း၍ မေ ၁၇ ရက်က ကော့ကရိတ်မြို့နယ် ရေကျော်ကြီးကျေးရွာအုပ်စု ရေကျော်လေးကျေးရွာတွင် သောက်သုံးရေများ သွားရောက်ဖြန့်ဝေလှူဒါန်းခဲ့သည်။ ရေကျော်လေးကျေးရွာသည် နွေရာသီအတွင်း သောက်သုံးရေပြတ်လပ်လျက်ရှိသော အိမ်ခြေ ၁၈၂ လုံး၊ လူဦးရေ ၁၀၀၀ ကျော်အား သောက်သုံးရေများ အခက်အခဲမရှိစေရန် လှူဒါန်းပေးဝေခဲ့ကြောင်း၊ အဆိုပါ သောက်သုံးရေ ပေးဝေမှုကို ၁၃ ရက်တွင် ဣန္ဒာသယဘုန်းတော်ကြီးကျောင်း၊ ၁၄ ရက်တွင် အမှတ် ၄ ရပ်ကွက်၊ ၁၇ ရက်တွင် ရေကျော်လေး ကျေးရွာတို့ သွားရောက်လှူဒါန်းပေးဝေခဲ့ကြသည်။

**စိုးထက်အောင် (ကော့ကရိတ်)**

# စဉ့်ကူးမြို့နယ် ရွာသာကျေးရွာတွင် ကမ်းပြိုမည့်အခြေအနေကြောင့် ပြည်သူများစိုးရိမ်နေ

**စဉ့်ကူး မေ ၁၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ဆင်သေကျေးရွာအုပ်စု ရွာသာကျေးရွာတွင် နှစ်စဉ် ဧရာဝတီမြစ်ရေ တိုက်စားလာမှုကြောင့် ရွာမြေနှင့် လုပ်စားမြေများမှာ မြစ်ကမ်းပါးနှင့် တဖြည်းဖြည်း နီးကပ်လာလျက်ရှိရာ ယခုနှစ်တွင် ကမ်းပါးနှင့် အတောင် ၂၀ ခန့်သာ ကွာဝေးတော့ပြီး မကြာမီအချိန်အတွင်း ရွာမြေနှင့် လုပ်ကိုင်မြေများ ပြိုကျတော့မည့်အရေးကြောင့် ကျေးရွာပြည်သူများအနေဖြင့် စိုးရိမ်ပူပန်လျက်ရှိကာ လက်ရှိအခြေအနေများကို သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ထံသို့လည်း ရေတိုက်စားမှုသတင်းနှင့်တကွ အသိပေးတင်ပြထားပြီဖြစ်ကြောင်း အဆိုပါကျေးရွာနေ ဦးညိုဝင်းက ပြောသည်။

"အခု လက်ရှိအခြေအနေမှာ ရေတိုက်စားမှုက မိုးတွင်းကာလတောင် မရောက်သေးဘူး၊ ဧရာဝတီမြစ်ရေလည်း မတက်သေးဘူး၊ ဒါတောင် မြင်တဲ့အတိုင်းပဲ တပုံးပုံး ပြိုကျနေတယ်၊ သဲနုန်းမြေတွေဆိုတော့ ပြိုတာမြန်တာပေါ့၊ မိုးတွင်းရောက်လို့ ရေဦးရောက်လာရင်တော့ ရွာရင်းနားရောက်လာပြီး တစ်ရွာလုံး စိုးရိမ်ရမယ့်အခြေအနေဖြစ်နိုင်ပါတယ်၊ ဒါကြောင့် ဖြစ်မှ ဆောင်ရွက်တာထက် မဖြစ်ခင်ကြိုတင်ကာကွယ်တားဆီးမှုတွေ ဆောင်ရွက်ပေးစေချင်ပါတယ်"ဟု ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်တစ်ဦးက ပြောသည်။



အဆိုပါ ရွာသာကျေးရွာ၌ ယခုနှစ် ဧရာဝတီမြစ်ရေတက်မည့်အချိန် ဇွန်၊ ဇူလိုင်လများတွင် မြစ်ရေမှာ ရွာရင်းသို့ ထိုးဖောက်ဝင်ရောက်ကာ ကမ်းပြိုကျတော့မည့် အခြေအနေများရှိနေခြင်းတို့ကြောင့် ရွာသာကျေးရွာနေ ပြည်သူများအနေဖြင့် စိုးရိမ်ပူပန်မှုများရှိနေကြသော်လည်း ကမ်းပြိုကာကွယ်ရေးဆောင်ရွက်ရန်အတွက် ဒေသခံပြည်သူများကိုယ်တိုင် မတတ်နိုင်ဘဲ ကူညီပံ့ပိုးမှုများ လိုအပ်လျက်ရှိကြောင်း သိရသည်။

**ဝင်းမောင်(စဉ့်ကူး)**

# ဖျာပုံမြို့တွင် ထရန်စဖော်မာများ အကာအရံပြုလုပ်ပေးစေလို

**ဖျာပုံ မေ ၁၈**

မိုးတွင်းကာလသည် အခြားကာလများထက် လျှပ်စစ်အန္တရာယ်ကျရောက်တတ်၍ လျှပ်စစ်အန္တရာယ် ကြိုတင်ကာကွယ်သောအားဖြင့် လျှပ်စစ်ကြိုးများနှင့်မလွတ်ကင်းသည့် သစ်ပင်များရှင်းလင်းခြင်း၊ လျှပ်စစ်ကြိုးများ အသစ်လဲလှယ်ခြင်းနှင့် လမ်းမကြီးများဘေးတွင် တပ်ဆင်ထားသည့် အများသုံးထရန်စဖော်မာများ ကာရံခြင်းတို့ကို မြန်မာ့လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းက မြို့တိုင်းတွင် ကြိုတင်ဆောင်ရွက်နေကြောင်း သိရသည်။

ဖျာပုံမြို့တွင်လည်း လျှပ်စစ်အန္တရာယ်ကာကွယ်ရေးလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်နေသော်လည်း ဗိုလ်ချုပ်လမ်းနှင့် ၁၀ လမ်းထောင့်ရှိ အထက(၃)ကျောင်းရှေ့မှ ထရန်စဖော်မာနှင့် (၄)ရပ်ကွက် ရွှေနတ်ကူဘုရားလမ်း ဘုရားကြီးမုခ်ဦးရှေ့ရှိ ထရန်စဖော်မာတို့မှာ အကာအရံများ မရှိသေးဘဲ လမ်းသွားလမ်းလာများနှင့်ကလေးသူငယ်များအတွက် အန္တရာယ်ရှိနိုင်၍ အဆိုပါထရန်စဖော်မာများကို အကာအရံများပြုလုပ်ပေးရန် မြို့နေပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။ **ဝ၆၆**






## စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးမှူးရုံး
## မုံရွာမြို့
## အိတ်ဖွင့်တင်ဒါ( Open Tender )ခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း(ပရိဘောဂ)ရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်း/ရုံးများတွင် ကျောင်းသုံးစာသင်ခုံများ၊ ဘီရို၊ဖိုင်စင်၊ အရာထမ်းစားပွဲ/ကုလားထိုင်၊ အမှုထမ်းစားပွဲ/ကုလားထိုင်(ပရိဘောဂ)များ ဆောင်ရွက်ရန် တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **အိတ်ဖွင့်တင်ဒါ ပုံစံစတင်ရောင်းမည့်ရက်** - ၁၈-၅-၂၀၁၈ ရက်
(ခ) **အိတ်ဖွင့်တင်ဒါ ပိတ်မည့်ရက်** - ၁၈-၆-၂၀၁၈ ရက်
(ဂ) **ရောင်းချမည့်နေရာ** - တိုင်းဒေသကြီး ပညာရေးမှူးရုံး စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့

၂။ တင်ဒါပုံစံများကို ၁၈-၅-၂၀၁၈ရက်မှ စ၍ ဝယ်ယူရရှိနိုင်ကြောင်းနှင့်အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၇၁-၂၂၉၄၈၊ ၀၉-၄၀၀၄၆၅၅၃၂၊ ၀၉-၄၅၄၆၁၇၇၀၀၊ ၀၉-၄၅၉၆၁၂၂၄၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**

### မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ ရေနံချောင်းမြို့ ဆိပ်သာကွန်းထောက်မြို့ကွက်သစ် မြို့မြေချထားမှုနှင့် ပတ်သက်၍ ခိုင်လုံသည့် အထောက်အထားများတင်ပြနိုင်ရန်
## အသိပေးကြော်ငြာခြင်း

၁။ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ၉-၄-၂၀၁၈ရက်စွဲပါစာအမှတ် ၃/၆-၂၇(လန)(၃)/ ဦး၆ဖြင့် မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ ရေနံချောင်းမြို့၊ ဆိပ်သာကွန်းထောက်မြို့ကွက်သစ် မြို့မြေချထားမှုနှင့်ပတ်သက်သည့် မှန်ကန်သောစာရင်းဇယားများ၊ မှတ်တမ်းမှတ်ရာများ ကောက်ယူစိစစ်ထိန်းသိမ်းရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။
၂။ အဆိုပါအဖွဲ့အနေဖြင့် မှန်ကန်သောစာရင်းဇယားများ မှတ်တမ်းမှတ်ရာများကောက်ယူစိစစ်ထိန်းသိမ်းနိုင်ရန် ၁၀-၅-၂၀၁၈ရက်မှစ၍ ၁၀-၈-၂၀၁၈ရက်ထိ သုံးလအတွင်း စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကောက်ယူရရှိသည့် စာရင်းဇယားများ မှတ်တမ်းမှတ်ရာများနှင့် မြေပြင်ကွင်းဆင်းတိုက်ဆိုင်စစ်ဆေးခြင်းများကို လစဉ်(၁)ရက်နေ့နှင့် (၁၆)ရက်တို့တွင် စိစစ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။
၃။ သို့ဖြစ်ပါ၍ ရေနံချောင်းမြို့၊ ဆိပ်သာကွန်းထောက်မြို့ကွက်သစ် မြို့မြေချထားမှုနှင့်ပတ်သက်၍ သက်ဆိုင်သူများသည် ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားများကို ရေနံချောင်းမြို့ နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ၁၀-၅-၂၀၁၈ရက်မှ ၁၀-၈-၂၀၁၈ရက် အထိ ရုံးချိန်အတွင်း လာရောက်တင်ပြနိုင်ရန် အသိပေးကြော်ငြာအပ်ပါသည်။
၄။ သတ်မှတ်ကာလအတွင်းခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများတင်ပြနိုင်မှု မရှိသည့်မြေကွက်များနှင့် လာရောက်တင်ပြဆောင်ရွက်ခြင်းမရှိသည့် မြေကွက်များကို အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မြေအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဆိပ်သာကွန်းထောက်မြို့မြေချထားမှုစာရင်းဇယားများမှတ်တမ်းမှတ်ရာများ ကောက်ယူစိစစ်ထိန်းသိမ်းရေးအဖွဲ့**

### အမည်မှန်

ဦးသန့်ဇင် - ဒေါ်သင်းသင်းရီတို့၏သား လှိုင်သာယာမြို့နယ်၊ ညောင်ကျေးရွာ၊ အောင်မင်္ဂလာ ဘကမူလွန်ကျောင်း သတ္တမတန်းမှ မောင်သော်ဇင်အား မောင်သော်ဇင်ဦးဟု ပြောင်းလဲခေါ်ပါရန်။

### မိဘအမည်မှန်

ပေါင်မြို့နယ်၊ ထန်းပင်ချောင်ကြီးကျေးရွာ၊ အမက(မူလွန်) ထန်းကြီးကျောင်းမှ ပဉ္စမတန်းအောင် မအိသူအောင်၏ မိဘအမည်မှန်မှာ ဦးအောင်မျိုးဦး ၁၀/ခလရ(နိုင်)၁၂၈၆၆၆နှင့် ဒေါ်ခင်သူဇာဝင်းတို့ ဖြစ်ပါသည်။

**ဦးအောင်မျိုးဦး-ဒေါ်ခင်သူဇာဝင်း**




## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ် ၅၅၊ ခုနစ်လွှာ(ဘီ) ဟုခေါ်တွင်သည့် အကျယ်အဝန်း (၁၂ပေ ၆လက်မ× ၅၀ပေ)ရှိ တိုက်ခန်းတစ်ခန်းကို ပိုင်ဆိုင်မှု အကျိုးခံစားခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ခင်မို့မို့ထွန်း ၁၂/ကမန(နိုင်)၀၇၁၅၆၃ထံမှ ကျွန်ုပ်က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်ချို့ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ ငါးရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်နေ့အထိ လာရောက်ကန့်ကွက်ခြင်းမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝေဇင် ၇/သကန(နိုင်)၀၉၅၉၈၆**
**အမှတ် ၇၆၊ ၇လမ်း၊ ခုနစ်လွှာ၊ (၃)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၃၁၇၈၆၀၅၊ ၀၉-၇၉၅၃၃၆၀၆၁**

### ဖခင်အမည်မှန်

ဗဟန်းမြို့နယ်၊ ကောင်းထက်ကျော်(ကိုယ်ပိုင်)အထက်တန်းကျောင်း၊ သတ္တမတန်းမှ မောင် Anjelo ငြိမ်းချမ်းဆွေ၏ ဖခင်အမည်မှန်မှာ ဦးငြိမ်းချမ်းထွဏ်း ၁၄/ဓနဖ(နိုင်)၀၇၂၀၇၉ ဖြစ်ပါကြောင်း။

### အမည်ပြောင်း

ဦးဇော်မြင့် ၈/ပဖန(နိုင်)၀၀၇၇၇၇၏သား မင်းဘူးခရိုင်၊ ပွင့်ဖြူ အထက အဋ္ဌမတန်းအောင်မှ မောင်ဘုန်းမြင့်နိုင် ၈/ပဖန(နိုင်)၁၇၉၃၂၆အား မောင်ကောင်းဆက်ဟိဏ်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ကောင်းဆက်ဟိဏ်း**

## အများသိစေရန် ကြေညာခြင်း

ပဲခူးခရိုင် ညောင်လေးပင်မြို့၊ မြို့မ(၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၈)၊ ဦးပိုင်အမှတ်(၄၅)၊မြေကွက်အမှတ်(၇၉-B)ဧရိယာ ၀ဒသမ၂၆၄၉ဧကခန့်ရှိသောမြေကို ဦးလှိုင်ဝင်း အမည်ဖြင့် အမည်ပြောင်း ခွဲစိတ်မြေငှားဂရန် လျှောက်ထားလာပါသည်။ ထိုသို့ လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့်ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန**
**ညောင်လေးပင်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ)ပညာရေးဝန်ကြီးဌာန နည်းပညာ၊ အသက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေမှ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ(ရွှေဘို၊ ကန့်ဘလူ၊ မုံရွာ၊ ခန္တီး၊ ချောင်းဦး၊ ကလေး)မြို့များ၏ အောက်ပါတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် စိတ်ပါဝင်စားသော တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအမည် | နေရာ |
|---|---|---|
| ၁ | (၁၆၀)ဆံ့ ကျောင်းသား/သူဆောင်(211'x70')အာစီလေးထပ်(34288ft²) | ရွှေဘို(GTC) |
| ၂ | (၈၀)ဆံ့ ကျောင်းသား/သူဆောင်(211'x70')အာစီနှစ်ထပ်(17144ft²) | ကန့်ဘလူ(GTI) |
| ၃ | ဆရာ/ဆရာမဆောင် အာစီလေးခန်းတွဲ လေးထပ်(78'x94')(17788ft²) | ရွှေဘို(GTC)၊ ကန့်ဘလူ(GTI)၊ မုံရွာ(GTHS)၊ ချောင်းဦး(GTHS) |
| ၄ | ဆရာ/ဆရာမဆောင် အာစီလေးခန်းတွဲ နှစ်ထပ်(78'x94')(8894ft²) | ခန္တီး(GTI)၊ ကလေး(GTHS) |
| ၅ | စာသင်ဆောင်သံကူကွန်ကရစ်နှစ်ထပ်(150'x48') | ခန္တီး(GTI)၊ ခန္တီး(GTHS) |
| ၆ | စာသင်ဆောင်အာစီနှစ်ထပ်(192'x38')(1459ft²) | ချောင်းဦး(GTHS)၊ကလေး(GTHS) |
| ၇ | အလုပ်ရုံတစ်ထပ် Steel Structure(150'x70')(11250ft²) | ချောင်းဦး(GTHS) |
| ၈ | အလုပ်ရုံတစ်ထပ် Steel Structure(130'x60') | ကလေး(GTHS) |

၂။ **တင်ဒါလျှောက်လွှာပုံစံများစတင်ရောင်းချမည့်ရက်/အချိန်** - ၂၁-၅-၂၀၁၈ရက် နံနက် ၉နာရီမှ ညနေ ၄နာရီအထိ
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁-၆-၂၀၁၈ရက် ညနေ ၄နာရီ
**တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၄-၆-၂၀၁၈ရက် ညနေ ၄း၃၀နာရီ

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ လူမှုရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာကျောင်းများတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၇၁-၂၀၃၂၇၇၃၊ ၀၇၁-၂၀၃၂၃၁၃**

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

### အမည်မှန်

ဦးဘရန်ရှောင်၏သမီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဇန်းမော်မြို့ အထက(ခွဲ)၊ အလက(၃) ပဉ္စမတန်း (A)အောင်မှ မဇီမီးရှေ့၏ အမည်မှန်မှာ မဇီမေဝိ ဖြစ်ပါကြောင်း။

**မဇီမေဝိ**

**အောင်ပြည့်စုံ**
**အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း**
**မြို့တွင်း/နယ်ဝေးများအတွက်**
**ဈေးနှုန်းချိုသာစွာဖြင့်**
**Box ကားမျိုးစုံဖြင့်**
**အလုပ်သမား စီစဉ်ပေးသည်။**
**09 250095114**
**09 421041338**
**09 73224763**

### ကန့်ကွက်နိုင်ပါကြောင်း

မိတ္ထီလာမြို့၊ ဈေးအရှေ့ပြင်ရပ်ကွက်၊ ကန်သာယာနယ်မြေရှိ ဒေါ်ဂျမ်း(ဂရန်)အမည် ပေါက်ပိုင်ဆိုင်သော ဦးပိုင်အမှတ် ၇-ဆ-၄(၉/၉၉)၊ မြေကွက်အမှတ်(၁၁/ဂ) (ဈေးရပ်)၊ ဧရိယာ ၀ဒသမ၀၉၈ ရှိ ပိုင်းမြေအား နှစ် ၃၀ ဂရန်ရရှိထားပြီး (၁၇-၁၁-၁၉၉၂)မှ (၁၆-၁၁-၂၀၂၂)ထိ ဖြစ်ပါသည်။ အထက်ပါဒေါ်ဂျမ်း အမည်ပေါက် ဂရန်မိတ္တူအား ဒေါ်ဂျမ်း၏သမီးများ ဖြစ်သော ဒေါ်ကြည်တင် ၉/မထလ(နိုင်)၀၄၀၅၅၆နှင့် ဒေါ်ခင်တိုး ၉/မထလ(နိုင်)၀၄၀၁၉၇ တို့မှ ဒေါ်ဂျမ်းအမည်ပေါက် ဂရန်မိတ္တူမြေငှားဂရန် လျှောက်ထားမည်ဖြစ်ပါသည်။ ဒေါ်ဂျမ်း အမည်ပေါက်(ဂရန်) မိတ္တူလျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထားခိုင်လုံသော စာရွက်စာတမ်းများနှင့်အတူ ကြော်ငြာပါရှိသည့်ရက်မှစ၍ ရက် ၃၀ အတွင်း မိမိထံလာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ကြည်တင်(ဘ)ဦးမြင့်**
**၉/မထလ(နိုင်)၀၄၀၅၅၆**

**ဒေါ်ခင်တိုး(ဘ)ဦးမြင့်**
**၉/မထလ(နိုင်)၀၄၀၁၉၇**
**ဈေးအရှေ့ပြင်ရပ်၊ မိတ္ထီလာမြို့**

### မွေးသက္ကရာဇ်အမှန်

ဦးမင်းထက်၏သမီး ဒိုက်ဦးမြို့၊ ဖအောင်ဝဲ အလက(ခွဲ) ပဉ္စမတန်းမှ မဇာဇာဖူးဝေ၏ မွေးသက္ကရာဇ်အမှန်မှာ ၃၀-၅-၂၀၀၈ ဖြစ်ပါကြောင်း။

**မဇာဇာဖူးဝေ**

### ပျောက်ဆုံးကြောင်း

SY BAGO INTERNATIONAL Co., Ltd အမည်ဖြင့်တင်သွင်းလာသော ILV 17,18 22945 25/7/2017 သွင်းကုန်လိုင်စင်၏အမှားပြင်ဆင်ခွင့်အမှတ် ILV 17, 18 A 7677 8/11/2017 မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၃၉၉၉၉၀၅၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
နေပြည်တော် ကုသရေးဦးစီးဌာနမှူးရုံး

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လအတွက် နေပြည်တော် ကုသရေးဦးစီးဌာနလက်အောက်ရှိ ဆေးရုံများတွင် လူနာများကုသပေးရန် FDA အသိအမှတ်ပြု ဆေးဝါး၊ ဓာတ်ခွဲဓာတ်မှန်သုံးဆေးများနှင့် ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့် ရက်နှင့်အချိန်** - ၂၅-၅-၂၀၁၈ ရက် နံနက် ၁၀း၀၀နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၄-၆-၂၀၁၈ ရက် ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များကို သိရှိလိုပါက ရုံးချိန်အတွင်း မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**နေပြည်တော်ကုသရေးဦးစီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဖုန်း-၀၆၇-၅၅၀၀၇၆**

---

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်(၂) ရေနံချက်စက်ရုံ(ချောက်)ရှိ သိုလှောင်ကန် (TAC-57)မှ ဆီပြာ (Blue Oil) ၉၅,၀၀၀ ဂါလန် (ဂါလန်ကိုးသောင်းငါးထောင်တိတိ)အား သံကန် အပြောင်ရှင်းစနစ်ဖြင့်လည်းကောင်း၊ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)မှ စီဂျီအို (CGO) ၁,၀၀၀,၀၀၀ ဂါလန် (ဂါလန်တစ်သန်းတိတိ)အားလည်းကောင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်** - ၂၉-၅-၂၀၁၈ ရက် (အင်္ဂါနေ့) ၁၃း၀၀ နာရီ
**အချိန်နှင့်နေရာ** - မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်) ရုံးအမှတ်(၄၄)၊ နေပြည်တော်

၃။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၂၉-၅-၂၀၁၈ ရက် (အင်္ဂါနေ့) ၁၄း၀၀နာရီ

၄။ သတ်မှတ်ထားသည့် တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ Website တွင် ၁၅-၅-၂၀၁၈ ရက်မှစ၍ Download ရယူ လျှောက်ထားနိုင်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂ နှင့် ၀၆၇-၃၄၁၁၀၉၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

---

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
မကွေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာန

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မကွေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနလက်အောက်ရှိ ခရိုင်/မြို့နယ် ကုသရေးဦးစီးဌာနများတွင် မြန်မာနိုင်ငံ FDA အသိအမှတ်ပြု လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လိုင်စင်ရဆေးကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန်နှင့် တင်ဒါအောင်မြင်သောကုမ္ပဏီများမှ ခရိုင်/မြို့နယ် ကုသရေးဦးစီးဌာနရှိ ဆေးသိုလှောင်ခန်းများသို့ အရောက်တင်သွင်းပေးပို့ရမည်ဖြစ်ပါကြောင်း တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၂-၅-၂၀၁၈ ရက် (အင်္ဂါနေ့)
**တင်ဒါပိတ်မည့်ရက်** - ၁၉-၆-၂၀၁၈ ရက် (အင်္ဂါနေ့)
**တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးဝါးစာရင်းအသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူးရုံး**
**မကွေးတိုင်းဒေသကြီး**
**ပြည်တော်သာလမ်း၊ မကွေးမြို့၊**
**ဖုန်း-၀၆၃-၂၃၆၈၅၊ ၀၆၃-၂၅၉၃၈၊ ၀၉-၂၅၆၄၄၉၁၀၄**

---

## ရခိုင်ပြည်နယ်အတွင်းရှိ ပညာရေးဝန်ကြီးဌာန၊ အဆောက်အအုံများတည်ဆောက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု(ငွေလုံး/ငွေရင်း)ခွင့်ပြုရန်ပုံငွေဖြင့် ရခိုင်ပြည်နယ်အတွင်း တက္ကသိုလ်၊ ကောလိပ်၊ စက်မှု/လက်မှုသိပ္ပံ၊ စက်မှု/လက်မှုအထက်တန်းကျောင်းများအတွက် စာသင်ဆောင်များ၊ ဝန်ထမ်းနေအိမ်များ၊ အားကစားရုံများ၊ စားသောက်ဆိုင်များ၊ အလုပ်ရုံများ အသစ်ဆောက်လုပ်ခြင်းအတွက် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) အဆင့်မြင့်ပညာဦးစီးဌာနမှ တက္ကသိုလ်၊ ကောလိပ်အဆောက်အအုံ လုပ်ငန်း (၉)ခု

(ခ) နည်းပညာ၊သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနလုပ်ငန်း(၁၃)ခု

၂။ တင်ဒါလျှောက်လွှာပုံစံ၊ တင်ဒါတင်သွင်းရန်၊ တင်ဒါဖွင့်လှစ်ရန် ရက်/နေရာများမှာ-

(က) **တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့် ရက်/နေရာ (ရုံးချိန်အတွင်း)** - ၁၆-၅-၂၀၁၈ရက်မှ ၁၂-၆-၂၀၁၈ရက်အထိ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ပြည်နယ်အရည်အသွေးစစ်ရေးကော်မတီရုံး

(ခ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက် (အချိန်)/နေရာ (ရုံးချိန်အတွင်း)** - ၁၂-၆-၂၀၁၈ရက်မှ ၂၂-၆-၂၀၁၈ ရက်ထိ ညနေ ၄း၃၀နာရီအထိ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ပြည်နယ်အရည်အသွေးစစ်ရေးကော်မတီရုံး

၃။ တင်ဒါစည်းမျဉ်း/စည်းကမ်းများနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ်(ရုံးချိန်အတွင်း)အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်-

(က) ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ပြည်နယ်အရည်အသွေးစစ်ရေးကော်မတီရုံး၊ စစ်တွေမြို့

(ခ) ဆက်သွယ်ရန်ဖုန်း-၀၉-၄၅၀၅၄၀၂၈၀၊ ၀၉-၂၅၁၁၃၂၄၁၄၊ ၀၄၃-၂၂၆၆၁

**တင်ဒါလက်ခံရေး/စိစစ်ရေးလုပ်ငန်းကော်မတီ**
**ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ စစ်တွေမြို့**

---

ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ် (ကလေး)
တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန်အတွက်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်မည့် ကွန်ပျူတာတက္ကသိုလ်(ကလေး)၏ ၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်/ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | လုပ်ငန်းအမည် |
|---|---|
| ၁ | ရှုမဝဆောင်ရေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း (120'x1'x21') RCC Retaining Wall နှင့် (500'x2'x18') Retaining Wall with Stone Pitching |

၂။ **အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၁-၅-၂၀၁၈ရက်(ရုံးချိန်အတွင်း)
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၃၁-၅-၂၀၁၈ရက်၊ ညနေ ၄း၀၀နာရီ
**တင်ဒါရောင်းချတင်သွင်းမည့်နေရာ** - ကွန်ပျူတာတက္ကသိုလ်(ကလေး)

၃။ အသေးစိတ်အချက်အလက်များကို သိလိုပါက ကွန်ပျူတာတက္ကသိုလ်(ကလေး)ရှိ အောက်ဖော်ပြပါဖုန်းနံပါတ်များအတိုင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ ဖုန်း-၀၉-၂၅၇၉၅၁၈၁၁၊ ၀၉-၄၂၇၀၇၃၅၆၅

**တင်ဒါကော်မတီ**
**ကွန်ပျူတာတက္ကသိုလ်(ကလေး)**

---

ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်(ကလေး)
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်မည့် ကွန်ပျူတာတက္ကသိုလ်(ကလေး)၏ ၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာအထိ (၆)လ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်/ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | လုပ်ငန်းအမည် |
|---|---|
| ၁ | (၄)ခန်းတွဲ (၄)ထပ်ဝန်ထမ်းအိမ်ရာ 100'x25'၊ပြင်ပရေ (၄)လက်မ အဝီစိတွင်း၊ ဂါလန် ၁၂၀၀၀ဆံ့ မြေအောက်ရေလှောင်ကန် (5.5 HP Summersible Pump နှင့် အဆောက်အအုံ) ပြင်ပမီးသွယ်တန်းခြင်း အပါအဝင် (၁)လုံးတည်ဆောက်ခြင်းလုပ်ငန်း |
| ၂ | (၄၀)ဦးဆံ့ ကျောင်းသား/ကျောင်းသူအိပ်ဆောင် (၂)ထပ် (158'x30') သံကူကွန်ကရစ်၊အဆောင်အဝင်လမ်း (200'x12'x8")၊ ပြင်ပရေ(၄)လက်မ အဝီစိတွင်း၊ ဂါလန် (၁၂၀၀၀)ဆံ့ မြေအောက်ရေလှောင်ကန် (5.5 HP Summersible Pump နှင့် အဆောက်အအုံ) ပြင်ပမီးသွယ်တန်းခြင်း အပါအဝင် (၂)လုံးတည်ဆောက်ခြင်းလုပ်ငန်း |
| ၃ | ခြံစည်းရိုး၊ (မျက်နှာစာအုတ်စီခြင်း ၉၂၇ ပေ၊ ကွန်ကရစ်တိုင်သံဆူးကြိုးကာရံခြင်း ၄၈၇၀ ပေ)၊ ဂိတ်သံပန်းတံခါးပေ ၅၀၊ ဂိတ်တဲ(၈.၅ ပေ ပတ်လည် အမြင့် ၉ပေ)၊ တည်ဆောက်ခြင်းလုပ်ငန်း |
| ၄ | ကျောင်းအဝင်လမ်းတစ်ဖက် ကွန်ကရစ်ခင်းခြင်းပေအရှည် ၇၅၂ ပေ |
| ၅ | ပင်မသုံးထပ်ဆောင်ရှေ့ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း(480'x217') (63395.86) စတုရန်းပေ |

၂။ **အိတ်ဖွင့်စတင်တင်ဒါရောင်းချမည့်ရက်** - ၂၁-၅-၂၀၁၈ရက် (ရုံးချိန်အတွင်း)
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၅-၆-၂၀၁၈ ရက်၊ ညနေ ၄း၀၀ နာရီ
**တင်ဒါရောင်းချတင်သွင်းမည့်နေရာ** - ကွန်ပျူတာတက္ကသိုလ်(ကလေး)

၃။ အသေးစိတ်အချက်အလက်များကို သိလိုပါက ကွန်ပျူတာတက္ကသိုလ်(ကလေး)ရှိ အောက်ဖော်ပြပါဖုန်းနံပါတ်များအတိုင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖုန်း-၀၉-၂၅၇၉၅၁၈၁၁၊ ၀၉-၄၂၇၀၇၃၅၆၅

**တင်ဒါကော်မတီ**
**ကွန်ပျူတာတက္ကသိုလ်(ကလေး)**

---

## အသိပေးကြေညာချက်

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း မြို့မြေများ၌ မြေငှားဂရန်ထုတ်ပေးပြီးဖြစ်သည့် မြေကွက်များအတွက် နှစ်စဉ် မြေငှားရမ်းခ ကျသင့်ငွေများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစတင်ပြီး သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာအုပ်ချုပ်မှူးရုံးများမှ ကောက်ခံလျက်ရှိပါသည်။

၂။ မြေငှားရမ်းခပေးသွင်းရန် ကျန်ရှိသူများအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ပေးသွင်းရမည့် မြေငှားရမ်းခ မပြေကျန်ငွေများအပြင် ၂၀၁၈ ခုနှစ် (၁-၄-၂၀၁၈မှ ၃၀-၉-၂၀၁၈ထိ) (၆)လအတွက် မြေငှားရမ်းခကျသင့်ငွေများကိုပါ ဆက်လက်ပေးသွင်းရမည်ဖြစ်ပါသည်။

၃။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် မြေငှားရမ်းခမပြေကျန်ငွေများအား အရကောက်ခံနိုင်ရေးအတွက် ပေးသွင်းရန်ကျန်ရှိသူများအနေဖြင့် ၃၀-၆-၂၀၁၈ရက် နောက်ဆုံးထား၍ ပေးသွင်းရန်နှင့် ၂၀၁၈ခုနှစ် ၁-၄-၂၀၁၈မှ ၃၀-၉-၂၀၁၈ထိ (၆)လ ဘဏ္ဍာရေးနှစ်အတွက် ကျသင့်မြေငှားရမ်းခငွေများကို ၁၅-၉-၂၀၁၈ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးများသို့ မပျက်မကွက်ဆက်သွယ်ပေးသွင်းကြပါရန် အသိပေးကြေညာအပ်ပါသည်။

၄။ မြေငှားရမ်းခကောက်ခံမှုနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

| စဉ် | ဌာနအမည် | ဖုန်းနံပါတ် |
|---|---|---|
| (က) | မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန | ဖုန်း-၀၆၇-၄၁၄၂၉၂ |
| (ခ) | ဇမ္ဗူသီရိမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး | ဖုန်း-၀၆၇-၄၂၀၅၀၄ |
| (ဂ) | ဒက္ခိဏသီရိမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး | ဖုန်း-၀၆၇-၄၁၉၀၂၂၊ ၀၆၇-၈၁၀၀၁၆၃ |
| (ဃ) | ပျဉ်းမနားမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး | ဖုန်း-၀၆၇-၂၂၀၄၄၊ ၀၆၇-၂၂၉၅၈ |
| (င) | လယ်ဝေးမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးရုံး | ဖုန်း-၀၆၇-၃၀၀၀၇ |
| (စ) | ပုဗ္ဗသီရိမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး | ဖုန်း-၀၆၇-၅၁၀၁၃၀ |
| (ဆ) | ဥတ္တရသီရိမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး | ဖုန်း-၀၆၇-၄၁၇၀၁၉၊ ၀၆၇-၄၁၇၀၂ |
| (ဇ) | တပ်ကုန်းမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး | ဖုန်း-၀၆၇-၇၀၀၀၄ |

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့
ရန်ကုန်မြို့
(လျှပ်စစ်၊ အဆောက်အအုံ၊ ရေသန့်၊ သုတ်ဆေး)ပစ္စည်းများဝယ်ယူရန်နှင့်
ကြေးခေါင်းလောင်းဆိုဒ်စုံ၊ ကြေးပစ္စည်းအဟောင်းများရောင်းချရန်

## ဈေးပြိုင်တင်ဒါကြော်ငြာ

၁။ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့တွင် (လျှပ်စစ်၊ အဆောက်အအုံ၊ ရေသန့်၊ သုတ်ဆေး)ပစ္စည်းများအား ဈေးပြိုင်စနစ်ဖြင့်ဝယ်ယူရန်နှင့် ကြေးခေါင်းလောင်းဆိုဒ်စုံနှင့် ကြေးပစ္စည်းအဟောင်းများအား ဈေးပြိုင်စနစ်ဖြင့် ရောင်းချရန်ရှိပါသည်။ ဝယ်ယူလိုသူများသည် ဈေးနှုန်းအဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ကျပ် ၅၀၀၀/-နှုန်းဖြင့် ဂေါပကအဖွဲ့ရုံး ဗဟိုသိုလှောင်ရေးဌာန၌ ၂၁-၅-၂၀၁၈ရက်မှ ၂၅-၅-၂၀၁၈ရက်ထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၈-၅-၂၀၁၈ရက် မွန်းလွဲ ၁း၀၀နာရီတွင် တင်ဒါဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၂။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၃၈၃၅၀၇၊ ၀၁-၃၈၃၅၀၈၊ ၀၁-၃၇၅၇၆၇၊ ၀၁-၃၇၁၀၈၉ နံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့**

---

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
မကွေးတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မကွေးတိုင်းဒေသကြီး၊ လျှပ်စစ်အင်ဂျင်နီယာရုံးမှ ၂၀၁၈ခုနှစ် (ဧပြီလမှ စက်တင်ဘာလ)အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်နိုင်ရန်အတွက် လိုအပ်သောဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၈-၅-၂၀၁၈ ရက် (သောကြာနေ့)
(ခ) **တင်ဒါပုံစံရောင်းချမှုပိတ်သိမ်းမည့်ရက်** - ၃၁-၅-၂၀၁၈ ရက် (၁၆း၀၀)နာရီ
(ဂ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၅-၆-၂၀၁၈ ရက် (၁၆း၀၀)နာရီ

၂။ သတ်မှတ်အချိန်/ရက်ထက် ကျော်လွန်တင်သွင်းလာသည့် လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များ စုံစမ်းခြင်း၊ တင်ဒါလျှောက်လွှာဝယ်ယူခြင်းများကို မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၊ အင်ဂျင်နီယာဌာန ဖုန်း-၀၆၃-၂၀၂၅၈၀၉ သို့ ရုံးချိန်အတွင်း ဝယ်ယူဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
စစ်ကိုင်းပညာရေးတက္ကသိုလ်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်မည့် စစ်ကိုင်းပညာရေးတက္ကသိုလ်၏ ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလထိ) ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) (၂)ထပ်စာကြည့်တိုက် (၁)လုံးဆောက်လုပ်ခြင်း (၉၀'×၃၀') RC (ရေမီးအပါအဝင်) (၅၄၀၀စ/ပေ)
(ခ) (၄)ခန်းတွဲ (၄)ထပ် အရာရှိအိမ်ရာ (၁)လုံးဆောက်လုပ်ခြင်း (၁၀၀'×၃၀') RC (ရေမီးအပါအဝင်) (၁၂၀၀၀ စ/ပေ)
(ဂ) (၁)ထပ် အိပ်ဆောင်ဟောင်း (၁၀)ဆောင်အကြီးစားမွမ်းမံပြင်ဆင်ခြင်း (ဆေးသုတ်ခြင်း) (၁၁၈၆၉၁၁ စ/ပေ)နှင့် အတွင်းလျှပ်စစ်လုပ်ငန်း (၁၉၆၀၅၆ စ/ပေ)
(ဃ) (၈") စက်ရေတွင်း (၅၈၀') (၁)တွင်းတူးဖော်ခြင်း မြင်းကောင်ရေ 10HP Sumbersible Pump (၁)လုံး၊ ဂါလန် (၁၀၀၀၀)ဆံ့ ရေလှောင်ကန် (၁)လုံး၊ ရေပိုက်သွယ်တန်းခြင်း (၅၀')နှင့် လျှပ်စစ်သွယ်တန်းခြင်း (၅၀'အပါအဝင်)

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၇-၅-၂၀၁၈ ရက် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီ
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၃၁-၅-၂၀၁၈ ရက် ညနေ ၄း၃၀ နာရီ
**တင်ဒါရောင်းချတင်သွင်းရမည့်နေရာ** - စစ်ကိုင်းပညာရေးတက္ကသိုလ်၊ အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ရုံးခန်း

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက စစ်ကိုင်းပညာရေးတက္ကသိုလ်(ဘဏ္ဍာဌာန)၊ ဖုန်း-၀၉-၄၄၄၀၃၄၉၉၄၊ ၀၇၂-၂၂၂၆၇၊ ၀၉-၄၀၀၄၆၉၅၂၉ များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ၊ စစ်ကိုင်းပညာရေးတက္ကသိုလ်**

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့
မကွေးမြို့

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၁၈ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ခြောက်လ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းဒီဂရီကောလိပ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ(Open Tender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) (၄)ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်ရာ(၁၀၀'×၂၅') RC (၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း (ရေ/မီးအပါအဝင်)
(ခ) 11/0.4 KV 160KVA Transformer တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်း
(ဂ) အားကစားကွင်းမြေထိန်းနံရံ(၂၀၁၀')ပြုလုပ်ခြင်းနှင့် မြေပြုပြင်ခြင်းလုပ်ငန်း
(ဃ) အားကစားကွင်းအား Chain-Link (၂၀၁၀')ကာရံခြင်းလုပ်ငန်း
(င) အားကစားကွင်းသို့ 400V 3Phase 4 Wire Line 2100' သွယ်တန်းခြင်းနှင့် လမ်းမီးတပ်ဆင်ခြင်းလုပ်ငန်း
(စ) အားကစားကွင်း(ပြေးလမ်းအပါအဝင်) ပြုလုပ်ခြင်းလုပ်ငန်း
(ဆ) ပင်မဆောင် (၁၅၀'×၁၂၀') (၁၀၅၀၀၀ စပေ) ဆေးသုတ်ခြင်းနှင့် သံပန်းကာရံခြင်းလုပ်ငန်း

၂။ **အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်အချိန်** - ၁၅-၅-၂၀၁၈ ရက် (ရုံးချိန်အတွင်း)
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၅-၆-၂၀၁၈ ရက် (၁၆း၀၀)နာရီ
**တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ** - ကျောင်းအုပ်ကြီးရုံးခန်း၊ ရေနံချောင်း၊ ဒီဂရီကောလိပ်

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မကွေးမြို့၊** ဖုန်း-၀၆၃-၂၈၁၃၁
**ရေနံချောင်းဒီဂရီကောလိပ်၊ ရေနံချောင်းမြို့၊** ဖုန်း-၀၉-၄၀၁၅၇၇၄၂၇၊ ၀၉-၄၀၁၅၇၁၆၄၁

---

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက(ခွဲ)၊ အလက(၁)မှ န၀မတန်း ဖြေဆိုအောင်မြင်ခဲ့သော မောင်စိုးမိုးထွန်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းဆွေ ၉/မမန(နိုင်)၀၈၃၆၇၃ ဖြစ်ပါသည်။

**ဦးဝင်းဆွေ**

---

## အမည်ပြောင်း

ဦးရန်ကြီးအောင်၏သမီး စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အထက (၆) သူငယ်တန်း(အောင်)မှ မနှင်းစက်သခင်အား မနှင်းရတနာအောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မနှင်းရတနာအောင်**

---

## အမည်ပြောင်း

ဦးမောင်စန်း-ဒေါ်ခင်စောဦးတို့၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့ အထက သတ္တမတန်း(အောင်)မှ မောင်ချစ်ရင်ထူးအား မောင်ခန့်သူရကျော်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ခန့်သူရကျော်**

---

## ဖခင်အမည်မှန်

ညောင်လေးပင်မြို့နယ် ပိန်းဇလုပ် အထက နဝမတန်း(F) မှ မသင်းမြတ်နိုးဦးနှင့် ကျောက်တံခါးမြို့နယ် ဆယ့်လေးရွာ အလက(ခွဲ) တတိယတန်းမှ မောင်သူထူးပိုင်တို့၏ ဖခင်အမည်မှန်မှာ စောထွေးမြင့်ဦး ၃/သတန(နိုင်)၀၂၆၀၄၇ ဖြစ်ပါသည်။

**စောထွေးမြင့်ဦး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အမျိုးသားသွေးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၈ခုနှစ်(ဧပြီလမှ စက်တင်ဘာလအထိ) အမျိုးသားသွေးဌာန၌ သွေးနှင့် သွေးပစ္စည်းများ ဓာတ်ခွဲစစ်ဆေးရန်လိုအပ်သည့် သွေးလှူဘဏ်သုံး ဆေးပစ္စည်းများ ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသား ပြည်တွင်းလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၅-၅-၂၀၁၈ရက်(အင်္ဂါနေ့)
**အိတ်ဖွင့်တင်ဒါပိတ်မည့်** - ၁၃-၆-၂၀၁၈ ရက်
**ရက်နှင့်အချိန်** (ဗုဒ္ဓဟူးနေ့) ၁၆:၀၀နာရီ

တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အမျိုးသားသွေးဌာန၊ ရန်ကုန်မြို့သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**အမျိုးသားသွေးဌာန**
**ဖုန်း-၀၁-၃၇၀၀၅၆**

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းမြို့၊ ထုံးဘိုရပ်ကွက်တွင် နေထိုင်သော ဦးမြသိန်း၏သား မောင်ချစ်ရင်ထူး(ခ) မောင်ပြည့်ပြည့်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၁၀-၂၀၀၃ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

စစ်ကိုင်းမြို့နယ်၊ ကျောက်ဆည် အထက၊ န၀မတန်းမှ မအေးသဉ္ဇာဖြိုး၏ မိဘအမည်မှန်မှာ ဦးသန်းထိုက်ဝင်း-မအေးအေးခိုင်ဖြစ်ပါကြောင်း။

**ဦးသန်းထိုက်ဝင်း-မအေးအေးခိုင်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
## ၂၀၁၈ ခုနှစ် တရားမအထူးအယူခံမှုအမှတ် ၃၂

ဒေါ်မြင့်မြင့်ကြည် **နှင့်** ဦးအောင်ကျော်ညွန့်
**အယူခံတရားလို** **အယူခံတရားပြိုင်**

သို့

ဦးအောင်ကျော်ညွန့်(အရောင်းအဝယ်)

ကမတ ၃၁၅(ခ)၊ ကြက်မင်းတွန်ရပ်ကွက်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး

(ယခင်လိပ်စာ၊ ယခုလိပ်စာမသိ)နေ အယူခံတရားပြိုင်သိစေရမည်။

အယူခံတရားလိုက မိမိအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၅ ခုနှစ် တရားမအယူခံမှုအမှတ် ၆၄၀ တွင်ချမှတ်လိုက်သော ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၁ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီအပေါ်၌ အထူးအယူခံဝင်ခွင့်ကို တရားစီရင်ရေးဥပဒေပုဒ်မ ၁၉အရ ပေးပါမည့်အကြောင်း အထက်အမည်ပါ အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေက တင်သွင်း၍ အထူးအယူခံဝင်ခွင့်ပြုပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ လျှောက်လွှာနှင့်စပ်လျဉ်း၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စား သင်၏တရားလွှတ်တော်ရှေ့နေကဖြစ်စေ၊ သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားမတရားစီရင်ရေးဌာနလက်ထောက်ညွှန်ကြားရေးမှူးထံ ၂၀၁၈ ခုနှစ် ဇွန် ၄ရက် နံနက် ၁၀:၀၀နာရီတွင် ရုံးကချိန်းဆိုပြီးဖြစ်ကြောင်း အကြောင်းကြားပါသည်။

၂၀၁၈ ခုနှစ် မေ ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်သည်။

**(ဝင်းသိန်း)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
## ၂၀၁၈ ခုနှစ် တရားမအထူးအယူခံမှုအမှတ် ၃၃

ဒေါ်မြင့်မြင့်ကြည် **နှင့်** ဦးအောင်ကျော်ညွန့်
**အယူခံတရားလို** **အယူခံတရားပြိုင်**

သို့

ဦးအောင်ကျော်ညွန့်(အရောင်းအဝယ်)

ကမတ ၃၁၅(ခ)၊ ကြက်မင်းတွန်ရပ်ကွက်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး

(ယခင်လိပ်စာ၊ယခုလိပ်စာမသိ)နေ အယူခံတရားပြိုင်သိစေရမည်။

အယူခံတရားလိုက မိမိအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၅ ခုနှစ် တရားမအယူခံမှုအမှတ် ၆၈၇ တွင် ချမှတ်လိုက်သော ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၁ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီအပေါ်၌ အထူးအယူခံဝင်ခွင့်ကို တရားစီရင်ရေးဥပဒေပုဒ်မ ၁၉အရ ပေးပါမည့်အကြောင်း အထက်အမည်ပါ အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေက တင်သွင်း၍ အထူးအယူခံဝင်ခွင့်ပြုပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ လျှောက်လွှာနှင့်စပ်လျဉ်း၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စား သင်၏တရားလွှတ်တော်ရှေ့နေကဖြစ်စေ၊ သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားမတရားစီရင်ရေးဌာန လက်ထောက်ညွှန်ကြားရေးမှူးထံ ၂၀၁၈ ခုနှစ် ဇွန် ၄ရက် နံနက် ၁၀:၀၀နာရီတွင် ရုံးကချိန်းဆိုပြီးဖြစ်ကြောင်း အကြောင်းကြားပါသည်။

၂၀၁၈ ခုနှစ် မေ ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်သည်။

**(ဝင်းသိန်း)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## မြတ်တံခွန်စာသင်တိုက်
## သိမ်၊ ကျောင်း၊ ဓမ္မာရုံအလှူတော်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ ဗန္ဓုလပင်မှတ်တိုင်၊ လိပ်ပြာကန်တိုက်၊ မြတ်တံခွန်စာသင်တိုက်တွင် စာပေပရိယတ္တိသင်ကြားသော သံဃာတော်များ၊ သီတင်းသုံးနေထိုင်ရန် ယောဂီများ တရားအားထုတ်နိုင်ရန်(၈၀×၅၀ပေ)ရှိ သိမ်၊ ကျောင်း၊ ဓမ္မာရုံတော်ကြီးဆောက်လုပ်နေပါသည်။ အလှူရှင်များ ကမ္ဘည်းတင်၍ လှူဒါန်းနိုင်ပါသည်။

| | | |
|---|---|---|
| (၁) | သိမ် | (၅၀၀) သိန်း |
| (၂) | အာစီကြမ်းခင်း(၁)လွှာ | (၃၇၀) သိန်း |
| (၃) | ၁၀-ပေ(၁)ခန်း | (၁၀) သိန်း |
| (၄) | လှေကား(၁)စင်း | (၅) သိန်း |
| (၅) | တိုင်(၁)လုံး | (၃) သိန်း |
| (၆) | ပြတင်းတံခါး | (၃) သိန်း |
| (၇) | ကျောက်ပြားအခင်း(၁)ကျင်း | (၁)သိန်း(၅)သောင်း |

**အရှင်တေဇဝန္တ**
**ကျောင်းဖြစ်မြောက်ရေးအဖွဲ့**
**မြတ်တံခွန်စာသင်တိုက်**
**ဖုန်း-၀၉-၅၁၁၉၉၇၀၊ ၀၉-၇၃၁၄၇၁၄၃**
**(ရွှေဂုံတိုင်ကမ္ဘောဇဘဏ်) A/C No.00730104201919401**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ကလောရယ် ၂/လကန(နိုင်)၀၇၂၆၉၉၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ သုံးပင်ကွင်းရပ် မူလွန်(၁၁) ပထမတန်းမှ ဦးသန့်ဇင်ဦး၏သမီး မသန့်ဟေသာအား မအိန္ဒြေရှင်းသန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မအိန္ဒြေရှင်းသန့်**

## ဖခင်အမည်မှန်

ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ် အထက န၀မတန်း(D)မှ မောင်ဇေယျာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဦး ၇/ကတခ(နိုင်)၀၄၄၂၁၃ ဖြစ်ပါသည်။ **ဦးခင်မောင်ဦး**

## ဖခင်အမည်မှန်

အထက(၂)အင်းစိန်၊ သတ္တမတန်း(အောင်)မှ မခန့်ပိုပိုဦး၏ ဖခင်အမည်မှန်မှာ ဦးခိုင်ဝင်း ၁၂/မဂဒ(နိုင်)၀၉၂၃၁ ဖြစ်ပါကြောင်း။

**ဦးခိုင်ဝင်း**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ကျောက်မဲခရိုင်တရားမရုံးတော်၌
### ၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၉

ဒေါ်မြတ်ယုသောင်း **နှင့်** ၁။ ဦးအောင်မင်း
၂။ ဦးစိုးမြင့်
၃။ စိုင်းကိုကို

**တရားလို** **တရားပြိုင်များ**

ဦးစိုင်းကိုကို ရပ်ကွက်(၁)၊ လားရှိုးမြို့နေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ် တရားလိုဒေါ်မြတ်ယုသောင်းက စုစုပေါင်းနစ်နာမှုငွေကျပ် သိန်း ၂၀၀ ရလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် ဇွန် ၁၈ ရက် (၁၃၈၀ပြည့်နှစ် ပထမဝါဆိုလဆန်း ၆ ရက်) နံနက် ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းအထောက်အထားများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် မေ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(ဝေဝေလွင်)**

**ဒုတိယခရိုင်တရားသူကြီး**
**ကျောက်မဲခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ပျဉ်းမနားမြို့နယ်တရားရုံးတော်
### ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၃၂

ဦးအောင်ကိုကို **နှင့်** ဒေါ်ခိုင်ဇင်ထွန်း(ခ)ဒေါ်ခင်စောဝေ
**တရားလို** **တရားပြိုင်**

ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ ကျောက်ကျင်းရပ်၊ ၎ဝါလမ်း၊ အမှတ်(၁၀/၁၂)နေသူ ဒေါ်ခိုင်ဇင်ထွန်း(ခ)ဒေါ်ခင်စောဝေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအောင်ကိုကိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုအား လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ခုနှစ် ဇွန်၁၁ရက် (၁၃၈၀ပြည့်နှစ် နယုန်လပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရန်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် မေ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(ထားအိခိုင်)**

**တွဲဖက်မြို့နယ်တရားသူကြီး (၂)**
**ပျဉ်းမနားမြို့နယ်တရားရုံး**

## မော်လမြိုင်မြို့၊ ကျိုက်သုတ်စေတီတော်
## ဆေးပဋ္ဌာန်းပူဇော်ပွဲ ဂုဏ်ပြုမှတ်တမ်းတင်ခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၏ ကျက်သရေဆောင်၊ ဆံတော်ရှင်ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ (၁၃၂)ကြိမ်မြောက် ဆေးပဋ္ဌာန်းပူဇော်ပွဲကြီးကို ၁၃၇၉ခုနှစ် ဝါခေါင်လကွယ်နေ့ (၂၁-၈-၂၀၁၇)ရက်တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီးဖြစ်ပါသည်။

ဆေးပဋ္ဌာန်းပူဇော်ပွဲကြီးတွင် ဆေးအလှူငွေ (၄၅၂၃၀၄၃၀)ကျပ်နှင့် ဆေးပစ္စည်းတန်ဖိုးကျပ် (၂၈၀၁၂၂၇၅)၊ စုစုပေါင်း (၇၃၂၄၂၇၀၅)ကျပ် ကောက်ခံရရှိပြီး ပင့်ကျောင်း (၁၂၀)ကျောင်းနှင့် အရန်ကျောင်း (၄၅)ကျောင်း၊ စုစုပေါင်း ၁၆၅ ကျောင်းတို့အား တိုင်းရင်းဆေးနှင့် နိုင်ငံခြားဆေးများကို ကပ်လှူနိုင်ခဲ့ပါသည်။

ဆေးပဋ္ဌာန်းပူဇော်ပွဲကြီး ထိုကဲ့သို့အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီပေးကြသော မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝန်ကြီးများ၊ အတွင်းရေးမှူးနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ထမ်းများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မျိုးဝင်းနှင့်ဇနီး ဒေါ်ကြင်ဝေစီ၊ ဒုတိုင်းမှူးနှင့် အရာရှိအရာခံများ၊ မွန်ပြည်နယ် တရားရေးလွှတ်တော်၊ တရားသူကြီးချုပ်နှင့် ခရိုင်၊ မြို့နယ်တရားရေးဝန်ထမ်းမိသားစုများ၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မိသားစုများ၊ မော်လမြိုင်တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဘာသာရပ်ဆိုင်ရာ ပညာရေးမိသားစုများ၊ မွန်ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးနှင့် (၁၀)မြို့နယ် ပညာရေးမိသားစုများ၊ မော်လမြိုင်မြို့ပေါ်ရှိ အထက (၃) (၄) (၅) (၆) (၈) (၉)၊ သုခဝတီတိုးချဲ့ အထက(ခွဲ)နှင့် ကျိုက်မရောမြို့နယ် အရှေ့ဘက်ကမ်းနှင့်တရနာအထကမှ ပညာရေးမိသားစုများ၊ တောင်ကြီးမြို့မှ ဆရာမ ဒေါ်နန်းနော်စင့်နှင့် အလှူရှင်မိသားစုများ၊ ပြည်နယ်ဦးစီးမှူးနှင့် မွန်ပြည်နယ်တိုင်းရင်းဆေးမိသားစုများ၊ ရန်ကုန်မြို့မှ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ဆေးပစ္စည်းနှင့် ဆေးအလှူတော်ငွေများ ကောက်ခံပေးသော မော်လမြိုင်အသင်း(ရန်ကုန်)ဥက္ကဋ္ဌနှင့် အကျိုးဆောင်များအားလည်းကောင်း၊ ကျန်းမာရေးဝန်ကြီး ဗိုလ်ချုပ်ကက်စိန်(ငြိမ်း)နှင့် ဇနီးမိသားစုများအားလည်းကောင်း၊ ရန်ကုန်မြို့မှ နှစ်စဉ်တာဝန်ယူကောက်ခံပေးသော ဦးကျော်သူ-ဒေါ်လှဲ့လှဲ့ဝင်း(သူနာပြုဆရာမကြီး) မိသားစုအားလည်းကောင်း၊ နှစ်စဉ်တာဝန်ယူကောက်ခံပေးသော ပြည်မြို့မှ ဆရာဦးလှသန့်နှင့် အလှူရှင်များအားလည်းကောင်း၊ ဘီလူးကျွန်းမှ နှစ်စဉ်မပျက် အလှူငွေကောက်ခံပေးသော ရွာလွတ်ရွာမှ ကိုဇော်မင်းနှင့်ဇနီး မိသားစုအားလည်းကောင်း၊ မော်လမြိုင်မြို့မှ ဒေါ်နီနီဝင်းမိသားစု (ထွေ/ကု) ဆေးရုံကြီး မော်လမြိုင်အားလည်းကောင်း၊ ဧရာဝတီဘဏ်မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ CB ဘဏ်မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ဆေးပဋ္ဌာန်းပူဇော်ပွဲကြီးအတွက် အထူးတလည် အင်တိုက်အားတိုက်တာဝန်ယူကောက်ခံပေးသော ဒေါက်တာသိန်းဟန်ဦး၊ ဇနီး ဒေါက်တာခင်ကြေးမုံ (ရွှေအုန်းသီးဆေးတိုက်) မိသားစုမှတစ်ဆင့် ဆေးများနှင့် ဆေးအလှူတော်ငွေများ လှူဒါန်းပေးကြသော အောက်ဖော်ပြပါဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းရှင်ကြီးများအားလည်းကောင်း၊ ရန်ကုန်ဆေးတိုက်များမှ လှူဒါန်းသော ဆေးများကို ကိုယ်တိုင်ပါဝင်လှူဒါန်းပြီး ဆေးပဋ္ဌာန်းပွဲအမီ ကားဖြင့် နိဗ္ဗာန်ကူးတို့အလှူဖြင့် စီစဉ်ပေးပါသော ဦးသက်ဝင်းရွှေ ကချင်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းအားလည်းကောင်း အထူးပင်ကျေးဇူးတင် ဝမ်းမြောက်ပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

| | |
|---|---|
| ၁။ မုံရွာဆရာမိုးဆေးတိုက် | ၁၉။ ဒေဝယက္ခဆေးတိုက် |
| ၂။ ဆင်ခြောက်ကောင်ဆေးတိုက် | ၂၀။ ဦးအောင်မြင့် လူပုံတော်ပတ္တမြားဆေးတိုက် |
| ၃။ သားမင်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး | ၂၁။ မှန်ချိုဆေးတိုက် |
| ၄။ ရုပ်ပျိုတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး | ၂၂။ Zar & Zar Co.,LTD. |
| ၅။ ဒေါ်လွန်းမေ ဆေးတိုက် | ၂၃။ ဥက္ကလာဆေးတိုက် |
| ၆။ DR.San Lwin Trading LTD | ၂၄။ စိန်ဘယက်ဆေးတိုက် |
| ၇။ အာယုဒီဃ ဆေးတိုက် | ၂၅။ ကချင်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး |
| ၈။ ရွှေမြန်မာဆေးတိုက် | ၂၆။ ဆန္ဒမွန်ဆေးတိုက် |
| ၉။ ရွှေမန်းတောင်ဆေးတိုက် | ၂၇။ ရွှေယုန်မင်းဆေးဝါးထုတ်လုပ်ရေး |
| ၁၀။ အလင်းရောင်ဆေးတိုက် | ၂၈။ အောင်တံခွန်ဆေးဝါးထုတ်လုပ်ရေး |
| ၁၁။ ရွှေအုန်းသီးဆေးတိုက် | ၂၉။ မြဝတီတောင်ဆိတ်မင်းဆေးတိုက် |
| ၁၂။ ပြည်ကျော်အေးဆေးတိုက် | ၃၀။ ထွန်းရွှေဝါဆေးဝါးထုတ်လုပ်ရေး |
| ၁၃။ အေးကမ္ဘာဆေးတိုက် | ၃၁။ ဓမ္မသုခဆေးတိုက် |
| ၁၄။ တောင်ဆိတ်မင်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး | ၃၂။ နဂါးနိုင်ဆေးတိုက် |
| ၁၅။ သမားအိုဆေးတိုက် | ၃၃။ တို့အလုပ်သမားဖြေဆေးဆေးတိုက် |
| ၁၆။ ထက်လင်းဆေးဝါးထုတ်လုပ်ရေး | ၃၄။ ခြသေ့်ကိုးကောင်ဆေးတိုက် |
| ၁၇။ ရွှေကချင်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး | ၃၅။ ဒန္တာဆေးတိုက်၊ ပဲခူးမြို့။ |
| ၁၈။ ဦးစိုင်ဆိုင်းဘုရားသားကုမ္ပဏီ၊ ရန်ကုန်။ | ၃၆။ ရွှေမုဒိတာဆေးတိုက် |
| | ၃၇။ မင်းမေမေတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး |

**ဆံတော်ရှင်ကျိုက်သုတ်စေတီတော်**
**ဘဏ္ဍာထိန်းဂေါပကအဖွဲ့**

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 4D/6053 Toyota Candina ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဌေး ၉/ကပတ(နိုင်)၀၀၀၆၄၈၈ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ မြင်းခြံ**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ရေနံ့မ၊ အထကမှ သတ္တမတန်းအောင်မြင်ခဲ့သော မသက်ထားဝင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်သန်းဇော် ၈/မလန(နိုင်)၀၈၀၂၂၈ဖြစ်ပါကြောင်း။ **ဦးအောင်သန်းဇော်**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်၊ ဝမ်ပုံကျေးရွာအုပ်စု၊ ဝမ်ပုံကျေးရွာ၊ ကွင်းအမှတ် (၁၃)၊ ဦးပိုင်အမှတ်-N၊ ဧရိယာ ၀ ဒသမ ၂၂ဧကရှိ မြေကွက်အား တရားဝင်လက်ရှိ ပိုင်ဆိုင်ပြီး အကျိုးခံစားခွင့် လွှတ်လပ်စွာလွှဲပြောင်းရောင်းချခွင့်ရှိသည်ဟုအဆိုပြုသူ ဦးထွန်းအောင် ၁၃/ပလတ(နိုင်)၀၁၂၂၂၅ထံမှ ၁၅-၅-၂၀၁၈ ရက်တွင် ကျွန်ုပ်ဦးဇော်မြင့် ၁၃/ကတန(နိုင်)၀၈၇၁၈၉မှဝယ်ယူရန် သဘောတူညီပြီး တရားနည်းလမ်းတကျ စာချုပ်စာတမ်းများဖြင့်ချုပ်ဆို၍ မြေကွက်၏ စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ယခုကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်-**
**ဦးဇော်မြင့် ၁၃/ကတန(နိုင်)၀၈၇၁၈၉**
**ဟိုနားစောမွန်(ရှမ်း)ရွာ၊ မိုင်းဖြတ်အုပ်စု၊ မိုင်းဖြတ်မြို့**
**ဖုန်း-၀၉-၄၂၈၂၁၂၂၀၀**

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးတင်မြင့် (ပဲခူးယ်ကုန်း)

### (ဇောတိက ဆီစက်၊ ဆန်စက်)

### အသက်(၈၁)နှစ်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး-ဒေါ်မိုးစန္ဒာမြင့်တို့၏ဖခင် ဦးတင်မြင့် အသက်(၈၁)နှစ်သည် ၁၇-၅-၂၀၁၈ ရက် (ကြာသပတေးနေ့) နံနက် ၉း၁၀နာရီတွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်မြောက်ရပ်ကွက်၊ ရေတမာလမ်း၊ ခြံအမှတ်(၄)နေအိမ်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်**

---

ခရစ်တော်၌အိပ်ပျော်ခြင်း

**Dr, Samuel Song Za Tual**

**(Medical Superitendent) ဆေးရုံအုပ်ကြီး(ငြိမ်း)**

**အသက်(၈၉)နှစ်**

ချင်းပြည်နယ်၊ တီးတိန်မြို့၊ စကောလမ်းရပ်ကွက်နေ (Pu Thang Lang-Pi Niang Uap)တို့၏သား၊ တီးတိန်မြို့နယ်၊ လိုင်လိုးကျေးရွာနေ (Pi Dim Khawl-Pu Cin Za Khup)တို့၏မောင်၊ တီးတိန်မြို့၊ စကောလမ်းရပ်ကွက်နေ(Pu Suan Do-Pi Niang Hau)Pi Man Suan Niangတို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၄)ရပ်ကွက်၊ ပျဉ်းမမြိုင်လမ်း၊ အမှတ် ၈၀၂နေ Pi Zel Ngaih Niang ၏ချစ်လှစွာသောခင်ပွန်း၊ (Tg, Lang Za Nawl)၊ Lia Uap Khan Lun, Pa Cin Lam Mang-Nu Cin Khan Ciin, Pa Do Khan Kam-Nu Pau Nuam Cing, Pa Vum Za Cin-ဒေါ်စန်းကိုင်မရန်၊ Lia Niang Khat Man တို့၏ချစ်လှစွာသောဖခင်၊ Tg, Tual Khan Taang, Tg, Lian Sian Suang, Lia Niang San Nuam, Tg,Tual Lam Thang, Tg,Moses Cin တို့၏အဘိုးသည် ၁၆-၅-၂၀၁၈ရက် ညနေ ၆း၂၀နာရီတွင် SSC ဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၁-၅-၂၀၁၈ရက်(တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (မြေနီကုန်း ဖာတီမာဘုရားကျောင်း၊ မဟာဗန္ဓုလပန်းခြံလမ်း ဇမာန္တေလဘုရားကျောင်းနှင့် ယုဇန ပိတောက်ကွေ့မှတ်တိုင်တို့မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

စန္ဒရားဆရာကြီး

**ဦးဝင်းမောင် (ဝါးခယ်မ)**

**(မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် ဝါးခယ်မအသင်းကန်တော့ခံပုဂ္ဂိုလ်)**

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ ၂လမ်း၊ အမှတ် (၂၅၆-A-2)နေ (ဦးဘသင်-ဒေါ်သန်းကြည်)တို့၏သား၊ (ဒေါ်သန်းငွေ)၏ခင်ပွန်း၊ (ဗိုလ်ကြီးသန်းရှိန်)-ဒေါ်အေးကြည်တို့၏ညီမောင်၊ (ဦးညွန့်တင်-ဒေါ်စောမြင့်)၊ (ဦးထွန်းအုံ-ဒေါ်စောငြိမ်း)၊ (ဦးခင်မောင်ဝင်း)-ဒေါ်ခင်မာကြည်၊ ဝါးခယ်မဦးရဲမောင်-(ဒေါ်ကြည်သိန်း)တို့၏အစ်ကို၊ သားသမီး ကိုးယောက်၊ မြေး ၂၆ယောက်၊ မြစ် ၁၄ ယောက်တို့၏အဘိုးသည်၁၈-၅-၂၀၁၈ ရက်(သောကြာနေ့)နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၈ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၅-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးတင်မြင့်

### (ဇောတိက ဆီစက်/ဆန်စက်)

### အသက်(၈၁)နှစ်

၁၇-၅-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၉း၁၀နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သုံးလူ့ရန်အောင်စေတီတော်ဂေါပကအဖွဲ့**
**ပဲခူးယ်ကုန်းမြို့**
**ငမော့တော့သုသာန်ကြီးကြပ်ရေးကော်မတီ**
**ပဲခူးယ်ကုန်းမြို့**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်စောလှ

### အသက်(၈၀)

အမှတ်(၂)မော်တော်ယာဉ်တပ်ရင်းမှ ဗိုလ်မှူးသိန်းလွင်၊ ဒေါ်မြမြစိုးတို့၏ မိခင်ဖြစ်သူ ဒေါ်စောလှ အသက်(၈၀)သည် ၉-၅-၂၀၁၈ရက် ည ၇နာရီတွင် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗသက(၉၇)**
**သူငယ်ချင်းများနှင့် မိသားစုများ**

---

## ဦးဝင်းမြင့် အသက်(၆၁)နှစ်

**(ဦးစီးအရာရှိ-ငြိမ်း၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ပုဇွန်တောင်မြို့နယ်)**

ရန်ကုန်မြို့၊ ကွမ်းခြံကုန်းမြို့နေ (ဦးထွန်းလွင်)-ဒေါ်ခင်သန်းတို့၏သား၊ ရန်ကုန်မြို့နေ (ဦးသိန်းမောင်)-ဒေါ်သန်းသန်းတို့၏သားသမက်၊ ဒေါ်သစ်သစ် (အထက်တန်းပြ၊ အထက-၅၊ ကမာရွတ်၊ ငြိမ်း)၏မောင်၊ ဒေါ်မိမိ(ခ)ဒေါ်နီလာ (စာကြည့်တိုက်မှူး၊ မြန်မာနိုင်ငံကုန်သွယ်ရေးကြောင်းကောလိပ်)၊ ငယ်ငယ်၊ ဖြူဖြူတို့၏အစ်ကို၊ ကိုထိန်လင်းဦး-မမေဇင်ဝင်းမြင့်(ပုကျူ)တို့၏ ချစ်လှစွာသောဖခင်၊ ရှင်မေဦး(ကွတ်ကီး)၏အဘိုး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ ရတနာမွန်အိမ်ရာ၊ တိုက်အမှတ် ၃-ဘီ၊ အခန်းအမှတ်(၄၀၅)နေ ဒေါ်စိုးစိုး(အထက-၁၊ ကမာရွတ်၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်းသည် ၁၇-၅-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၅-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဗိုလ်ကြီးဇော်ဝင်း(ငြိမ်း)

### အသက်(၅၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံ၊ ဝါယာလက်နေ (ဦးလှအောင်-ဒေါ်တင်ရီ)တို့၏သား၊ ရဲမှူးကြီးလှမိုး(ငြိမ်း)-ဒေါ်အေးအေးသွင်၊ ဒေါ်ငွေငွေမြင့်၊ ဦးအောင်မိုး-ဒေါ်အေးအေးမြင့်တို့၏မောင်၊ ဦးမောင်မြင့်-ဒေါ်အေးအေးသင်း၊ ဒေါ်ယုယုမော်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆) ရပ်ကွက်၊ မိုးမခ ၁လမ်း၊ အမှတ် ၁၁၅၂နေ ဒေါ်ခင်လှမွှေး၏ခင်ပွန်း၊ မသုသုဝေ (အာရုတော်ဝင်)၊ မောင်ကောင်းမွန်မြတ်တို့၏ဖခင်သည် ၁၇-၅-၂၀၁၈ရက် (ကြာသပတေးနေ့) ည ၇း၄၅နာရီတွင် တဆရ(၂)(၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၁၈ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ရှုလွမ် (မော်လမြိုင်)**

**အသက်(၈၉)နှစ်**

မော်လမြိုင်မြို့နေ (ဦးရာဟို-ဒေါ်အေးကြွေ)တို့၏သမီး၊ (ဦးချိန်ကျို)၏ဇနီး၊ ရန်ကုန်မြို့နေ ဒေါ်ဝင်းဝင်းနွယ်၊ နယ်သာလန်နိုင်ငံ၊ ပူးမားရင်းမြို့နေ ဦးမောင်မောင်လွင် - ဒေါ်ခင်ခင်နွယ်၊ မော်လမြိုင်မြို့နေ ဦးသက်ဝင်း-ဒေါ်ခင်အေးသိန်း၊ရန်ကုန်မြို့နေ ဦးသက်လင်း-ဒေါ်ခင်ခင်နွယ်၊ ဒေါက်တာတင်ဦး (ပါမောက္ခ/ဌာနမှူး၊ စိတ်ကျန်းမာပညာဌာန၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)၊ ဦးမြင့်ကျော်(ကောင်စီဝင်၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ)-ဒေါ်အိမ့်ခိုင်ဦး(ဘီဘီစီမြန်မာပိုင်း)တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ် လေးယောက်တို့၏အဘွားသည် ၁၇-၅-၂၀၁၈ရက် ညနေ ၅း၂၃နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၁၈ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(ရန်ကုန်မြို့၊ ဘိုကလေးဈေးလမ်း၊ အမှတ် ၁၃၈ နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်ထွန်း

**Chief Cook**

**(C.S.L Shipping)**

**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ ကမာလမ်း၊ အမှတ် ၆၈/၁နေ(ဦးအောင်ဝင်း)-ဒေါ်တင်ရီတို့၏ ချစ်လှစွာသောသားကြီး၊ မမြမြဝင်း (MIP)၏မောင်၊ မစပယ်၊ ကိုအောင်ကျော်ဦး (C.S.L) Shipping၊ မဖြူဖြူဝင်း၊ ဦးအောင်မျိုးဦး-မသူဇာဝင်း(USA)၊ မဥမ္မာအောင် (UNO)၊ ကိုသန့်ဇော်မင်း-မအေးမိစံ (USKBZ)တို့၏ ချစ်လှစွာသောအစ်ကိုကြီးသည် ၁၈-၅-၂၀၁၈ရက် နံနက် ၇း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၈ရက်တွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်အချိန်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးတင်မြင့် (ပဲခူးယ်ကုန်း)**

**(ဇောတိက ဆီစက်၊ ဆန်စက်)**

**အသက်(၈၁)နှစ်**

မန္တလေးမြို့နေ(ဦးရီ-ဒေါ်သိန်းတင်)တို့၏သားလတ်၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးယ်ကုန်းမြို့နေ ဒေါ်ညွန့်ရင်၏ခင်ပွန်း၊ မန္တလေးမြို့နေ (ဦးအေးကြည်)-ဒေါ်ခင်စော၊ ဒေါ်တင်ကြည်၊ ဦးခင်မောင်အေး-ဒေါ်ခင်ပုတို့၏ညီ/မောင်၊ ပဲခူးယ်ကုန်းမြို့နေ (ဦးမိုးဇော်မြင့်)-ဒေါ်နီနီစန်း (သဇင်စတိုး)၊ ဦးမြင့်ထွေး (ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)-ဒေါ်မိုးစန္ဒာမြင့်၊ ဦးမိုးကျော်စွာမြင့်(ဇောတိက ဆီစက်၊ ဆန်စက်)-ဒေါ်သင်းသင်းအောင်၊ ဒေါ်မိုးသော်တာမြင့်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၇-၅-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၉း၁၀နာရီတွင် စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်မြောက်ရပ်ကွက်၊ ရေတမာလမ်း၊ ခြံအမှတ်(၄) နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၁၈ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး အရိုးပြာအိုးကို ပဲခူးယ်ကုန်းမြို့ ငမော့တော့သုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၅-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည် ဖြစ်ပါသဖြင့် ခြံအမှတ်(၄)၊ ရေတမာလမ်း၊ ဝေဠုဝန်(မြောက်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေအိမ်သို့ ကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး-ဒေါ်မိုးစန္ဒာမြင့်တို့၏ဖခင် ဦးတင်မြင့်(ပဲခူးယ်ကုန်း) အသက်(၈၁)နှစ်သည် ၁၇-၅-၂၀၁၈ရက်တွင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊**
**MNL ကလပ်အသင်းပိုင်ရှင်များ၊ CEO နှင့်ဝန်ထမ်းများ၊**
**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်**

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## သိက္ခာတော်ရ ဆရာကြီးဦးအောင်တင်(ခ)ကိုပါလေး

**ပြန်/သံ(ငြိမ်း)**

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ် ၅၈နေ (ဦးအောင်ဇံ-ဒေါ်စိန်ခင်)တို့၏သား၊ (ဒေါ်ဒေါရစ်အောင်ဇံ)၊ (ဦးပါကြီး)၊ (ဒေါ်အဲလ်လစ်)၊ (ဒေါ်မရီးနာ)၊ (ဒေါ်ဂရေ့အောင်ဇံ)တို့၏မောင်၊ (ဒေါ်မာဂရက်)၏အစ်ကို၊ဒေါ်လှခင်(ခ)နာကော(ကျိုင်းတုံ-ဖားရုံလိုးရွာ)၏ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်တင်တင်လှ)၊ ဒေါ်ယဉ်ယဉ်လှ-(ဦးတင်မောင်လွင်)တို့၏ဖခင်၊ မောင်ကောင်းထက်တင်၊ မောင်ရဲထက်တင်တို့၏အဘိုးသည် ၁၇-၅-၂၀၁၈ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁၂း၀၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၉-၅-၂၀၁၈ရက် (စနေနေ့)နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (နေအိမ်နှင့် ဒဂုံမြို့သစ် နှစ်ခြင်းအသင်းတော်မှ ကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၅-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ဒဂုံမြို့သစ်နှစ်ခြင်းအသင်းတော်၊ အမှတ် ၁၀၃၉၊ ပြည်ထောင်စုလမ်းမကြီး၊ (၄၅) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆လမ်းဆုံမီးပွိုင့်အနီး) အောက်မေ့ဖွယ်ဝတ်ပြုဆုတောင်းပွဲသို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြမြ (လှည်းကူး၊ ရှမ်းရွာ)

### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သုခလမ်း၊ အမှတ် ၄၆နေ ဦးထွန်းရွှေ(ကြေးမုံသတင်းစာတိုက်၊ ငြိမ်း)၏ဇနီး၊ (ဦးကျော်ကျော်မိုး)-ဒေါ်ချိုချိုမာ၊ ဦးကျော်ကျော်ဝင်း-ဒေါ်ရင်ရင်ကြည်၊ ဦးထွန်းလင်းနိုင်-ဒေါ်ဝင်းမာကျော်တို့၏ချစ်လှစွာသောမိခင်၊ မောင်သူရ၏အဘွားသည် ၁၇-၅-၂၀၁၈ ရက်(ကြာသပတေးနေ့)ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၁၈ရက် (စနေနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၅-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးသောင်းဦး

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ နိုင်ငံခြားရေးဝန်ကြီးဌာန**

**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွှန့်လမ်း၊ အမှတ် ၆၁နေ ဦးခင်မောင်သောင်း(မိုးမိုးတာရော့စ်)-(ဒေါ်ခင်အုန်းရီ)တို့၏သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မေခလမ်း၊ အမှတ် ၁၆(ဘီ)နေ နိုင်ငံတော်သမ္မတ(ငြိမ်း)(ဒေါက်တာမောင်မောင်)-ဒေါ်ခင်မြင့်တို့၏သားသမက်၊ ဒေါ်ယဉ်ယဉ်ဦး၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်သူ၏ညီ၊ (ဗိုလ်မှူးအောင်နိုင်)၊ ဒေါ်ယဉ်ယဉ်အေး၊ ဦးဝင်းမောင်၊ ဒေါ်ခင်သီတာ၊ ဒေါ်ခင်စန္ဒာတို့၏အစ်ကို၊ တူ/တူမ ၁၁ယောက်တို့၏ဘကြီး၊ မြေးငါးယောက်တို့၏ဘိုးလေးသည် ၁၇-၅-၂၀၁၈ရက် (ကြာသပတေးနေ့)ည ၁၁း၃၅နာရီတွင် ဂရင်းဟဲသာဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၁၈ရက် (စနေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

## ဦးသောင်းဦး

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ နိုင်ငံခြားရေးဝန်ကြီးဌာန**

**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွှန့်လမ်း၊ အမှတ် ၆၁နေ ဦးခင်မောင်သောင်း(မိုးမိုးတာရော့စ်)-(ဒေါ်ခင်အုန်းရီ)တို့၏သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မေခလမ်း၊ အမှတ် ၁၆(ဘီ)နေ နိုင်ငံတော်သမ္မတ(ငြိမ်း)(ဒေါက်တာမောင်မောင်)-ဒေါ်ခင်မြင့်တို့၏သားသမက်၊ ဒေါ်ယဉ်ယဉ်ဦး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသောင်းထိုက်-ဒေါ်အယ်လ်ခွန်းရီ၊ ဒေါက်တာသောင်းတန်-ဒေါ်သျှင်သန်း၊ ဦးအုန်းကျော်-ဒေါ်ခင်စိုးစိုးရီ၊ (ဦးသောင်းထွန်း)၊ (ဦးသောင်းနိုင်)-ဒေါ်ခင်ခင်ထွေးတို့၏အစ်ကို၊ တူ/တူမ ကိုးယောက်တို့၏ဘကြီး၊ မြေး ၁၀ ယောက်တို့၏အဘိုးသည် ၁၇-၅-၂၀၁၈ရက်(ကြာသပတေးနေ့)ည ၁၁း၃၅နာရီတွင် ဂရင်းဟဲသာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၁၈ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဘဒ္ဒန္တစန္ဒောဘာသ**

**အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ**

**ဝိနယပရိယတ္တိသာသနာ့ဟိတရေ**

**တိုင်းသံဃာ့နာယကအဖွဲ့ ဩဝါဒါစရိယ**

**ကျိုက်ခေါက်စေတီ ဩဝါဒါစရိယ**

**သုဓမ္မဝိနည်းဓိုပဝါရဏာဂိုဏ်း ဥက္ကဋ္ဌ**

**သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ပဲခူးစုရပ်ကွက်၊ ရုံးတော်ရပ်၊ ကြပ်တွင်းအရှေ့ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ဘဒ္ဒန္တစန္ဒောဘာသ မဟာထေရ်သည် (၁၃၈၀ပြည့်နှစ် နယုန်လဆန်း ၄ရက်) ၁၈-၅-၂၀၁၈ရက် (သောကြာနေ့) နံနက် ၁၁း၂၆နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇ ရုပ်ကလာပ်တော်ကို(၁၃၈၀ပြည့်နှစ် နယုန်လဆန်း ၁၃ရက်) ၂၇-၅-၂၀၁၈ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် သန်လျင် အမိုးနီသုသာန်၌ အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ အန္တိမအဂ္ဂိစျာပနသဘင်ကျင်းပရေးကော်မတီ

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဥူးခေမာနန္ဒ(ခ)ဦးခင်မောင်**

**မေတ္တာအေးမဟာစည်သာသနာ့ရိပ်သာ**

**ရုံးအုပ်ကြီး(ငြိမ်း)၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန**

**သက်တော်(၇၆)နှစ်၊ သိက္ခာတော်(၉)ဝါ**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သပြုကျေးရွာနေ(ဦးတီ-ဒေါ်မှတ်)တို့၏သား၊ ရန်ကုန်မြို့နေ ဒေါ်စောရီ၏ခင်ပွန်း၊ ဦးငွေအောင်-ဒေါ်ရီရီမာ၊ ဦးအောင်ဇော်နိုင်-ဒေါ်စိုးသီတာတို့၏ဖခင်၊ မောင်ကောင်းမြတ်ဖြိုး၊ မနှစ်ဦးခင်၊ မောင်နောင်ထွန်းလွင်တို့၏အဘိုးသည်(၁၃၈၀ပြည့်နှစ် နယုန်လဆန်း ၄ရက်)၁၈-၅-၂၀၁၈ရက်(သောကြာနေ့) ၁း၂၅နာရီတွင်ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၂၀-၅-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည် ဖြစ်ပါ ကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။(မေတ္တာအေး မဟာစည်နှင့် သာသနာ့ရိပ်သာကျောင်းမှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသောင်းဦး အသက်(၆၈)နှစ်**

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ နိုင်ငံခြားရေးဝန်ကြီးဌာန**

ဒေါ်ယဉ်ယဉ်ဦး(ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၏ခင်ပွန်းဖြစ်သူ ဦးသောင်းဦး(ညွှန်ကြားရေးမှူး-ငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန)သည် ၁၇-၅-၂၀၁၈ရက် (ကြာသပတေးနေ့) ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်**
**နိုင်ငံခြားရေး/အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး**
**ဝန်ထမ်းမိသားစုများ**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

**ဆရာမကြီးဒေါ်အေး (ငြိမ်း)**

**အထက(၂)စစ်ကိုင်း**

**အသက်(၁၀၃)နှစ်**

မိတ္ထီလာမြို့၊ အောင်ဇေယျာရပ်ကွက်၊ နယ်မြေ(၈)၊ အမှတ် ၆၂၃နေ (ဦးလှမြင့်)-ဒေါ်ကြည်ကြည်သိန်းတို့၏အဒေါ်၊ စစ်ကိုင်းမြို့၊ မင်းလမ်း၊ ပွဲဆိပ်ရပ်၊ ကမ်းနားလမ်းနေ (ဦးတင်ညွှန့်-ဒေါ်အုန်းခင်)တို့၏အစ်မ၊ (ဦးငြိမ်း-ဒေါ်စောမီ)တို့၏သမီး၊ စစ်ကိုင်းမြို့၊ အထက(၂)ဆရာမကြီးဒေါ်အေး(ငြိမ်း)သည် ၁၈-၅-၂၀၁၈ရက် မွန်းလွဲ ၁၂း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် မိတ္ထီလာမြို့ မြင်တော်ကန်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ရဟန်း ဒါယိကာမကြီး

**ဒေါ်သန်းသန်း (ထားဝယ်)**

**အသက်(၉၂)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နေ (ဦးကြည်ခင်-ဒေါ်ဖွားကြည်)တို့၏သမီး၊ [ဦးဘိုးအေး-ဒေါ်လေးရင်(ဇော်ဂျီနှစ်ပါးဆေးတိုက်)]တို့၏သမီးချေးမ၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ သိဒ္ဓိလမ်း၊ အမှတ်(၁/က)နေ (ဦးဖေအောင်)၏ဇနီး၊[ဦးခင်မောင်ကျော်-ဒေါ်ခင်ကြွယ် (ပပဝတီ ဂါဝန်ဆိုင်၊ ပုဇွန်တောင်ဈေး)]တို့၏အစ်မ၊ ဒေါ်ချယ်ရီ(ခ)ဒေါ်ခင်စက်မေ၊ ဦးမောင်မောင်-ဒေါ်ခင်ချိုဝင်းမာ(မချို)၊ ဦးညီညီအောင်-ဒေါ်စန်းစန်းဝင်း၊ ဦးဘိုဘို(ခ)ဦးဇော်ဝင်း(DGM CB Bank)-ဒေါ်ယဉ်ယဉ်ငွေ(DGM SMIDB) တို့၏မိခင်၊ ဒေါ်စန်းစန်းမြင့်၊ ဦးအောင်ကျော်မြင့်-ဒေါ်အိဖြူ၊ ဦးအောင်ကျော်စိုးတို့၏အဒေါ်၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၁၆-၅-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ည ၈နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၅-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ တောင်လုံးပြန်ရပ်ကွက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

**ဦးစိုးနိုင် (မိတ္ထီလာ)**

**အသက်(၆၈)နှစ်**

မိတ္ထီလာမြို့၊ ပထမ(၄)၊ လမ်းမတော်နေ (ဦးသိန်းလှ-ဒေါ်ခင်ကြည်)တို့၏သား၊ ဒေါ်တင်တင်မြ(ပခထ-ပင်စင်)၊ (ဒေါ်ခင်သန်းနု)၊ ဒေါ်ခင်သန်းဝင်း (ကုန်သည်၊ တောင်ကြီး)၊ ဒုရဲအုပ်အေးကျော်(မန္တလေးတိုင်းအကူတပ်ခွဲ)-ဒေါ်ဝင်းဝင်းကြည်၊ ဦးလှအောင်-ဒေါ်သီတာအေးမင်း(မော်လမြိုင်)၊ ဦးစိုင်းထွန်းညို (လက်ထောက်အတွင်းဝန်၊ နယ်စပ်ရေးရာဝန်ကြီးဌာန)-ဒေါ်ရွှေဝါအောင်၊ ဒေါ်ကြည်ကြည်စိုး(Victoria Computer Centre, တောင်ကြီး)တို့၏အစ်ကို၊ မိတ္ထီလာမြို့၊ ထီလာဦးရပ်ကွက်နေ ဒေါ်ဟွမ်တုံ(ကျွမ်းကျင်အဆင့်-၄၊ တပ်မတော် ချည်မျှင်နှင့်အထည်စက်ရုံ၊မိတ္ထီလာ)၏ချစ်လှစွာသောခင်ပွန်း၊ တူ၊ တူမလေးယောက်တို့၏ဦးကြီးသည် ၁၆-၅-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂း၄၅နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၈ရက်တွင် ကွေ့ကြီးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# တွန်းဇံမြို့သဘာဝဘေးဒဏ်ခံဘက်စုံသုံးအဆောက်အအုံတည်ဆောက်မှု ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှု

## တီးတိန်- တွန်းဇံ- ကျီခါးလမ်း၊ ဟားခါး- မတူပီလမ်း၊ မတူပီ- ပလက်ဝလမ်းတို့၏ မိုင် ၃၀ စီကို ၁၈ ပေကျယ် ကွန်ကရစ်လမ်းနှင့် ၁၂ ပေကျယ် ကတ္တရာလမ်းသစ်များ ဆောင်ရွက်သွားမည်




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တွန်းဇံမြို့သဘာဝဘေးဒဏ်ခံ ဘက်စုံသုံးအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းခွင်၌ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

**တီးတိန် မေ ၁၈**

ချင်းပြည်နယ် တွန်းဇံမြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ဗိုလ်ချုပ်သန်းထွဋ်နှင့် ဦးစိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ မေ ၁၇ ရက်တွင် တွန်းဇံမြို့နှင့် ကျီခါးမြို့နယ်များအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုသည်။

နံနက်ပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တွန်းဇံမြို့ သဘာဝဘေးဒဏ်ခံ ဘက်စုံသုံးအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ စစ်ဆေးစဉ် ဒုတိယသမ္မတက သဘာဝဘေးဒဏ်ခံ ဘက်စုံသုံးအဆောက်အအုံများဆောက်လုပ်ရာတွင် အဆောက်အအုံပုံစံအား ဒေသနှင့်ကိုက်ညီပြီး ဒေသခံပြည်သူများအတွက် ထိရောက်အကျိုးရှိသည့်ပုံစံဖြစ်အောင် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ နှင့်အဖွဲ့ဝင်များသည် ကျီခါးမြို့သို့ရောက်ရှိရာ ဒေသခံပြည်သူများက ရိုးရာဓလေ့အတိုင်း ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် ကျီခါးမြို့ ခဲင်မန်းကျေးရွာသို့ရောက်ရှိရာ ဒေသခံပြည်သူများက ရိုးရာဓလေ့အတိုင်း ဂုဏ်ပြုကြိုဆိုကြပြီး ဒုတိယသမ္မတ နှင့်အဖွဲ့ဝင်များသည် ဒေသဖွံ့ဖြိုးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁*

# မြန်မာ့လက်ရွေးစင်အသင်း အားကစားသမား ၂၂ ဦးဖြင့် ဖွဲ့စည်း

ရန်ကုန် မေ ၁၈

**မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်သစ် အန်တွမ်နီဟေးသည် တရုတ်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားရန် ကစားသမား ၂၂ ဦး ရွေးချယ်လိုက်သည်။**



မြန်မာ့လက်ရွေးစင်အသင်းတွင် ပါဝင်လာသည့် ကျော်ဇင်ဦး။

မြန်မာ့လက်ရွေးစင် အသင်းကို ယင်းခြေစမ်းပွဲအတွက်သာ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး မေ ၂၁ ရက်တွင် စခန်းဝင်လေ့ကျင့်မှုပြုလုပ်မည် ဖြစ်သည်။ ပြည်တွင်းလိဂ်ပြိုင်ပွဲဖြစ်သည့် ၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ ကို မေ ၁၉ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်ရာ မြန်မာ့လက်ရွေးစင်အသင်းသည် တရုတ်အသင်းနှင့် ခြေစမ်းပွဲအတွက် ရက်ပိုင်းသာပြင်ဆင်ချိန်ရရှိမည် ဖြစ်သည်။ ယခုဖွဲ့စည်းလိုက်သည့် မြန်မာ့လက်ရွေးစင်အသင်းတွင် အသင်းခေါင်းဆောင်ရန်အောင်ကျော်အပါအဝင် တင်ဝင်းအောင်၊ ကြည်လင်းတို့ ရွေးချယ်ခံရခြင်းမရှိဘဲ ဝေယံဦး (မြဝတီ)၊

*စာမျက်နှာ ၁၂ ကော်လံ ၅*




# မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး မော်လမြိုင်မြို့၌ ကျင်းပမည်

**ရန်ကုန် မေ ၁၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီးLethwei Nation နှင့် H & S Group တို့ ပူးပေါင်းစီစဉ်သော Lethwei Nation Fight- 4 မြန်မာ- ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို လာမည့် မေ ၂၇ ရက် မွန်းလွဲ ၂ နာရီတွင် မော်လမြိုင်မြို့ပြည်နယ်အားကစားရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

“ ကျွန်တော်တို့ Lethwei Nation အနေနဲ့ ရိုးရာလက်ဝှေ့ ကျင်းပတာ ဒီပွဲနဲ့ဆိုလေးပွဲရှိပါပြီ၊ ဒီနှစ်အတွင်းမှာ စုစုပေါင်းခြောက်ပွဲအထိလုပ်ဖို့ ရည်ရွယ်ထားပါတယ်၊ အဲဒီခြောက်ပွဲမှာ ဒီပွဲကပထမဆုံးပွဲပေါ့၊ အားလုံးနိုင်ငံတကာစိန်ခေါ်ပွဲချည်းလုပ်မှာပါ၊

*စာမျက်နှာ ၇ ကော်လံ ၁*

ကျောက်ကပ်သွေးသန့်စင်ဌာန (HAEMODIALYSIS CENTER)

GREEN. GRAND. CARE FOR THE PEOPLE
GRAND HANTHA
INTERNATIONAL HOSPITAL

ဂရန်း(ဒ်)ဟံသာ ကျောက်ကပ်သွေးသန့်စင်ဌာနတွင်

နောက်ဆုံးပေါ်နည်းပညာဖြင့် ထုတ်လုပ်ထားသော ကျောက်ကပ်သွေးသန့်စင်စက်များ၊ Double RO (Reverse Osmosis) System နှင့် အာရှပစိဖိတ်ဒေသတွင် CDS (Concentrate Delivery System) ကို ပထမဆုံး တပ်ဆင်ထားသော Grand Hantha Haemodialysis Center ကို စတင် ဖွင့်လှစ်နေပါပြီ။




အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၂၃၀၀၀၊ ၀၁ ၅၂၃၁၁၁၊ ၀၁ ၅၂၃၂၂၂